
# တပ်မတော်ထောက်လှမ်းရေးအရာရှိများ

## နှင့် တွေ့ဆုံခြင်း

အွန်လိုင်းဝတ္တ







# တပ်မတော်ထောက်လှမ်းရေးအရာရှိများ နှင့်
## တွေ့ဆုံခြင်း

## အွန်လိုင်းဝတ္ထု

The SPEAKER news journal

အမှတ်(၅)၊ ပုညဝဏ္ဏလမ်း၊ မလှကန်းငွေးကြယ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၈၇၅၇၀၄၄၉၁
email - thespeakernewsjournal@gmail.com

**ပုံနှိပ်မှတ်တမ်း**
တပ်မတော်ထောက်လှမ်းရေးအရာရှိများနှင့်
တွေ့ဆုံခြင်း
အွန်လိုင်းဝဏ္ဏ
ပထမအကြိမ်၊ မတ်၊ ၂၀၁၉။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၃၀၀၀ ကျပ်

**ပုံနှိပ်မှတ်တမ်း** – ရွှက်စိမ်းစာပေ (၀၀၀၄၇) အမှတ်(၄၃–အေ)၊ မြေညီထပ်၊ ၄ လမ်း၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့်အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀) အမှတ် (၄၆)၊ ၄၆ လမ်း ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးဓာတ်ပုံများ** – ဇော်မင်းနိုင်(ဒီဗွီယင်း) **ဒီဇိုင်းအပြင်အဆင်** – မျိုးမင်း

# မာတိကာ


| | | |
|---|---|---|
| | ဦးဝင်းထိန် အမှာစာ | ၇ |
| | မင်းဇင် အမှာစာ | ၁၁ |
| ၁။ | ဘူးသီးတောင်၊ မောင်တော နယ်စပ်ဒေသ<br>ကွပ်ကဲမှုဌာနချုပ် (န.စ.က) ကွပ်ကဲရေးမှူး၊<br>သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ဗိုလ်မှူးကြီး<br>သက်ထွင်း (ငြိမ်း)နှင့် တွေ့ဆုံခြင်း အပိုင်း (၁) | ၂၃ |
| ၂။ | ဗိုလ်မှူးကြီးသက်ထွင်း(ငြိမ်း)နှင့်တွေ့ဆုံခြင်း အပိုင်း (၂) | ၃၉ |
| ၃။ | အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး၏<br>ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဘအေး<br>**BC** – ၂၁၅၃၂ (ငြိမ်း) နှင့် တွေ့ဆုံခြင်း | ၅၇ |
| ၄။ | ဒုတိယတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး<br>ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း) နှင့် တွေ့ဆုံခြင်း | ၇၇ |
| ၅။ | ဘူးသီးတောင် ထောက်လှမ်းရေး (၁၈)<br>တပ်မှူးဟောင်း ဗိုလ်မှူးဝင်းမြင့်<br>( **D.S.A** – ၂၂) နှင့် တွေ့ဆုံခြင်း | ၈၉ |
| ၆။ | စစ်တွေ ထောက်လှမ်းရေး(၁၀) တပ်မှူးဟောင်း<br>ဗိုလ်မှူးဝင်းမောင်မောင် နှင့် တွေ့ဆုံခြင်း | ၁၀၇ |

## ဦးဝင်းထိန် အမှာစာ

ထူးထူးခြားခြား ကိုဝဏ္ဏက သူ့စာအုပ်အတွက် အမှာစာ ရေးပေးပါလို့ မေတ္တာရပ်ခံလာပါတယ်။ ကျွန်တော်က အသက် (၈၀) နားနီးမှ စာအုပ်လေးတစ်အုပ် ရေးမိပါတယ်။ (သံသရာတစ်ကွေ့ စာအုပ်ပါ) ကိုယ့်ကိုယ်ကိုယ် စာရေးဆရာလို့ ပြောရမှာတောင် နှုတ်မရဲသေးပါဘူး။ ကန်တော့ခံ အဆင့်ထိ ရောက်ဖို့တော့ လိုဦးမယ်ထင်ပါတယ်။ ဟဲ . . . ဟဲ. . . . ။

ဘာပဲဖြစ်ဖြစ်လေ သူက တကူးတက သူ့စာအုပ်မှာ အမှာစာ ရေးပေးပါလို့ပြောတော့ လူက အူကြောင်ကြောင် ဖြစ်မိလိုက်ပါသေးတယ်။ သူတောင်းဆိုလာတာ ဆိုတော့ ကျွန်တော်ကလည်း လိုလိုလားလား လိုက်လျောပေးရမှာပေါ့။

သူ့စာအုပ်က သွားလေသူ ထောက်လှမ်းရေးပြုတ်ပုဂ္ဂိုလ်များကို တစ်ဦးချင်း မေးမြန်းခဲ့တာတွေကို စုစည်းပြီး ဖော်ပြထားတာပါ။ အဲဒီပုဂ္ဂိုလ်တွေအကြောင်း တစ်ဦးချင်း တွေ့ဆုံမေးမြန်းပြီး ဆောင်းပါးတွေ ဆက်တိုက် ရေးကတည်းက ကျွန်တော် စိတ်ဝင်တစား ဖတ်ခဲ့ရတာပါ။ မေးပုံ၊ မြန်းပုံ ကောင်းသလို စုစည်းတင်ပြပုံလည်း ကောင်းပါတယ်။

ထောက်လှမ်းရေးပုဂ္ဂိုလ် အများစုဟာ အများ အသိမခံနိုင်တဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်ရပါများတော့ သူတို့ဖြတ်သန်းလာရတဲ့ ဇာတ်ကြောင်းကို ခင်မင်ရင်းစွဲရှိတဲ့ သူတွေကိုတော့ ပြောကောင်း ပြောကြပါလိမ့်မယ်။ ဒါပေမဲ့ အခုလို

စာစောင်တွေမှာ အထင်ကရ ပါလာမယ့် အင်တာဗျူးမျိုးကို တော့ လုပ်ချင်တဲ့သူ နည်းကြပါတယ်။ အခုလို လူသိရှင်ကြား ဖြစ်လာစေမယ့် အင်တာဗျူးမျိုး လုပ်တဲ့သူတွေဟာ ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှု အထိုက်အလျောက် ရှိတဲ့သူတွေ၊ လိပ်ပြာ သန့်တဲ့သူတွေဖြစ်မယ်လို့ ကျွန်တော်ကောက်ချက်ချမိပါတယ်။

ကျွန်တော်ကိုယ်တိုင်ကလည်း ထောက်လှမ်းရေးအဖွဲ့အ စည်းကြီးတစ်ခုလုံး ၁၉၆၄ ခုနှစ်က တစ်ကြိမ်၊ ၁၉၈၄ ခုနှစ်က တစ်ကြိမ်နဲ့ ၂၀၀၄ ခုနှစ်မှာ တစ်ကြိမ် သုံးကြိမ်တိတိ ကပ် ဆိုက်ခဲ့တာကို 'ထောက်လှမ်းရေးတပ်ဖွဲ့ရဲ့ အနှစ် ၂၀ သံသရာ စက်ဝန်း"ဆိုတာမျိုးနဲ့ ဆောင်းပါးတစ်စောင် ရေးခဲ့ဖူးပါတယ်။ ပထမတစ်ကြိမ်တုန်းကတော့ နှုတ်ခမ်းမွေး ဦးလွင်ကြီးလက် ထက်၊ ဒုတိယအကြိမ်ကတော့ မျက်မှန် တင်ဦးကြီး ကာလနဲ့ နောက်ဆုံးတတိယအကြိမ်ကတော့ "ဟိုတုန်းက TV မင်းသား" လို့ တချို့က သမုတ်ခဲ့ဖူးတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစီးတဲ့ ကာ လပါ။

ပထမအကြိမ် ဖြစ်စဉ်တုန်းကတော့ ဖမ်းဆီးချုပ်နှောင်မှု တွေ ရှိခဲ့ပေမယ့် ဦးရေ ဆယ်ဂဏန်းလောက်ပဲ ရှိမှာပါ။ ဒါပေမဲ့အရေးပါတဲ့ ပုဂ္ဂိုလ်တွေအများစုကိုတော့ အရပ်ဘက်နဲ့ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတွေကို ပြောင်းပေးခဲ့ပါတယ်။ ဒုတိယအကြိမ်မှာတုန်းကတော့လည်း အဖမ်းအဆီး အချုပ် အနှောင်ခံရသူ လူနည်းစုဖြစ်ပေမယ့် အများစုကိုတော့ တပ်မှ ဖယ်ရှားခြင်းခံရပါတယ်။ သူတို့ကိုတော့ စား၊ ဝတ်၊ နေရေး ပြေလည်စေဖို့အတွက် ရန်ကုန်မြို့မှာပဲ တိုက်ခန်းတစ်ခန်းစီ ပေးတဲ့အပြင် လုပ်ကိုင်စားသောက်ဖို့ ကားတစ်စီးစီ ပေးခဲ့ ပါတယ်။

တတိယအကြိမ်ကတော့ ရက်စက်လွန်းပါတယ်။ လူ မဆန်ဘူးလို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ NLD ကိုရော၊ ပြင်ပ နိုင်ငံရေးအုပ်စုတွေကိုပါ လူမဆန်အောင် ဖမ်းဆီး၊ ညှဉ်း ဆဲ၊ ထောင်ချခဲ့တဲ့ ပုဂ္ဂိုလ်တွေပါ။ သူတို့ကို နှိုင်/ကျဉ်း အများ

စုက ယနေ့ထက်တိုင် "ကမ္ဘာမကြေ"သေးပါဘူး။ ကျွန်တော်ကိုယ်တိုင်ကလည်း ကွယ်လွန်သွားသူ ဦးဝင်းတင်ရဲ့ စကားလိုပါပဲ။ "ခွင့်လွှတ်လို့တော့ ရတယ်။ မေ့လို့တော့ မရသေးဘူး" ဆိုတဲ့ အနေအထားပါ။

သို့သော်လည်း ဒုတိယအကြိမ်မှာ ထောက်လှမ်းရေးအဖွဲ့တွေကို ဝါးလုံးသိမ်း ဖယ်ရှားထားစဉ်ကတည်းက ကျွန်တော့် တစ်ကိုယ်ရေအနေနဲ့ပြောရရင် သူတို့ထဲမှာ အကျင့်စာရိတ္တကောင်းသူတွေ၊ တိုင်းပြည်နဲ့ တပ်မတော်မှာ သစ္စာရှိသူတွေ၊ အခွင့်အရေးသာရမယ်ဆိုရင် နိုင်ငံအတွက်အကျိုးရှိမယ့် တာဝန်ကြီးကြီးတွေကို အောင်မြင်စွာ ထမ်းဆောင်နိုင်မယ်လို့ ယုံကြည်ရတဲ့ ပုဂ္ဂိုလ်အချို့ ပါသွားခဲ့လို့ပါ။ အကြောင်းမဲ့ ဆုံးရှုံးခဲ့ရတဲ့ လူသားအရင်းအမြစ်တွေပါ။

တတိယအကြိမ်ကျတော့ လွန်လွန်း အားကြီးပါတယ်။ အငြိုးနဲ့လုပ်ခဲ့လေသလားလို့ ထင်မိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ နိုင်ငံရေးပုဂ္ဂိုလ်တွေကို နှိပ်ကွပ်ခဲ့သည့်တိုင် သူတို့ကြမ္မာဆိုးကို ကြားလိုက်မိတာနဲ့ ကျွန်တော့်စိတ်ထဲမှာ "ဒါကတော့ မတရားဘူး"လို့ အတွေးပေါ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလုပ်ရပ်ဟာ ၁၉ ရာစုနှစ်မှာ ထွန်းကားခဲ့တဲ့ ပဒေသရာဇ်တွေရဲ့ လုပ်ထုံးလုပ်နည်းကို ၂၁ ရာစုမှာလာပြီး လက်တွေ့ ထိထိရောက်ရောက် အသုံးချလိုက်တာပါ။

"ကျူပင်ခုတ်၊ ကျူငုတ်မကျန်" ဆိုတဲ့ အတွေးအခေါ်နဲ့ လုပ်လိုက်ခြင်းဖြစ်ပါတယ်။ နိုင်ငံ့အတွက် တန်ဖိုးရှိမယ့် လူသားအရင်းအမြစ်တွေ ဆုံးရှုံးရခြင်းဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်ပြီးတော့လည်း ခံသွားရတဲ့သူတွေနဲ့ သူတို့အသိုင်းအဝိုင်းမှာ ခါးသီးတဲ့ခံစားချက်တွေနဲ့ အမုန်းတရားတွေဖြစ်ပေါ်စေခဲ့တာကတော့ လောကုတ္တရာနည်းနဲ့ကြည့်ရင် နှစ်ဖက်လုံး ရှုံးတယ်လို့ ပြောနိုင်တဲ့ ဖြစ်ရပ်တွေပါ။

အခုစာအုပ်မှာတော့ ကိုဝဏ္ဏက လက်လှမ်းမီသမျှ ပုဂ္ဂိုလ်တွေကို တွေ့ဆုံမေးမြန်းပြီး ပြန်လည်ဖောက်သည် ချထားတာပါ။

ဒီစာအုပ်မှာပါတဲ့ ဖြစ်ရပ်တွေက ဖတ်မိတဲ့ သူတိုင်းအတွက် သံဝေဂရစရာ၊ သင်ခန်းစာရစရာ အချက်အလက်တွေနဲ့ ပြည့်နေပါတယ်။ အထူးသဖြင့် ယခုအချိန်မှာရော၊ နောင်မှာပါ အာဏာရတဲ့သူတွေအားလုံး သတိထားဆင်ခြင်ကြစေဖို့အတွက် အထောက်အကူ ဖြစ်လာစေမယ်လို့ ကျွန်တော် ထင်ပါတယ်။

**လေးစားစွာဖြင့်**
**ဦးဝင်းထိန်**

# မင်းဇင် အမှာစာ

(၁)

ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အသွင်ကူးပြောင်းမှုတွေကို လေ့လာတဲ့အခါ ဒီမိုကရေစီ၊ စစ်အာဏာရှင်၊ တစ်ပါတီအာဏာရှင်၊ စပ်ကြားအုပ်ချုပ်ရေးစတဲ့ နိုင်ငံရေးစနစ် (regime type) တွေ အရေးပါသလို ဘယ်စနစ်နဲ့ပဲ အုပ်ချုပ်တာဖြစ်ဖြစ် သက်ဆိုင်ရာစနစ်ရဲ့ ထိန်းကျောင်း အုပ်ချုပ်နိုင်စွမ်း (Governability) ဟာလည်း အရေးပါပါတယ်။ ပညာရှင်တချို့ကဆိုရင် စနစ်ရဲ့ အင်စတီကျူးရှင်းတွေ အသက်ဝင် ထိရောက်တဲ့ ထိန်းကျောင်း အုပ်ချုပ်နိုင်စွမ်းရှိအောင်လုပ်ဖို့က ပိုတောင် ဦးစားပေးရမယ့် ကိစ္စဖြစ်တယ်လို့ ထောက်ပြပါတယ် (Hungtington 1968)။ ထိန်းကျောင်းအုပ်ချုပ်နိုင်စွမ်းဟာ ရေသောက်မြစ် နှစ်သွယ်က လာနိုင်ပါတယ်။ တစ်ခုက စနစ်ရဲ့အာဏာစက် ဖြန့်ကြက်နိုင်စွမ်းပါ။ ဒါကို နိုင်ငံတော်တည်ဆောက်ခြင်း state-building လို့ခေါ် ဆိုနိုင်ပါတယ်။ နောက် ရေသောက်မြစ်ကတော့ လူ့ အဖွဲ့အစည်းတွင်းမှာ အတူတကွ ယှဉ်တွဲပေါင်းစည်းနေထိုင်နိုင်ဖို့၊ အမျိုးသားညီညွတ်ရေးနဲ့ အမျိုးသားသရုပ်လက္ခဏာပေါ် ပေါက်ရေး အားထုတ်မှု Nation-building ပါပဲ (Bendix 1996)။ လူမျိုးဘာသာ မတူညီမှုတွေနဲ့ စုဖွဲ့ရမယ့် လူ့အဖွဲ့

အစည်းမှာတော့ သဟဇာတဖြစ်အောင် အတူနေထိုင်နိုင်စေဖို့ အားလုံးကို လွှမ်းခြုံနိုင်တဲ့ အမျိုးသား သရုပ်လက္ခဏာတစ်ရပ်ကို တည်ဆောက်နိုင်ဖို့ လိုပါတယ် (Hippler 2004)။ ဒီနေရာမှာ နိုင်ငံတော်တည်ဆောက်ရေးနဲ့ အမျိုးသားသရုပ်လက္ခဏာ ဆက်စပ်မှုရှိပါတယ်။

အထူးသဖြင့် အမျိုးသားညီညွတ်ရေးနဲ့ အမျိုးသားသရုပ်လက္ခဏာကို လွတ်လပ်ရေးရပြီးမှ တည်ဆောက်ရတဲ့ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံအတော်များများမှာ နိုင်ငံတော်တည်ဆောက်ရေး အောင်မြင်မှု မရှိရင် အမျိုးသားညီညွတ်ရေးနဲ့ သရုပ်လက္ခဏာ တည်ဆောက်ရေးလည်း အောင်မြင်နိုင်ခြေနည်းတာ တွေ့ရပါတယ်။ (Hill and Lian 1995; Hippler 2004)။

နိုင်ငံတော်တည်ဆောက်ရေးမှာ အုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေးနဲ့ စီးပွားရေး စွမ်းဆောင်ရည်စတဲ့ မျက်နှာစာတွေ အမျိုးမျိုးရှိပေမယ့် အရေးကြီးဆုံးကတော့ နိုင်ငံနယ်နိမိတ်အတွင်းမှာ အင်အားအသုံးပြုနိုင်စွမ်းကို ထိန်းချုပ်ထားနိုင်တာပဲ ဖြစ်ပါတယ် (Weber 1972 ; Bates 2008)။ ဒီလိုအင်အားသုံးနိုင်စွမ်း ဆုံးရှုံးပြီဆိုရင် အချုပ်အခြာအာဏာလည်း ဆုံးရှုံးနိုင်တယ် (Rotberg 2003)။ တချို့ဖြစ်ရပ်တွေမှာဆိုရင် နိုင်ငံတော်အဖြစ်နဲ့ နိုင်ငံတကာအသိမှတ်ပြုမှုပါ ဆုံးရှုံးနိုင်တယ် (Boas and Jennings 2005) လို့ ပညာရှင်တွေကထောက်ပြပါတယ်။ ကြိုက်ခြင်း မကြိုက်ခြင်း၊ သဘောတူခြင်း မတူခြင်းဆိုတဲ့ ပုဂ္ဂလဓိဋ္ဌာန်ကိုဖယ်ပြီး လေ့လာမယ်ဆိုရင် ဒီလိုထိန်းချုပ်ဖို့အတွက် ခြားနားမှုတွေကို ဖိနှိပ်ရတာဟာ နိုင်ငံတော်တည်ဆောက်ရေးမှာ လိုအပ်ချက်တစ်ခုလို ဖြစ်လာလေ့ရှိပါတယ် (deMeritt 2016)။ ဖိနှိပ်တယ်ဆိုတဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာ တိုက်ရိုက်အကြမ်းဖက်တာ ရှိသလို၊ စနစ်အရ

ပြန်မလှန်နိုင်အောင် ပုံစံတကျ ဖိနှိပ်ထားတာမျိုးလည်း ရှိပါတယ်။ လူ့အဖွဲ့အစည်းထဲက ထောင်ထားခြားနားသူတွေကို ဖိနှိပ်ရသလို၊ ဖိနှိပ်ရေးယန္တရားထဲက ခေါင်းဆောင်အီလစ် (elites) အချင်းချင်းလည်း လက်ဦးအောင် ဖိနှိပ်ရလေ့ရှိပါတယ်။ အွန်လိုင်း(ကို)ဝဏ္ဏရဲ့ **'တပ်မတော်ထောက်လှမ်းရေး အရာရှိများနှင့် တွေ့ဆုံခြင်း'** စာအုပ်ဟာ နိုင်ငံတော် တည်ဆောက်ရေးနဲ့ ပတ်သက်လို့ တွေ့ရမြဲဖြစ်တဲ့ အထက် ဖော်ပြပါအကြောင်းခြင်းရာ နှစ်ရပ်ကို ထင်ဟပ်တဲ့ ရခိုင်အရေး ပဋိပက္ခနဲ့ ၂၀၀၄ ခုနှစ် တပ်မတော်ထောက်လှမ်းရေးတစ်ခုလုံး အဖျက်ခံရခြင်းတွေကို အဓိက ဖော်ထုတ်တင်ပြဖို့ ကြိုးစားထားတာမို့ နိုင်ငံတော် တည်ဆောက်ရေးအကြောင်း စိတ်ဝင်စားသူတိုင်း မလွတ်တမ်း ဖတ်သင့်တဲ့ စာအုပ်လို့ ညွှန်းချင်ပါတယ်။

(၂)

ဒီစာအုပ်မှာ တွေ့ဆုံမေးမြန်းခဲ့သူ တပ်မတော် ထောက်လှမ်းရေးအရာရှိ ငါးဦး ပါဝင်ပါတယ်။ ဒုတိယတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးကနေစလို့ ရခိုင်မှာ တာဝန်ယူခဲ့တဲ့ န. စ. က ကွပ်ကဲရေးမှူးအလယ် ထောက်လှမ်းတပ်မှူးဟောင်းတွေအထိ ပါဝင်တာမို့ အထောက်အထားခြေမြစ်မှုကို သူများတွေထက်ပိုပြီး ပီပီပြင်ပြင်သိခဲ့သူ၊ ပြောပြနိုင်သူတွေချည်းပါပဲ။ ဘာကြောင့် သူများတွေထက် ပိုတယ်ဆိုတဲ့ ဝိသေသ သုံးရသလဲဆိုရင် ဖိနှိပ်မှုကို မဟာဗျူဟာမြောက်သုံးဖို့ဆိုရင် ပစ်ဟယ်၊ ခတ်ဟယ်၊ ချေမှုန်းဟယ် ဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ တိုက်ရိုက်အကြမ်းဖက်မှုဟာ မထိရောက်ပါဘူး။ အထူးသဖြင့် လူဦးရေ အမြောက်အမြားကို ထိန်းချုပ်ရတဲ့အခါ ပိုတောင် မထိရောက်တာမျိုးဖြစ်ပြီး လူမျိုးသုဉ်းသတ်ဖြတ်တာမျိုးတွေ အထိ ဖြစ်သွားတတ်ပါတယ်။ ကမ္ဘာပေါ်က နိုင်ငံတော်တည်

**ဆောက်ရေး ဖြစ်စဉ်တချို့မှာ** ဒီလိုဖြစ်ရပ်တွေ ရှိခဲ့ဖူးပါတယ် **(Rae 2002)**။ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းခေတ်သစ်မှာတော့ **နိုင်ငံတကာ** စံချိန်စံညွှန်းတွေပြောင်းပြီး လူမျိုးသုဉ်းသတ်ဖြတ်မှုလိုကြီးမားတဲ့ ဖိနှိပ်မှုတွေကို ကျင့်သုံးမယ်ဆိုရင် အောင်မြင်ဖို့ ခက်ခဲပါတယ်။ နိုင်ငံတကာ ဝင်ရောက်စွက်ဖက်မှုတွေကို ပိုရင်ဆိုင်ရလေ့ရှိပါတယ် (ဥပမာ ယခင် ယူဂိုဆလားဗီးယားနိုင်ငံ ဖြစ်ရပ်မျိုးပါ)။ ဒါကြောင့် အမြဲအကြမ်းဖက်စရာမလိုဘဲ အကြမ်းဖက်ခံရမှာကို ကြောက်နေအောင် အခြေအနေ ဖန်တီးထားနိုင်ရင် (တစ်နည်းအားဖြင့်) စနစ်အရ ပြန်မလှန်နိုင်အောင် ပုံစံတကျထိန်းချုပ်ထားတာမျိုးက ပိုထိရောက်ပါတယ်။ ဒီလိုဖန်တီးနိုင်ဖို့ဆိုရင် သတင်းအချက်အလက် လိုပါတယ်။ သတင်းဟာ အာဏာစက်ရဲ့ ရေသောက်မြစ်ပါပဲ။ ဒါကြောင့် သတင်းကို စုဆောင်း၊ ခိုင်းခြားစိတ်ဖြာ/တည်ဆောက်၊ အသုံးပြုနိုင်သူတွေဟာ ထိရောက်တဲ့ ဖိနှိပ်ရေးယန္တရားမှာ အရေးအကြီးဆုံးဖြစ်လာပါတယ်။ ဒါကြောင့် ထောက်လှမ်းရေး ထိပ်တန်းအရာရှိတွေဟာ သူများတွေထက်ပိုပြီး ပီပီပြင်ပြင်သိခဲ့သူ၊ ပြောပြနိုင်သူတွေလို့ ဆိုရတာပါ။ ဒီစာအုပ်မှာ ထူးခြားတာက တပ်မတော်ထောက်လှမ်းရေး အရာရှိတွေဟာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ထိန်းချုပ်ဖိနှိပ်ခဲ့ရတဲ့ လုပ်ငန်းတွေကို သာမက၊ စနစ်ထဲကနေ သူတို့ကိုယ်တိုင် ပြန်လည်ထိန်းချုပ်ဖယ်ရှားခံခဲ့ရတဲ့ ဖြစ်ရပ်ကိုပါ ပြောပြတာဖြစ်လို့ နှစ်ထပ်ကွမ်း စိတ်ဝင်စားစရာဖြစ်ပါတယ်။

ထိပ်တန်းထောက်လှမ်းရေးအရာရှိတွေကို တွေ့ဆုံမေးမြန်းနိုင်တာ၊ တစ်ဆင့်ထပ်ပြောရရင် သူတို့ကို တော်တော်ပွင့်ပွင့်လင်းလင်း ပြောလာအောင် မေးမြန်းနိုင်တဲ့အတွက် အွန်လိုင်း(ကို) ဝဏ္ဏကို ချီးမွမ်းရပါမယ်။ ကိုဝဏ္ဏဟာ သမိုင်းဖော်ထုတ်ရေးကို အားသန်တဲ့ တွေ့ဆုံမေးမြန်းသူတစ်ဦးပါ။ အင်တာဗျူးမလုပ်ခင် ကြိုတင်ပြင်ဆင်လေ့လာမှုတွေ လုပ်ထား

တယ်။ သမိုင်းအထောက်အထားတွေကိုလည်း ရှာရှာဖွေဖွေ မှတ်မှတ်သားသားထားပြီး မေးခွန်းတွေ မေးတဲ့အခါ ချက်ကျ လက်ကျ၊ သို့ပေသိ ပြေပြေပြစ်ပြစ် နောက်ဆက်တွဲ မေးခွန်းတွေနဲ့ စာအထောက်အထား၊ နှုတ်စကား အထောက်အထားတွေကို ကိုးကားပြီး ပြန်လှန်ဆန်းစစ်တဲ့ မေးခွန်းတွေကို မေးနိုင်တာမို့ စာဖတ်သူတွေအတွက် အကျိုးများစေပါတယ်။ သမိုင်းအချက်အလက်တွေကို တိုးလိုးတန်းလန်းမထားခဲ့ဘဲ တတ်နိုင်သမျှ လုံးစေ့ပတ်စေ့ ပုံပေါ်အောင် မေးမြန်းထားတာတွေပါတဲ့အတွက် သုတေသီတွေအတွက်လည်း ကျေနပ်စရာ ဖြစ်နိုင်ပါတယ်။ မေးခွန်းတချို့မှာ (ဥပမာ - ဘင်္ဂါလီတွေက ကိုယ့်အိမ်ကိုယ် မီးရှို့ပြီး ဘင်္ဂလားဒေ့ရှ်ထွက်ပြေးတယ်။ --- ရခိုင်အရေးကို နိုင်ငံတကာအရေးဖြစ်အောင် ပုံဖော်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အန္တိမရည်ရွယ်ချက်က ဘာလဲ။ စာ-၃၃) အင်တာဗျူးဆရာရဲ့ အတ္တ နောမတိ ကျွံထွက်တတ်တာမျိုးကို သတိပြုမိပေမယ့် ကိုဝဏ္ဏဟာ သမိုင်းအတွက် အလွန်အကျိုးများတဲ့ တွေ့ဆုံမေးမြန်းခန်းတွေ လုပ်ခဲ့တာမို့ ကျေးဇူးတင်ရပါတယ်။

(၃)

ဒီတွေ့ဆုံ မေးမြန်းခန်းတွေကို ဖတ်ပြီးရင် နိုင်ငံတော်တည်ဆောက်ရေးမှာ အုပ်စိုးသူတွေရဲ့ စဉ်းစားပုံကိုသာမက လုပ်ပုံကိုင်ပုံကို လေ့လာခွင့်ရနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ ရခိုင်-ရိုဟင်ဂျာအရေး (ဒီစာအုပ်မှာတော့ အင်တာဗျူးသူရော၊ ဒီအကြောင်း အင်တာဗျူးခံရသူတွေကပါ ရိုဟင်ဂျာအစား ဘင်္ဂါလီလို့ သုံးကြပါတယ်)နဲ့ ပတ်သက်ရင် အုပ်စိုးသူတွေ စဉ်းစားရာမှာ "ဘင်္ဂါလီအားလုံးက ဆိုးရွားနေတာ မဟုတ်ဘူး။ --- အေးအေးဆေးဆေးနေချင်တဲ့လူတွေ အများကြီးပါ" (ဗိုလ်မှူးဝင်းမြင့်)၊ "နှစ်ပေါင်းများစွာကတည်းက ဟိုဘက်ကနေ နည်းမျိုးစုံနဲ့ ဝင်လာတဲ့သူတွေက တစ်သမတ်တည်း

နေထိုင်ရင်း လက်ရည်တစ်ပြင်တည်းရှိတဲ့၊ ဒေသခံတွေလို ဖြစ်နေတဲ့ လူတန်းစားသက်သက်ရှိတယ်။ ဘူးသီးတောင်မှာလည်း ရှိတယ်။ မောင်တောမှာလည်း ရှိတယ်" (ဗိုလ်မှူးဝင်း မောင်မောင်)၊ "ဘင်္ဂါလီတွေဟာ မျိုးဆက်နှစ်ဆက်၊ သုံးဆက် ရှိနေပါပြီ။ ဒါကြောင့် တချို့ဘင်္ဂါလီတွေကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရပါတော့မယ်။ --- နိုင်ငံတကာအရ လက်ရှိမှာ ဒီဘင်္ဂါလီတွေကို မောင်းထုတ်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ဒီတော့နှစ်ဖက်စလုံး မိတ်ဆွေလို ဆက်ဆံမယ်ဆိုတဲ့စိတ် ရှိရမယ်" (ဗိုလ်မှူးကြီး သက်ထွန်း - ငြိမ်း) စသဖြင့် လက်တွေ့ကျကျ စဉ်းစားချက်တွေရှိတာ သတိပြုမိပါတယ်။

လုပ်ပုံကိုင်ပုံမှာလည်း "ဒီဒေသကို လူနဲ့ကာမှ ဖြစ်မယ်" (စာ ၂၇)၊ "ဥပဒေတွင်းက ကြမ်းကြမ်းတမ်းတမ်းနဲ့ မလှုပ်အောင် အုပ်ချုပ်ထားတာ" (စာ ၃၃ )၊ "န. စ. က ကို မူဝါဒအရ ဖျက်ချင်ဖျက်လိုက်ပါ ပြဿနာမရှိဘူး။ ဒါပေမဲ့ န. စ. က ရဲ့ လုပ်နည်းလုပ်ဟန်တွေကို ဆက်ထိန်းထားရမယ်" (စာ ၃၂)၊ "ထောက်လှမ်းရေးက ကွပ်ကဲထားလို့ ကြောက်ပြီးငြိမ်နေတဲ့ အနေအထားကနေ နောက်ရောက်လာတဲ့ ထောက်လှမ်းရေး အပါအဝင် ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘူးဆိုတော့ ပိုကြောက်ရတဲ့သူဆီ သွားတာပေါ့" (စာ ၃၄)၊ "တုတ်၊ ဓား၊ သေနတ် ရှိတာယူပြီးလာတဲ့ ဘင်္ဂါလီတွေမှာ ခံယူချက်ရှိတယ်လို့ သွားမစဉ်းစားနဲ့၊ အများစုက အကြောက်တရားနဲ့ပဲ" (စာ ၁၀၄)၊ "သူတို့(ဘင်္ဂါလီတွေ)ကို စည်းရုံးထားတာမဟုတ်ဘူး၊ အကာအကွယ်ပေးတာ။ သူတို့ကိုမသတ်အောင် ကျွန်တော်တို့ ကာကွယ်နိုင်တယ်" (စာ ၉၆)၊ "စည်းရုံးတာနဲ့ ထိတွေ့တာ မတူဘူး။ စည်းရုံးစရာ မလိုဘူးလေ၊ ထိတွေ့ထားရမှာ။ --- အားလုံးကို ထိတွေ့စရာမလိုဘူး။ အကြီးဆုံးကို ထိတွေ့တဲ့အခါ အားလုံးကို ထိတွေ့ပြီးသား ဖြစ်သွားတယ်" (စာ ၉၈)၊ "ထိတွေ့ဆက်ဆံတယ်ဆိုတာ သတင်းရအောင်ယူတာပဲ။ သတင်းရနေမှ ဒီလို

မဖြစ်မှာ" (စာ ၁၀၀)၊ "တစ်ခုခုဖြစ်ပြီဆိုတာနဲ့ ဘဂ်ါလီအချင်းချင်း ပြန်ဖော်ထုတ်ခိုင်းတာပဲ" (စာ ၉၉)စတဲ့ လုပ်ပုံကိုင်ပုံတွေကို လေ့လာနိုင်ပါတယ်။

တပ်မတော်ထောက်လှမ်းရေးတစ်ခုလုံး ဖျက်သိမ်းခံရတာနဲ့ ပတ်သက်လို့လည်း ခုလို ရှင်းရှင်းပြတ်ပြတ် သုံးသပ်ချက်ကိုလည်း ဖတ်ရပါတယ်။ "အဓိကကတော့ ထောက်လှမ်းရေးအဖွဲ့အစည်းကို ဖျက်ကိုဖျက်ဆီးချင်တယ်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စိတ်ဓာတ်ပါပဲ။ ဘာလို့လဲဆိုတော့ ဒီထောက်လှမ်းရေးတပ်ဖွဲ့ကို ဖျက်လိုက်ပြီး ထောက်လှမ်းရေးလုပ်ငန်းကို မလုပ်ဘဲနေလို့ရမလား။ စ. ရ. ဖ လည်း ထောက်လှမ်းရေးအလုပ်တွေ လုပ်ရမှာပဲ။ ဒါပေမဲ့ သတင်းတွေပဲ စုံစမ်းပြီး လူကြီးကိစ္စ မထောက်လှမ်းရဲတော့ဘူး။ တန်ပြန်ထောက်လှမ်းရေး မလုပ်ရဲတော့ဘူး" (ဗိုလ်မှူးကြီး သက်ထွဋ်)။ ဒီအဆိုပြုချက်မျိုးဟာ သုတေသန ဆက်လုပ်လိုသူတွေအတွက် ကောင်းမွန်တဲ့ သဲလွန်စတွေပဲဖြစ်ပါတယ်။ တစ်ခါ တပ်မတော်သား အချင်းချင်းထဲမှာ ခြေလျင်စစ်သားစိတ်ရှိသူကို ပိုလက်ခံထိုက်တယ်ဆိုတဲ့ အမြင်ဟာ ထိပ်ပိုင်းခေါင်းဆောင်တွေကြားမှာ ရှိခဲ့ပုံ ရပါတယ်။ ထောက်လှမ်းရေးယန္တရားတစ်ခုလုံးကို ဖျက်ခဲ့ပေမယ့် သူ့ကိုအရေးမယူဘဲ ချန်ထားခဲ့ရတဲ့အကြောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေပြောပြပုံမှ "မင်းကိုတော့ (ဒုဋ္ဌန်မှူး ဗိုလ်ချုပ် ကျော်ဝင်းကတော့) ထောက်လှမ်းရေး ရောက်ပေမယ့် ခြေလျင်စစ်သားစိတ် ရှိပါတယ်။ သူ့ကိုတော့ ချန်ထားပါဆိုလို့ မင်းကျန်ခဲ့တာလို့ ပြောတယ်"ဆိုပြီး ဗိုလ်ချုပ်ကျော်ဝင်း ပြန်ပြောတာကို အင်တာဗျူးမှာ စိတ်ဝင်စားစရာ ဖတ်ရှုရပါတယ်။ လုပ်ပုံကိုင်ပုံမှာလည်း ထောက်လှမ်းရေးဖျက်မယ့်ကိစ္စ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ယုံကြည်စိတ်ချပါတယ်လို့ ဆိုကြတဲ့ ဒုဋ္ဌန်မှူးကိုယ်တိုင် "လုံးဝ ကြိုမသိခဲ့ပါဘူး" (စာ ၈၂) ဆိုတာမျိုး၊ "အပြစ်မရှိတဲ့သူတွေ အရေးယူခံရတဲ့အထဲ

ပါတာပေါ့" (စာ ၅၁) ဆိုတာမျိုးတွေဟာ ဆက်လက်ဖော်ထုတ်အပ်တဲ့ သမိုင်းစာမျက်နှာတွေပါပဲ။ ဖျက်သိမ်းခံလိုက်ရတဲ့ တပ်မတော်ထောက်လှမ်းရေးကို ၁၉၈၃ နောက်ပိုင်း စတင်ရွေးချယ်စုဖွဲ့စဉ်က ပါဝင်ခဲ့တဲ့ ဗိုလ်ကြီးဘအေးရဲ့ အင်တာဗျူးမှာလည်း သမိုင်းကြောင်းအရ ဆက်လက်ဆန်းစစ်သင့်တဲ့ အချက်အလက် အများအပြား ပါဝင်ပါတယ်။

(၄)

တကယ်တော့ မြန်မာနိုင်ငံတော် တည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတချို့ (ဥပမာအားဖြင့် ထင်ရှားတဲ့ Taylor 2009; Callahan 2003) ရှိပါတယ်။ အခု ကိုဝဏ္ဏရဲ့ အင်တာဗျူးစာအုပ်ဟာ နိုင်ငံတော်တည်ဆောက်ရေး လေ့လာသူတွေအတွက် အသုံးတည့်လှမယ့် အထောက်အထားတွေ၊ ခြေရာကောက်စရာတွေ အများကြီးပေးနိုင်ပါတယ်။ သုတေသန ရှုထောင့်ကနေ ရှိဆဲ အယူအကောက်တွေကို ပြန်သုံးသပ်ဖို့၊ ထပ်မံဖွံ့ဖြိုးအားကောင်းအောင် လုပ်ဖို့နဲ့ အယူအကောက်အသစ်တွေ ဖော်ထုတ်နိုင်ဖို့ အကူအပံ့ တစ်စုံတစ်ရာ ဖြစ်စေနိုင်ကောင်းပါတယ်။

မြန်မာနိုင်ငံက ခေါင်းဆောင်တွေ၊ မူဝါဒချမှတ်သူတွေနဲ့ ပြည်သူတွေ အနေနဲ့လည်း ဒီစာအုပ်ကိုဖတ်ပြီး ဖြစ်ခဲ့တဲ့၊ လက်ရှိလည်း တစ်စုံတစ်ရာဖြစ်နေဆဲ နိုင်ငံတော်တည်ဆောက်ရေး စဉ်းစားပုံနဲ့ လုပ်ပုံကိုင်ပုံတွေဟာ လိုချင်တဲ့ ရလဒ်ထွက်အောင်မြင်ပါရဲ့လား၊ ခေတ်သစ် နိုင်ငံတကာ စံနှုန်းတွေ၊ ပထဝီနိုင်ငံရေး အရှိတရားတွေ၊ စီးပွားရေးအရ ချိတ်ဆက်ပေါင်းစည်းနိုင်ခွင့်တွေ စတာတွေနဲ့ လျော်ညီဝင်ဆံ့ပါရဲ့လား၊ အရေးကြီးဆုံးကတော့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဆက်စပ်နေတဲ့ အမျိုးသားညီညွတ်ရေးနဲ့ အမျိုးသားသရုပ်လက္ခဏာ တည်ဆောက်ရေး ဦးတည်ချက်ကို ရှေးရှုနိုင်စေရဲ့လား စတဲ့

မေးခွန်းတွေကို ပြန်လည်ဆန်းစစ်ကြ၊ ဆွေးနွေးအဖြေရှာနိုင်ကြမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ဖြစ်မှာပါပဲလို့ အမှာ ရေးလိုက်ရပါတယ်။

**မင်းဇင်**
**ဖေဖော်ဝါရီလ ၁၂၊ ၂၀၁၉**

**တကိုး**

Bates, Robert. When Things Fell Apart. State Failure in Late-Century Africa. Cambridge: Cambridge University Press, 2008

Bendix, Richard. Nation Building and Citizenship. New Brunswick, NJ, 1996

Boas & Jennings. Insecurity and Development: The Rhetoric of the 'Failed State'. Journal

The European Journal of Development Research. Volume 17, 2005 - Issue 3 (Sept 2005): 385-95

Callahan, Mary. Making Enemies: War and State Building in Burma. Ithaca, New York: Cornell University Press, 2003

demerit, Jacqueline. The Strategic Use of State Repression and Political Violence. Oxford Research Encyclopedias. Oxford, 2016

Hill, Michael and Lian, Kwen Fee. The politics of nation building and citizenship in Singapore. London ; New York : Routledge, 1995

Hippler, Jochem (ed). Nation-Building: a Key Concept for Peaceful Conflict Transformation? London: Pluto Press, 2004

Huntington, S.P. Political Order in Changing Societies. Yale Univ. Press, New Haven, 1968

Rae, Heather. State Identities and the Homogenisation of Peoples. Cambridge: Cambridge University Press, 2002

Rotberg, Robert (ed). State failure and state weakness in a time of terror. Washington, D.C. : Brookings Institution Press, 2003

Taylor, Robert. The State in Myanmar. London: Hurst and Company 2009

Weber, Max. Politics as a Vocation. Minneapolis, MN: Fortress Press, 1972

“ခင်ဗျား မနေ့က ကျွန်တော့်ကို ဖုန်းဆက်ပြီး
ရခိုင်အကြောင်း ပြောကတည်းက ကျွန်တော်
၁၀ နှစ်ကျော်လောက် တရားစခန်းမှာပဲ တရားအလုပ်ကို
လုပ်လာခဲ့တာ နှစ်နာရီကျော်လောက် ရခိုင်အကြောင်းကို
စဉ်းစားမိလိုက်တိုင်း ဘယ်လိုမှ တရားမှတ်လို့
မရဘူးဗျာ ။

**ဗိုလ်မှူးကြီးသက်ထွန်း**



# " မလောက်မင ဖြစ်နေတဲ့ ဝန်ထမ်းတွေက ဘဂ်ါလီပေးရင် ယူမှာပဲ "

ဘူးသီးတောင်၊ မောင်တော နယ်စပ်ဒေသ

ကွပ်ကဲမှုဌာနချုပ် (န.စ.က) ကွပ်ကဲရေးမှူး၊

သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ဗိုလ်မှူးကြီး သက်ထွန်း (ငြိမ်း) နှင့် တွေ့ဆုံခြင်း

အပိုင်း(၁)

"ဗိုလ်မှူးကြီးသက်ထွန်း ပါလားခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော် Speaker သတင်းဂျာနယ်ရဲ့ အယ်ဒီတာချုပ် အွန်လိုင်းဝဏ္ဏပါ။ ကျွန်တော် ဗိုလ်မှူးကြီးကို န-စ-က နဲ့ ပတ်သက်ပြီး အင်တာဗျူးလုပ်ချင်လို့ပါခင်ဗျာ။ ဗိုလ်မှူးကြီးက ဘူးသီးတောင်၊ မောင်တောမှာ န-စ-က ကွပ်ကဲရေးမှူး လုပ်ခဲ့တယ်လို့ သိရပါတယ်ခင်ဗျ"

"ကျွန်တော် အခု လှည်းကူးက ရိပ်သာမှာဗျ။ ဒီဇင်ဘာ ၁ ရက်နေ့မှ ရိပ်သာက ထွက်မှာဗျ"

"ကျွန်တော်က လက်ရှိဖြစ်နေတာတွေက ဘာ့ကြောင့်ဖြစ်လာရတယ်။ နောက် ဗိုလ်မှူးကြီးတို့က အဲဒီဒေသမှာ တာဝန်ထမ်းဆောင်ခဲ့တော့ အဲဒီဒေသ အခြေအနေနဲ့ နယ်မြေအကြောင်း၊ ဒေသခံတွေနဲ့ တစ်ဖက်က ဘင်္ဂါလီတွေ အကြောင်းကို ပြည့်ပြည့် စုံစုံ သိမယ်ထင်လို့ပါ။ ဒီနေ့ တာဝန်ယူလုပ်ဆောင်နေတဲ့ သူတွေအနေနဲ့ အဲဒီတုန်းက နယ်မြေမှာ တာဝန်ယူလုပ်ဆောင်ခဲ့တဲ့ သူရဲ့ အတွေ့အကြုံတွေကလည်း တစ်ထောင့် တစ်နေရာက အထောက်အကူပြုရင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ ခင်ဗျ" ဟု တယ်လီဖုန်း ထဲမှ ပြောကြားလိုက်သည်။

"ဒါဆိုရင်လည်း မနက်ဖြန် လှည်းကူးက ကျွန်တော့်ရိပ်သာကို လာခဲ့ဗျာ"

ဟု ဗိုလ်မှူးကြီးသက်ထွန်းက ကျွန်တော့်ကို ပြန်ပြောသည်။ နောက်နေ့ လှည်း ကူးရိပ်သာသို့ ကျွန်တော်ရောက်သွားတော့ ဗိုလ်မှူးကြီးသက်ထွန်းက -

"ခင်ဗျား မနေ့က ကျွန်တော့်ကို ဖုန်းဆက်ပြီး ရခိုင်အကြောင်း ပြောကတည်းက ကျွန်တော် ၁၀ နှစ်ကျော်လောက် တရားစခန်းမှာပဲ တရားအလုပ်ကို လုပ်လာခဲ့တာ နှစ်နာရီကျော်လောက် ရခိုင်အကြောင်းကို စဉ်းစားမိလိုက်တိုင်း ဘယ်လိုမှ တရား မှတ်လို့မရဘူးဗျာ-။ ရခိုင်အကြောင်းနဲ့ ကျွန်တော် အားလုံးကို မေ့ထားတာ ၁၀ နှစ်ကျော်နေပြီ။ ရပါတယ်ဗျာ။ ခင်ဗျား သိချင်တာမေးပါ" ဟု ပြောသဖြင့် ကျွန်တော် အားနာနာဖြင့်ပဲ စမေးလိုက်သည်။

**Speaker ။ ။ ဘူးသီးတောင်၊ မောင်တော န. စ. က မှာ ဘယ်အချိန်လောက်က တာဝန် ထမ်းဆောင်ခဲ့တာလဲ။**

UTH ။ ။ နယ်စပ်ဒေသ ကွပ်ကဲမှုဌာနချုပ် (န. စ. က)မှာ ကွပ်ကဲရေးမှူး တာဝန်ပါ။ ၁၉၉၈ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်ထိပါ။

**Speaker ။ ။ န. စ. က ရဲ့ ကွပ်ကဲရေးမှူးအဖြစ် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ တာဝန်ထမ်းဆောင်ခဲ့တာလား။**

UTH ။ ။ ကျွန်တော်က သုံးယောက်မြောက် ကွပ်ကဲရေးမှူးပါ။ ပထမဆုံး ကွပ်ကဲရေးမှူး က ဗိုလ်မှူးသန်းအေးပါ။ ကွယ်လွန်သွားပြီ။ နောက်တစ်ယောက်က ဗိုလ်မှူးကြီးဝင်းမြင့်ပါ။ ပြီးတော့ ကျွန်တော်။ ကျွန်တော့်နောက်မှာ ဗိုလ်မှူးခင်ဇော်ပါ။ ပြီးတော့ ကိုအောင်ငွေပါ။ သူက နောက်ဆုံးပေါ့။

**Speaker ။ ။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ တာဝန်ထမ်းဆောင်ခဲ့တုန်းက ဒေသခံ တိုင်းရင်းသားတွေ အများဆုံးနေခဲ့တာလား၊ ဘင်္ဂါလီတွေ အများဆုံး နေခဲ့တာလား။ နောက်ပြီး ဘယ်သူတွေက ပိုရှေးကျစွာ နေခဲ့တယ်ဆိုတဲ့ ထူးခြားတဲ့ ဘာသက်သေ သာဓက ဘာတွေတွေ့ခဲ့လဲ။**

UTH ။ ။ ကျွန်တော် တာဝန်ထမ်းဆောင် ချိန်မှာ ဘင်္ဂါလီက အများဆုံးရောက်နေပြီ။ ရာခိုင်နှုန်းအရ တွက်မယ်ဆိုရင် တိုင်းရင်းသားက ငါးရာခိုင်နှုန်း၊ ခုနစ်ရာခိုင်နှုန်း လောက်ပဲ ရှိတော့တယ်။ တိုင်းရင်းသားရွာတွေ နည်းသွားပြီး ဘင်္ဂါလီရွာတွေ အများဆုံးဖြစ်နေတာပေါ့။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ အုပ်ချုပ်မှုက ကောင်းလို့ ငြိမ်ငြိမ်သက်သက်ပဲ ရှိတာပေါ့။ ဟိုအရင်တုန်းက ရခိုင်ဘုရားတွေ ဘင်္ဂါလီရွာတွေ အောက် ရောက်နေတာ တွေ့ရတယ်။ ဒီလိုဘုရားတွေ တွေ့တာက ဒီနယ်မြေကို ဘင်္ဂါလီနယ်မြေလို့ ပြောနေတာတွေ မဟုတ်ဘူးလို့ သက်သေပြတယ်။

**Speaker ။ ။ မောင်တောထဲက ရွာလား၊ ဘူးသီးတောင်ထဲက ရွာလား။**

UTH ။ ။ မောင်တောထဲက ရွာမှာရော၊ ဘူးသီးတောင်ထဲက ရွာမှာရော တွေ့တယ်။

**Speaker ။ ။ ဒီဘုရားအပျက်တွေကို မြေကြီးပေါ်မှာ တွေ့တာလား၊ ရွာအောက်မှာ တူးဖော်ပြီး တွေ့တာလား။ ဘယ်လိုပုံစံနဲ့တွေ့တာလဲ။**

UTH ။ ။ တစ်ပိုင်းတစ်စတွေ့တာ။ ဘုရားကလည်း ပေါ်နေတယ်။ ဘုရားကုန်း လည်း ရှိတယ်။ အဲဒီကုန်းနားမှာ အိမ်တွေ၊ ဘာတွေဖြစ်နေပြီ။ ထို့အတူပဲ ဘူးသီး တောင်ကနေ အပေါ်တက်တဲ့ လမ်းဘေးနားမှာ ဘုရားဟောင်းတွေ ရှိနေတယ်။

**Speaker ။ ။ အဲဒီဒေသမှာ ဘင်္ဂါလီ အများစုရောက်ပြီး ဒီနေ့လို အခြေအနေ**

**ဖြစ်လာရတာဟာ ၁၉၉၄ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်ကြားမှာ တာဝန်ကျခဲ့တဲ့ အစိုးရဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုကြောင့်၊ မမှန်မကန်လုပ်ရပ်တွေကြောင့်လို့ ကျွန်တော်တို့ရဲ့ The Speaker Page က Post တွေမှာ မှတ်ချက်ဝင်ရေးတဲ့ လူတွေရှိတယ်။ အန်ကယ်က အဲဒီဒေသမှာ ကွပ်ကဲရေးမှူးလုပ်ခဲ့တော့ ဒီလို စွပ်စွဲရေးသားမှုတွေ ဘာလို့ပေါ်လာတယ်လို့ ထင်လဲ။**

UTH ။ ။ အဓိကက တပ်မတော်အစိုးရကို တိုက်ခိုက်တာ။ န. စ. က မတိုင်မီကတည်းက အဲဒီမှာ လုံခြုံရေးတပ်ရယ်၊ နယ်စပ်တပ်ရယ်၊ ရဲနဲ့ထိန်းခဲ့တယ်။ ဒါပေမဲ့ မထိန်းချုပ်နိုင်ဘဲ ဒီဘက်ကို ထွက်ပြေးတဲ့ပြဿနာတွေ ဖြစ်ခဲ့တယ်။ ဒီလိုဖြစ်တော့မှ အဲဒီအချိန်က နိုင်ငံ့ခေါင်းဆောင်တွေက ဒီဒေသကို လူနဲ့ကာမှ ဖြစ်မယ်ဆိုပြီး နယ်စပ်ဒေသ လူမှုဖွံ့ဖြိုးဖို့ဆိုပြီး န. စ. က ကို ဗိုလ်မှူးသန်းအေး လက်ထက်မှာ စပြီးတည်ထောင်ခဲ့တာပေါ့။ အဲဒီလို န. စ. က ဖွဲ့တဲ့အခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါတယ်။ တပ်မတော် ထောက်လှမ်းရေးတပ်ဖွဲ့နဲ့ တပ်မတော် ခြေလျင်တပ်ဆိုပြီး တပ်ကနှစ်ဖွဲ့ပါတယ်။ နောက် လ. ဝ. က ပါတယ်။ နောက် အကောက်ခွန်ပါတယ်။

န. စ. က ရဲ့တာဝန် လေးရပ်ရှိပေမယ့် သုံးခုလောက်ပဲ မှတ်မိတော့တယ်။ နံပါတ်တစ်က နယ်စပ်ဒေသ လုံခြုံရေး၊ နံပါတ်နှစ်က တရားမဝင် ခိုးဝင်မှု ကာကွယ်တားဆီးရေး၊ နံပါတ်သုံးက တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းရေးဆိုပြီး တာဝန်တွေရှိတယ်။

အခုဖြစ်နေတာတွေက ဝန်ထမ်းတွေအကျင့်ပျက်လို့ ဖြစ်တာလားလို့ ယေဘုယျပြောမယ်ဆိုလို့ရှိရင် မှားတော့မမှားဘူး။ ဒါပေမဲ့ အဲဒါတစ်ခုတည်းကြောင့် ဖြစ်တာလဲ မဟုတ်ဘူး။ ဘာကြောင့် ဝန်ထမ်းတွေ အကျင့်ပျက်တာလဲဆိုတာတော့ တစ်နိုင်ငံလုံးသိတယ်။ အရင်တုန်းက အဲဒီနေရာတွေမှာ ဖြစ်နေတဲ့ မတရားခိုးဝင်မှုနဲ့ပတ်သက်ပြီး မ. က. ဖ ဆိုတာ ဖွဲ့ခဲ့တာ ရှိတယ်။ ဒါပေမဲ့ မ. က. ဖလည်း ထိထိရောက်ရောက် မလုပ်နိုင်ဘူး။ သူက အာဏာရှိတဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ နောက်တစ်ခါ နယ်စပ်ဒေသကို ထိန်းသိမ်းဖို့ဆိုပြီး လုံခြုံရေးတပ်တွေဖွဲ့တယ်။ သူကလည်း အာဏာမရှိဘူး၊ လုပ်ပိုင်ခွင့် မကြီးဘူး။ န. စ. က ဖွဲ့တဲ့အခါ အဲဒီဒေသရဲ့ တရားဥပဒေစိုးမိုးမှုကို န. စ. က က ကွပ်ကဲတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့် တိုက်ရိုက်ကွပ်ကဲမှုအောက်မှာ ထောက်လှမ်းရေးတပ်ဖွဲ့က ဒုဗိုလ်မှူးကြီး တစ်ယောက်က န. စ. က ကွပ်ကဲရေးမှူးဆိုပြီး အသွင်ယူ အုပ်ချုပ်တယ်။

အဲဒီကာလမှာ ခြစားမှုတွေ၊ မမှန်မကန်လုပ်ရပ်တွေ မရှိဘူးလို့တော့ မပြောရဲ

ဘူး။ မလောက်မငဖြစ်နေတဲ့ ဝန်ထမ်းတွေက ဘင်္ဂါလီပေးရင် ယူမှာပဲ။ ဒါပေမဲ့ ဘင်္ဂါလီတွေ ခိုးဝင်လာတာကို လက်ခံပြီး စာရင်းသွင်းတဲ့ အထိတော့ မဖြစ်ဘူး။ လူဦးရေစာရင်းတွေ၊ သန်းခေါင်စာရင်းတွေကို စနစ်တကျလုပ်ထားတဲ့အတွက် ဒါတွေကို ဖျက်ကွယ်ပြုပြီး ပိုက်ဆံယူတာတော့ မရှိဘူး။ ရှိတယ်ဆိုရင် ပေါ်လာပြီး တရားဥပဒေအရ အရေးယူစရာတွေ ရှိမယ်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ ကာလအတွင်းမှာ အဲဒီလို မရှိဘူး။ ကျွန်တော့် ရှေ့ကလူတွေ လုပ်ခဲ့တယ်လို့လဲ မကြားဖူးဘူး။

အဲဒီတုန်းက ဘင်္ဂါလီတွေကို မြန်မာပြည်ထဲ ပေးမသွားဘူး။ ဒါကြောင့် ဘင်္ဂါလီတွေ မြန်မာပြည်ထဲကို ခိုးကြောင်ခိုးဝှက်သွားတဲ့အခါ လ. ဝ. က လူကြီးပိုင်းက၊ အောက်ခြေဝန်ထမ်းက နားလည်မှုနဲ့ ကူညီတာမျိုး ရှိနိုင်တယ်။ အဲဒီကနေ ဖမ်းမိတာမျိုးရှိတယ်။ ဒီလိုပဲ န. စ. က အဖွဲ့တွေထဲကလည်း တစ်ယောက်တလေ ရှိနိုင်တယ်။ မရှိဘူးလို့ အပြတ်မပြောရဲဘူး။

ဒါပေမဲ့ ဝန်ထမ်းတွေ အကျင့်ပျက်တာနဲ့ပဲ ဒီလိုဖြစ်သွားလားဆိုတော့ မဟုတ်ဘူး။ ဘင်္ဂါလီတွေက ရည်ရွယ်ချက်ရှိရှိနဲ့ ဒီနယ်မြေကို ကျူးကျော်လာတာ။

အဓိက အားနည်းချက်က ရခိုင်တိုင်းရင်းသားတွေရဲ့ အားနည်းချက်ပဲ။ သူက ကိုယ့်နယ်မြေကို ကာကွယ်ချင်တဲ့စိတ်မရှိဘူး။ ရန်ကုန်မှာ ရခိုင်တွေ သိန်းချီရှိနေကြတယ်။ သူတို့နယ်မြေကို ပိုပြီးတိုးတက်အောင်လုပ်ရမယ့်အစား ပိုကောင်းတဲ့နေရာကို သွားကြတယ်။ ဘူးသီးတောင်၊ မောင်တောက နယ်မြေဒေသလည်း ဆိုးတယ်။ ကျွန်တော် ကွပ်ကဲရေးမှူး လုပ်တုန်းက အမေ့ကို ခေါ်သွားဖို့လုပ်တော့ ကျန်တဲ့သူတွေက တားတယ်။ ဒီတော့ ကျွန်တော် လူသုံးထောင်ကို အုပ်ချုပ်ရမှာ၊ ကျွန်တော့်အမေရဲ့ သက်သာရေးကို မလုပ်ပေးနိုင်ရင် ဒီရဲဘော်တွေ သက်သာရေး ဘယ်လိုလုပ်နိုင်မှာလဲ ခေါ်မယ်ဆိုပြီး ခေါ်သွားတယ်။ ဒီတော့ အဲဒီဒေသက ရာသီဥတုဆိုးရွားတာလည်း မှန်တယ်၊ အစားအသောက် ရှားပါးတာလည်း မှန်တယ်၊ ပင်ပန်းဆင်းရဲတာလည်း မှန်တယ်။ ဒီတော့လည်း ဒေသခံတွေက ပိုသာတဲ့နေရာသွားတာပေါ့။ ပိုသာတဲ့ နေရာသွားတော့ သူတို့လယ်ယာမြေတွေ ရောင်းခဲ့တာလည်းရှိမယ်၊ ရှေးကတည်းက ဘင်္ဂါလီကို လယ်ယာငှားပြီး သီးစားချတဲ့အတွက် ဘင်္ဂါလီပိုင်တွေ တဖြည်းဖြည်း များလာတာလည်း ဖြစ်မယ်။ အင်္ဂလိပ်ဝင်ပြီးနောက် ရခိုင်ပြည်မှာ အရက်သောက်တာတို့၊ မူးယစ်ဆေးဝါးသုံးတာတို့ အကြီးအကျယ်ဖြစ်ခဲ့တာ ရှိတယ်။ အဲဒီ အကျင့်က ပါသွားတော့ ဘင်္ဂါလီကို မုန်းတာရယ်၊ နှိမ်ချင်တာရယ်ကလွဲရင် လယ်

လုပ်တဲ့ရခိုင် နည်းသွားတယ်။ ဆွေကြီးမျိုးကြီးတွေပဲ ရန်ကုန်တက်လာပြီး အောက်ခြေက မူးမူးရူးရူး၊ သောက်သောက်စားစားပဲ ရှိတယ်။

ဒီတော့ ဘင်္ဂါလီတွေက စနစ်တကျကျူးကျော်တယ်။ ဒီမှာရှိတဲ့လူတွေက လူမျိုးရေးအသိ၊ နိုင်ငံရေးအသိနဲ့ မထိန်းသိမ်းဘူး။ ကျူးကျော်မှုကို ထိန်းသိမ်းဖို့ ရောက်လာတဲ့ အဖွဲ့အစည်းတွေမှာ အထိုက်အလျောက် အကျင့်ပျက်မှုရှိလာတယ်။ အကျင့်မပျက်တဲ့ ဝန်ထမ်းအဖွဲ့အစည်းရှိလား ပြောမယ်ဆိုရင် ကျွန်တော်ကတော့ ရှိမယ်မထင်ဘူး။ အနည်းနဲ့ အများတော့ ပျက်မှာပဲ။ အမြဲတမ်းမပျက်ရင်တောင် တစ်ချက်ကောင်းတော့ ပျက်မှာပဲ။ ဥပမာ - မင်းငွေလိုတဲ့ အချိန်ရောက်လာရင် ပျက်ရင်ပျက်မှာပေါ့။ ဒါကိုကြည့်ပြီး ဝန်ထမ်းတွေ အကျင့်ပျက်တယ်ဆိုရင်တော့ ဟုတ်တာပေါ့။

ဒါကြောင့် တာဝန်ကျတဲ့အချိန်မှာရှိတဲ့ အစိုးရဝန်ထမ်းတွေ အကျင့်ပျက်လို့၊ ခြစားလို့ဆိုတာကြောင့်ဖြစ်တယ်ဆိုတာ လုံးဝမဟုတ်ဘူး။ ဒီအချက်တစ်ချက်ပါလားဆိုရင် ပါတယ်လို့ပြောရမှာပေါ့။ ဘာလို့ဆို ကျွန်တော် နားလည်သလောက် ဒီတိုင်းပြည်ရဲ့ ဒီမိုကရေစီ တောင်းဆိုမှုကလည်း အစိုးရဝန်ထမ်းတွေရဲ့ အကျင့်ပျက်မှုက စတာပဲ။

**Speaker ။ ။ သမ္မတ ဦးသိန်းစိန်က န. စ. က ကို ဖျက်သိမ်းခဲ့တယ်။ ဘာကြောင့် ဒီလို န. စ. က ကို ဖျက်သိမ်းရတာလဲ။**

UTH ။ ။ နိုင်ငံတကာ ဖိအားကြောင့် ဖြစ်ပါလိမ့်မယ်။ ဘာလို့လဲဆိုရင် န. စ. က ဟာ ဘင်္ဂါလီကို ငြိမ်အောင်ထိန်းရတာ ဖြစ်တဲ့အတွက် ကြမ်းကြမ်းတမ်းတမ်းလုပ်ရတဲ့ ကိစ္စတွေရှိတယ်။ ဘင်္ဂါလီတွေ နိုင်ငံခြားထွက်သွားပြီး ပြန်လာတယ်ဆို ဖမ်းဆီးထောင်ချတာပဲ။ ပိုက်ဆံပေးလည်း လုံးဝမလွှတ်ဘူး၊ လွှတ်လို့လည်း မရဘူး။ ဒါကို လူမျိုးရေးခွဲခြားတယ်ဆိုပြီး လူ့အခွင့်အရေးနဲ့ တိုက်ခိုက်လာကြတယ်။ ဒီတော့ ဒီလိုဖိအားပေးခံရတာ န. စ. က ကြောင့်ဆိုပြီး ဖြစ်လာတယ်။ ပြီးတော့ န. စ. က က ဝန်ထမ်းတချို့ရဲ့ မမှန်မကန်လုပ်ရပ်တွေလည်း ရှိခဲ့မှာပေါ့။ ကျွန်တော် တာဝန် ထမ်းဆောင်တဲ့အချိန်မှာတော့ အရက်မူးပြီး ရန်ဖြစ်တာလောက်ပဲရှိတယ်။ ဘင်္ဂါလီက ပိုက်ဆံပေးလို့ ခိုးသွင်းတာမျိုး၊ အိမ်ထောင်စုစာရင်း သွင်းတာမျိုး မရှိဘူး။ ဒီလိုလုပ်လို့ရဲအရာရှိတစ်ယောက်ကို အရေးယူဖို့ ရဲတပ်ဖွဲ့ကို ပြန်လွှတ်လိုက်တာမျိုးပဲ ရှိတယ်။ ဘင်္ဂါလီတွေ အုပ်စုလိုက်ဝင်လာပြီး စာရင်းသွင်းတာမျိုး မရှိဘူး။ နောက်ပြီး ကလေးလည်း နှစ်ယောက်မွေးလို့မရဘူး။ ကျွန်တော်တို့ မသိအောင်လည်း မွေးလို့ မရဘူး။

ဘာလို့လဲဆိုရင် စာရင်းဇယားကို တိတိကျကျကိုင်ထားသလို၊ သတင်းပေးစနစ်က လည်း ကောင်းတယ်။

အဲဒီဘက်က ဘဂ်ီလီတွေရဲ့ အနေအထားက ဩဇာအာဏာရှိတဲ့ သူတွေရဲ့ ခိုင်းတာကို လုပ်ပေးတာပဲ။ အဲဒီလို ဘဂ်ီလီတွေကို ထိုက်သင့်တဲ့လုပ်ငန်းပေးထားတော့ သတင်းတွေ ကျွန်တော်တို့ဆီ တက်လာတယ်။ ဘဂ်ီလီအချင်းချင်းလည်း ခေါင်းပုံဖြတ်တယ်။ အိမ်တစ်အိမ်က တစ်ယောက်က အာရေဗျကိုသွားပြီး အလုပ်လုပ်လို့ပြန်လာရင် ဗိုလ်ကြီး သိအောင် သွားတိုင်မယ် ပိုက်ဆံပေးဆိုတာမျိုးပေါ့။ ဒီတော့ အဲဒီအချိန်တုန်းက ကျွန်တော် မသိဘူးဆိုတာ မရှိဘူး။ ထောက်လှမ်းရေးတပ်ကို ဖျက်ဆီးလိုက်ပြီ၊ န. စ. က ကို ဖျက်လိုက်ပြီဆိုမှ ရပ်သွားတာပေါ့။ န. စ. က မှာ လုပ်ဖူးတဲ့ လ. ဝ. က လက်ထောက် ညွှန်မှူးတစ်ယောက်က န. စ. က ကိစ္စကြားတော့ ဒါထောက်လှမ်းရေးမရှိလို့ဖြစ်တာ၊ ထောက်လှမ်းရေးရှိရင် မဖြစ်ဘူးလို့ ပြောဖူးတယ်။

**Speaker ။ ။ ထောက်လှမ်းရေးရဲ့ အာဏာအလွဲသုံးစားလုပ်မှု၊ အကျင့်ပျက်ခြစားမှုတွေကြောင့်၊ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေကို ညှဉ်းပန်းနှိပ်စက်မှုတွေကြောင့် ထောက်လှမ်းရေးကို လူမုန်းများတယ်။ ဒါပေမဲ့ ဒီထောက်လှမ်းရေးမရှိလို့ သတင်းမရဘဲ လုံခြုံရေးကျိုးပေါက်မှုတွေ ရှိတယ်လို့လည်း ပြောကြတယ်။ ဒါကြောင့် ထောက်လှမ်းရေး ရှိခြင်း၊ မရှိခြင်းကို ဘယ်လိုမြင်လဲ။**

UTH ။ ။ ကျောင်းသားကို နှိပ်ကွပ်တာ၊ နိုင်ငံရေးသမားကို နှိပ်ကွပ်တာ ထောက်လှမ်းရေးက လုပ်တာမဟုတ်ဘူး။ တိုင်းပြည် ခေါင်းဆောင်က တာဝန်ပေးမှ လုပ်လို့ရတာပဲ။ ထောက်လှမ်းရေးရဲ့တာဝန်က သတင်းပေး၊ သတင်းဖော်ထုတ်ရတဲ့ အဖွဲ့အစည်းပဲ။ ဖမ်းဆီးတာက လုံခြုံရေးအဖွဲ့အစည်းရဲ့တာဝန်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်က ထောက်လှမ်းရေးတပ်ဖွဲ့ ညွှန်ကြားရေးမှူးနဲ့ န. အ. ဖ အတွင်းရေးမှူး (၁)တာဝန်ကို ပူးတွဲယူလိုက်တဲ့အခါ ဩဇာအရမ်းကြီးသွားတာပဲ။ ထောက်လှမ်းရေးဆိုတာက အခြေအနေမှန်ကို သတင်းပေးမယ်၊ တာဝန်ရှိတဲ့လူတွေက သုံးသပ်ပြီး ဆုံးဖြတ်မယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဲဒီနှစ်ခုကို ပူးတွဲလုပ်ရတာ။ ဒီတော့ သူ့ဩဇာ အရမ်းကြီးပြီး ဒီလိုဖြစ်လာတာပဲ။ ဒီတော့ ပြောစရာ ဖြစ်လာတာပေါ့။

နောက်တစ်ခုက ကောင်းသတင်းထက်၊ မကောင်းသတင်းက ပိုပျံ့လို့ပေါ့။ မေးခွန်း တစ်ခုလောက်မေးချင်တာက ထောက်လှမ်းရေးအဖွဲ့တွေ ပျက်စီးပြီလို့ ပြောနေကြချိန်မှာ ရ. ယ. က အဖွဲ့ကနေစပြီး အရပ်ဘက်၊ နယ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ ကကကြည်းတွေကရောလို့ မေးချင်တယ်။ ကျွန်တော်တို့တွေကို

အများဆုံးပြောတာက တပ်မတော်ကြည်းအဖွဲ့တွေ ပြောကြတာပေ့ါ။ ကျွန်တော်တို့ကတော့ ကြည်းတပ်၊ ထောက်လှမ်းရေးတပ် မခွဲပါဘူး။ တပ်မတော်က တစ်ခုတည်းပဲလို့ ယူဆထားပါတယ်။ ကျွန်တော်တစ်ခါမှ ကကြည်းက ဘာဖြစ်တယ်၊ ညာဖြစ်တယ် တစ်ခါမှ မပြောခဲ့ဖူးဘူး။ ဒါပေမဲ့ ဒီ ကကြည်းက လူတွေကိုရော ကျွန်တော်တို့ ထောက်လှမ်းရေးထက် ပိုသန့်တယ်လို့ထင်လား။ တကယ်လို့ ပိုသန့်တယ်လို့ ပြောခဲ့တဲ့လူရှိလို့ သူက သစ္စာဆိုတာကိုယုံရင် သစ္စာဆိုကြည့်ရအောင်ပါ။ ကကြည်းက တာဝန်ရှိတဲ့လူထဲမှာ ကျွန်တော်တို့ ထောက်လှမ်းရေးထက် ပိုပြီးသန့်ရှင်းတယ်ဆိုတဲ့လူရှိရင် ထွက်ခဲ့ပါ။

**Speaker ။ ။ ရခိုင်မြောက်ပိုင်းမှာ ငြိမ်းချမ်းအောင်၊ နှစ်ဖက် လူ့အဖွဲ့အစည်း နေနိုင်အောင် လက်ရှိအစိုးရကို ဘာများအကြံပေးချင်လဲ။**

UTH ။ ။ လွယ်လွယ်နဲ့တော့ မဖြစ်နိုင်ဘူး ထင်ပါတယ်။ အဲဒီမှာ ရောက်နေတဲ့ ဘင်္ဂါလီတွေဟာ မျိုးဆက်နှစ်ဆက်၊ သုံးဆက်ရှိနေပါပြီ။ ဒါကြောင့် တချို့ဘင်္ဂါလီတွေကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရပါတော့မယ်။ ဒါပေမဲ့ သက်ဆိုင်ရာ အထောက်အထားတွေကို ဒီဘင်္ဂါလီ လုပ်မထားဘူးဆိုရင် မပေးလို့လည်းရတယ်။ အဲဒီမှာရှိတဲ့ လူတွေဟာ သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ဆိုတဲ့ ပုံစံမျိုးနဲ့ ညီညီညွတ်ညွတ် နေလာကြတာ။ ဒါပေမဲ့ သွေးထိုးမှုတွေကြောင့် ဒီလိုတွေဖြစ်လာတယ်။ ကမ္ဘာနဲ့ချီပြီး လှုပ်ရှားနေတဲ့ မူဆလင် အကြမ်းဖက်အဖွဲ့တွေ ဝင်လာတာကိုလည်း တားဆီးရမယ်။ နှစ်ဖက်ညီညွတ်အောင်လုပ်ဖို့ ဘင်္ဂါလီတွေ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုတွေကို သိအောင် လုပ်ပေးထားရမယ်။ ရခိုင်တွေက သူတို့နယ်မြေလို့ပြောပေမယ့်လည်း သူတို့ဘိုးဘွားတွေညံ့လို့ အရောင်းအဝယ်နဲ့ ဖြစ်ဖြစ်၊ တခြားနည်းလမ်းနဲ့ဖြစ်ဖြစ် ဘင်္ဂါလီတွေ ပိုင်သွားပြီ။ နိုင်ငံတကာအရ လက်ရှိမှာ ဒီဘင်္ဂါလီတွေကို မောင်းထုတ်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ဒီတော့ နှစ်ဖက်စလုံး မိတ်ဆွေလို ဆက်ဆံမယ်ဆိုတဲ့စိတ် ရှိရမယ်။

နောက်ပြီး အစိုးရက အဲဒီဒေသ ဖွံ့ဖြိုးရေးလုပ်ပေးရမယ်။ ရှေးဘုရင်ခေတ်တွေတုန်းက ကင်းတပ်မြို့တွေ တည်သလို နယ်စပ်မှာ ကင်းတပ်မြို့တွေတည်ရမယ်။ ကျွန်တော်တို့ လက်ထက်မှာ လူကို လူနဲ့ကာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ န. တ. လ ရွာ(တိုင်းရင်းသားရွာ)တွေ တည်ခဲ့ပေမယ့် ပိုက်ဆံကြောင့် ပြည့်ပြည့်စုံစုံ မဖန်တီးနိုင်ဘူး။ အထက်က လုပ်ရမယ်ဆိုလို့သာ လိုက်လုပ်ပြီး အဲဒီလုပ်ငန်းတွေ အောင်မြင်ဖို့ ငွေကြေးအရ၊ အလုပ်အရ အင်တိုက်အားတိုက် လုပ်တဲ့သူ မရှိခဲ့ဘူး။ န. တ. လ

ရွာတွေဟာ န. စ. က ရှိတုန်းကလောက် အစောင့်အရှောက် မရှိတော့ဘူးထင်တယ်။ န. တ. လ ရွာတွေမှာ လူအင်အားအပြည့်နဲ့ ရှိနေဖို့ လုံခြုံရေးတပ်ဖွဲ့တွေကို ချကို ချထားရမယ်။

**Speaker ။ ။ အစိုးရက အခု မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်မှာ နိုင်ငံတော် ဘတ်ဂျက်အများကြီးသုံးပြီး ခြံစည်းရိုးလုပ်နေတယ်။ ဒီတော့ အန်ကယ်တို့ တာဝန်ယူတုန်းကရော နယ်စပ်ခြံစည်းရိုး ရှိလား။**

UTH ။ ။ မရှိပါဘူး။

**Speaker ။ ။ နယ်စပ်ခြံစည်းရိုး လုံးဝရှိကို မရှိတာလား။**

UTH ။ ။ မရှိဘူး။ ရှိကို မရှိဘူး။

အကောင်းဆုံးထိန်းချုပ်မှုကတော့ လူဦးရေ အတိုး၊ အလျှော့ကို စာရင်းဇယားနဲ့ထားပြီး မှန်မှန်စစ်ဆေးတာပဲ။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ န. စ. က ရဲ့ လုပ်နည်းလုပ်ဟန်က အဲဒီဒေသအတွက် အကောင်းဆုံးပဲ။ သမ္မတ ဟောင်းဦးသိန်းစိန်တို့လည်း သိမှာပါ။ သူတို့ G 1 အဆင့်လောက်မှာ အဲဒီလို လုပ်ခဲ့တာရှိတယ်။ ဒီစနစ်အရ ရွာတိုင်းမှာ အိမ်ထောင်စုစာရင်းရှိတယ်၊ ဖွား၊ သေစာရင်းရှိတယ်၊ သွားချိန်၊ လာချိန်သတင်းပို့ရမယ်။ ဒါကို ထိန်းချုပ်ထားတဲ့အတွက် ဟိုဘက်က ဘင်္ဂါလီတွေဝင်လာလို့မရဘူး။ ဒီဘက်က ဘင်္ဂါလီတွေလည်း ထွက်သွားလို့မရဘူး။ ထွက်သွားရင် သိတဲ့ သတင်းပေးစနစ်တွေ ရှိတယ်။ အခု ဒါကို လူ့အခွင့်အရေးတို့၊ ဘာတို့ အော်လာတော့ ဦးသိန်းစိန်တို့အနေနဲ့ မဖျက်သင့်ဘူးဆိုတာ နားလည်ပေမယ့် ယှဉ်ပြိုင်ပြီး စဉ်းစားရတာတွေ ရှိလာတယ်။ ဒီတော့ ဘယ်ဟာကို အဆုံးရှုံးခံမလဲဆိုပြီး စဉ်းစားရမှာပေါ့။ ဒါပေမဲ့ န. စ. က ကို ဖျက်လိုက်ပေမယ့် န. စ. က ရဲ့ လုပ်နည်းလုပ်ဟန်ကို မဖျက်ဘဲ ဆက်သုံးလို့ရတာပဲ။ လူဦးရေ မှန်မှန်စစ်ဖို့ လ. ဝ. က ကို တိုးချပေးလိုက်ပေါ့။ တပ်အင်အား တိုးချပေါ့။ ရဲတွေကို တာဝန်ပေးမယ်ဆိုရင်လည်း အင်အားနည်းနည်းပဲ မပေးနဲ့။ အဲဒီက ရဲတွေကလည်း ရဲအလုပ်တင်မဟုတ်ဘဲ ထောက်လှမ်းရေးအလုပ်၊ နောက်က ကြီးကြပ်တဲ့ အလုပ်၊ လ. ဝ. က အလုပ်၊ အကောက်ခွန်အလုပ်တွေ လုပ်တတ်အောင် သင်ပေးထားရမှာပေါ့။

န. စ. က ကို မူဝါဒအရ ဖျက်ချင်ဖျက်လိုက်ပါ ပြဿနာမရှိဘူး။ ဒါပေမဲ့ န. စ. က ရဲ့ လုပ်နည်းလုပ်ဟန်ကို ဆက်ထိန်းထားရမယ်။ ဒီလိုဆက်ထိန်းထားတာက ဘင်္ဂါလီကို နှိပ်ကွပ်ဖို့ မဟုတ်ဘူး။ ဘင်္ဂါလီတွေကို ဥပဒေအရ ရသင့်ရထိုက်တဲ့

အခွင့်အရေးတွေ ပေးရမယ်။

**Speaker ။ ။ ဩဂုတ် ၂၅ ရက်မှာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်က ရဲကင်းစခန်း ၃၀ ကျော်ကို တစ်ပြိုင်တည်း အကြမ်းဖက်တိုက်ခိုက်တယ်။ နောက်ဘင်္ဂါလီတွေက ကိုယ့်အိမ်ကိုယ်မီးရှို့ပြီး ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးတယ်။ နိုင်ငံတကာမီဒီယာမှာပါတဲ့ ထွက်ပြေးတဲ့ဘင်္ဂါလီထဲမှာ မိန်းကလေး၊ ကိုယ်ဝန်သည်၊ သက်ကြီးရွယ်အို၊ ကလေးတွေအများစုဖြစ်နေတယ်။ အရွယ်ရောက်နေတဲ့ ယောကျာ်း တွေက ဆယ်ယောက်မှာ တစ်ယောက်တောင်မရှိဘူး အရမ်းနည်းတယ်။ ဒီလိုရခိုင် အရေးကို နိုင်ငံတကာအရေး ဖြစ်အောင်ပုံဖော်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အန္တိမ ရည် ရွယ်ချက်က ဘာလဲ။**

UTH ။ ။ အဲဒီမှာ ဘင်္ဂါလီ လူမျိုးချည်းပဲ နေထိုင်တဲ့ နိုင်ငံတစ်ခု တည်ထောင်ချင် လို့။ ဒါမှမဟုတ် တခြားနိုင်ငံတစ်ခုရဲ့ လက်အောက်ခံ (ဒါမှမဟုတ်) ပြည်နယ်တစ်ခု ဖြစ်ချင်လို့။ ဒီနယ်မြေကို သူတို့ အပိုင်ရဖို့ပေါ့။

**Speaker ။ ။ အန်ကယ် တာဝန်ထမ်းဆောင်စဉ်က ဘင်္ဂါလီတွေမှာ အဲဒီလောက် ရည်မှန်းချက်ကြီးတာကို တွေ့ဖူးလား။ ဘာကြောင့် ဒီလိုဖြစ်လာတာလဲ။**

UTH ။ ။ နဂိုကတည်းက ဘင်္ဂါလီတွေမှာ ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့က လက်ဦးထားတယ်။ န. စ. က ဖွဲ့ပြီးတော့ ဥပဒေတွင်းက ကြမ်းကြမ်းတမ်းတမ်းနဲ့ မလုပ်အောင် အုပ်ချုပ်ထားတာ။ အကြမ်းဖက်တွေနဲ့ဆက်သွယ်ရင် သူတို့ဒုက္ခ ရောက်မယ်ဆိုတဲ့ အကြောက်တရားနဲ့ အုပ်ချုပ်ထားလို့ ဆက်သွယ်ချင်ရင်တောင် မဆက်သွယ်ဘူး။ အေးအေးချမ်းချမ်းနေရင် ဘာမှလည်း မဖြစ်ဘူးဆိုတော့ မလုပ်ဘူး။ အခုတော့ အကြောက်တရားက ပြုတ်ထွက်သွားပြီ။ ကျွန်တော်တို့ န. စ. က မှာ ရှိတုန်းက တိုင်းပြည်မှာအာဏာအရှိဆုံးထဲက အဆင့်သုံးလောက်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ခင်ညွန့်က တိုက်ရိုက်အုပ်ချုပ်တာ။ အဲဒီက ကွပ်ကဲရေးမှူးက ဗိုလ်ချုပ်ကြီးခင်ညွန့် ကို တိုက်ရိုက်အစီရင်ခံရတယ်။ ဒီတော့ ဆုံးဖြတ်ချက်တွေက မြန်တယ်၊ ပြတ်သား တယ်။ ကွပ်ကဲရေးမှူးက တင်ပြရင်လည်း အထက်က မငြင်းဘူး။

ကျွန်တော် ပြောင်းသွားတဲ့နောက်မှာ နယ်ခြားစောင့်တပ်များရဲ့ ကွပ်ကဲရေးအဖွဲ့ ဆိုပြီးဖွဲ့တယ်။ ကာနယ်တစ်ယောက် လှမ်းပို့လိုက်တယ်။ ကျွန်တော့်တုန်းက လက် ဖနင်တင် ကာနယ်နဲ့သွားရတာ။ ဒီလို တိုးချဲ့ဖွဲ့စည်းလိုက်ပေမယ့် သွားတဲ့သူတွေက အရည်အချင်း မပြည့်မီဘူး။ ကာနယ်တစ်ယောက်အနေနဲ့ စစ်ဆင်ရေးလုပ်ငန်းတွေ ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တယ်ဆိုပေမယ့် န. စ. က ရဲ့ ဌာနလေးခု ပူးပေါင်း

တဲ့လုပ်ငန်းကို မလုပ်တတ်တော့ဘူး။ ဖျတ်ခနဲဆို အဖြေဘာလဲ မသိတော့ဘဲ ပြန်မေးနေရတယ်။ ကျွန်တော်တို့ကို လက်ဖနင်တင်ကာနယ်နဲ့ ပို့ကြတယ်၊ အော့ရှဲ ရင်းနဲ့ ပို့ကြတယ်။ Officiating ကာလလည်း ဖြစ်တယ်။ အပေါ်ကလည်း ထောက်ခံထားတယ်ဆိုတော့ သတ္တိလည်းရှိတယ်။ ခုတော့ နဂိုရှိတဲ့ ထောက်လှမ်း ရေးတပ်တွေ ထွက်သွားပြီး အသစ်လုပ်တဲ့ ထောက်လှမ်းရေး တပ်တွေရှိပေမယ့် သူတို့လည်း မသိဘူး။ အမှန်တော့ စာရွက်စာတမ်း ကြည့်လုပ်မယ်ဆိုရင် ရပါတယ်။ ဒါပေမဲ့ အဲဒီကို သွားတဲ့လူတွေက ဒီလုပ်ငန်းတွေကို စိတ်ဝင်တစား လုပ်ချင်တဲ့သူ မရှိဘူး။ အရင်က လုပ်ပိုင်ခွင့် အပြည့်အဝရှိပေမယ့် နောက်ပိုင်းမှာ ထောက်လှမ်း ရေးဖျက်လိုက်တော့ သူက အထက်နဲ့ တိုက်ရိုက် မဆက်ဆံနိုင်တော့ဘူး။ သူတစ်ခုခု ပြောချင်ရင် လ. ဝ. က ညွှန်ကြားရေးမှူးကို အရင်ပြောမယ်။ ပြီးတော့မှ ကကကြည်း က တစ်ဆင့် G 1 ဆီ တက်ရမယ်။ သူ့ဩဇာအာဏာ မရှိတော့ဘူး။ ဆိုလိုချင်တာက ကောင်းတဲ့လုပ်ငန်းသည် ဘယ်သူပဲလုပ်လုပ် ကောင်းတာပေါ့။ တိုင်းပြည်အတွက် အကျိုးရှိတယ်ဆိုရင် ဆက်လုပ်ရမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ အနေ အထားက အရင်တပ်မှူးက လုပ်ထားတာ ရှိပေမယ့်လည်း နောက်တပ်မှူးက အခြား ဟာ လုပ်ဆိုရင် လုပ်ရတာပဲ။ တစ်ခါတစ်ခါ မှန်နေပေမယ့် မာနကြောင့် ဖျက်ဆီး ပစ်ခဲ့တာတွေ တပ်မတော်လောကမှာ ရှိတာပေါ့။ ဥပမာ - ရှေ့က တပ်ရင်းမှူးက မြက်ခင်းစိုက်သွားရင် နောက်က တပ်ရင်းမှူးက လယ်ထွန်လိုက်တယ် ဆိုတာမျိုးပေါ့။

ဒီတော့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးပြောင်းလိုက်တဲ့အချိန်မှာ ဝင်လာ တဲ့ ညွှန်ကြားရေးမှူးက လုပ်ငန်းတွေကို မကျွမ်းကျင်တော့ဘူး။ အရင်လိုလည်း မလုပ်ရဲတော့ဘူး။ ထောက်လှမ်းရေးတပ်ဖွဲ့တွေကို အရေးယူပြီးချိန်မှာ ထောက် လှမ်းရေးတပ်ဖွဲ့တွေကို တရားစွဲချင် စွဲနိုင်တယ်လို့ ရွာသားတွေကို လိုက်မြှောက် ပေးလိုက်တယ်။ တချို့က နဂိုတုန်းက လွတ်ပေမယ့် နောက်မှတိုင်လိုက်လို့ အဖမ်းခံ ရတော့ ထောက်လှမ်းရေးက ကွပ်ကဲထားလို့ ကြောက်ပြီးငြိမ်နေတဲ့ အနေအထားကနေ နောက်ရောက်လာတဲ့ ထောက်လှမ်းရေး အပါအဝင် ဘယ်သူ့ကိုမှ ကြောက်စရာမလို တော့ဘူးဆိုတော့ ပိုကြောက်ရတဲ့သူဆီသွားတာပေါ့။ သိတဲ့အတိုင်းပဲ ရွာလူကြီးတွေကို ဘင်္ဂါလီတွေက သတ်ပစ်တာမျိုးတွေ ရှိတယ်လေ။ ဆိုလိုတာက အကြောက်တရားနဲ့ အုပ်ချုပ်ထားတာ ပြယ်သွားတဲ့အခါ ပိုကြောက်တဲ့လူဆီ ပါသွားတာမျိုးပေါ့။

**Speaker ။ ။ နိုင်ငံတော် အတိုင်ပင်ခံရဲ့ ကမ္ဘာကိုပြောတဲ့ မိန့်ခွန်းထဲမှာ ထွက် မပြေးတဲ့ ဘင်္ဂါလီရွာတွေ အများကြီးရှိတယ်လို့ ပါတယ်။ လက်ရှိအစိုးရကို နိုင်ငံ**

**တကာက ဖိအားပေးအောင် ဘင်္ဂါလီတွေက ဘာလို့လုပ်တာလဲ။ နောက်ကွယ်က ကြိုးကိုင်သူတွေက ဘယ်သူတွေ ဖြစ်မလဲ။**

UTH ။ ။ အစွန်းရောက် မူဆလင်အဖွဲ့တွေပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ကို နိုင်ငံရေးအရ သတ်ခဲ့တာ အနောက်အုပ်စုနဲ့ အမေရိကန်ပဲလေ။ အခု အမေရိကန်နဲ့ ဒေါ်အောင်ဆန်းစုကြည် အဆင်ပြေနေတာပဲ ဒေါ်အောင်ဆန်းစုကြည် စိတ်ညစ်အောင် ဘာလို့လုပ်မှာလဲ။ မူဆလင်တွေရဲ့တရားမှာလည်း ဘယ်သူ့ကိုမှ မနှိပ်စက်ရဆိုတဲ့ မှန်တာတွေ၊ ကောင်းတာတွေ ပါပါတယ်။ ဒါပေမဲ့ ဂျီဟတ်တစ်ခုက လွဲလို့ပေါ့။ ဒါပေမဲ့ ဒီတစ်ခုကို စွဲကိုင်ပြီး မူဆလင်နိုင်ငံ တည်ထောင်မယ်ဆိုတဲ့ အစွန်းရောက်အဖွဲ့တွေရှိတော့ ဒီအဖွဲ့တွေပဲဖြစ်မယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ ပိုက်ဆံရရင် ငြိမ်နေမှာပဲ။ အစိုးရအချင်းချင်း ဖြစ်ဖြစ်၊ အကြမ်းဖက်တွေကို ကူညီနေတဲ့ အဖွဲ့တွေကဖြစ်ဖြစ် မင်းတို့ ဒီအဖွဲ့တွေကို လက်ခံထားရင် မင်းတို့ကို ကူညီငွေ ဘယ်လောက်ပေးမယ်ဆိုရင် လက်ခံထားမှာပဲ။ သူတို့တွေအတွက် ဒေါ်လာ တစ်ဘီလီယံဆိုတာ ဘာမှမှ မဟုတ်တာ။ တကယ်ကြိုးကိုင်နေတယ်ဆိုရင်တော့ မူဆလင်အစွန်းရောက်အဖွဲ့တွေပဲ ဖြစ်မယ်။

တကယ်လို့ အမေရိကန်တို့၊ အနောက်အုပ်စုတို့ပါမယ်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တစ်ခုခု မကျေလည်လို့ ဖြစ်မှာပေါ့။ သူတို့ပြောတာ တစ်ခုခုကို ဒေါ်အောင်ဆန်းစုကြည်ငြင်းလို့ပဲ ဖြစ်လိမ့်မယ်။

**Speaker ။ ။ ရခိုင်ကိစ္စ ရေရှည်မှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ဖို့ အဓိကအနေနဲ့ ဘာပြောချင်သေးလဲ။**

UTH ။ ။ အစိုးရ ဘာလုပ်သင့်လဲဆိုတာတော့ ကျွန်တော် သေသေချာချာမသိဘူး။ အစိုးရ ဘာလုပ်သင့်လဲဆိုတော့ ဘင်္ဂါလီတွေအကြောင်း မှန်မှန်ကန်ကန်သိဖို့ အရေးကြီးတယ်။ ဘင်္ဂါလီတွေက စာတတ်တာ နည်းတယ်။ ဘင်္ဂါလီတွေ မြန်မာနိုင်ငံအကြောင်းသိဖို့ စာတတ်အောင်၊ အတွေးအခေါ် တတ်အောင် လုပ်ပေးရမယ်။ ကိုယ့်ကို ယုံကြည်အောင်လည်း လုပ်ရမယ်။ ဘာလို့လဲဆိုရင် ငါတို့အချင်းချင်းဟာ ဆွေမျိုးသားချင်းပဲ၊ မူဆလင်တွေပဲဆိုတဲ့ အကြောက်တရားနဲ့ ဒေါသနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေက စည်းရုံးတာ၊ ခြိမ်းခြောက်ရင်းနဲ့ ပါသွားတာပေါ့။ ကျွန်တော့်ရဲ့ဝန်ထမ်းတွေက အနိုင်ကျင့်တာမျိုးလည်း ရှိတယ်။ မြန်မာလူမျိုးတွေရဲ့အကျင့်က အာဏာရှိလို့ရှိရင် အရပ်ထဲကလူကို မောက်မောက်မာမာဆက်ဆံတာတွေ ရှိတယ်။ ဒီလိုမဖြစ်ဘဲ အစိုးရကို ယုံကြည်အောင် လုပ်ရမယ်။

ဘာအကြောင်းကြောင်းနဲ့မှ တပ်တွေ ဆုတ်တာတွေ၊ ရွာတွေ ရှောင်ပြေးတာတွေ လုပ်လို့မရဘူး။ ကျွန်တော့်အမြင်တော့ သိပ်မှားတယ်။ ရွာတွေမှာ တပ်ချ၊ စားရေ ရိက္ခာပေးပြီး ခံချရမယ်။ ဒီလိုမဟုတ်ဘဲ ကြောက်လို့ ထွက်ပြေးတယ်ဆိုတာမျိုးဖြစ်သွားရင် အကြမ်းဖက်သမားတွေ စည်းရုံးစရာဖြစ်သွားမှာပေါ့။ ဒီအကြမ်းဖက်သမားတွေက အရင်အကြမ်းဖက်အဖွဲ့ကလူတွေ သိပ်မပါဘူး။ နိုင်ငံတကာမှာ စည်းရုံးသလို မြန်မာနိုင်ငံထဲက နိုင်ငံခြားထွက်တဲ့ ဘင်္ဂါလီတွေကို စည်းရုံးပြီး မြန်မာနိုင်ငံထဲ ပြန်ထည့်တာ။ ပြီးမှ သတ်ဖြတ်နည်းရထားတဲ့ အဲဒီဘင်္ဂါလီတွေက တစ်ဆင့် ရိုးရိုးသားသား ဘင်္ဂါလီတွေကို အကြောက်တရားနဲ့ စည်းရုံးတာ။ ဒီတော့ အကြောက်တရားကို အမှန်တရားဖြစ်အောင် ဘင်္ဂါလီတွေကို ပညာပေးရမယ်၊ ဆွေးနွေးရမယ်၊ အကာအကွယ်ပေးရမယ်။ နောက်ပြီး အကြမ်းဖက်မှုတွေနဲ့ ဆက်စပ်သူတွေကို ပြတ်ပြတ်သားသား အရေးယူရမယ်။

ရွာတွေက ရဲတွေ၊ လူတွေ ဆုတ်ခွာ ပြေးလာတယ်ဆိုတာကို သဘောမကျဘူး။ စစ်သားဖြစ်ဖြစ်၊ ရဲဖြစ်ဖြစ် နောက်ဆုံး ကျည်ဆန်တစ်တောင့်နဲ့ ရန်သူကို သေအောင် ခံချရမယ်။ ဒါပေမဲ့ နိုင်ငံတကာမှာ ပြဿနာတွေမဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆိုလို့ ဒီလိုမလုပ်တာဖြစ်မှာပါ။ လူဘယ်လောက် ဝိုင်းလဲမသိပေမယ့် ကင်းစခန်းတစ်ခုမှာ ရဲဆယ်ယောက်ရှိလို့ ရဲရဲတင်းတင်း ခံပစ်ရင်တောင် မကျဘူး။ ဘင်္ဂါလီတွေကလည်း အသက်နဲ့လေ။ နောက်ပြီးရွာသားတွေကို “မင်းလာ၊ မလာရင် သတ်မယ်”ဆိုပြီး အကြောက်တရားနဲ့ စည်းရုံးထားတာရော၊ ဉာဏ်မမီတာရော ပါတယ်။ ဒီတော့ ရဲတစ်ယောက်က ဝိုင်းလာတဲ့ ဘင်္ဂါလီခြောက်ယောက်လောက်ကျအောင်ပစ်ရင် ကင်းစခန်း ဘယ်လိုမှကျစရာ မရှိဘူး။ ဒီတော့ အစိုးရဘက်က ဘင်္ဂါလီတွေ ကြမ်းကြမ်းတမ်းတမ်းလုပ်ရင် သူတို့ကလည်း ပြတ်ပြတ်သားသား လုပ်ရမယ်ဆိုတာကို သိရမှာပေါ့။ နောက်ပိုင်းကြုံက်တဲ့ နိုင်ငံရေးပြဿနာ ဝင်ချင်ဝင်ပေါ့။ အဲဒီလိုလုပ်မှ ရဲတပ်သားတွေ လုပ်ရဲမှာပေါ့။ တကယ်တော့ ရဲဆိုတာ သမိုင်းကြောင်းတစ်လျှောက်မှာ အနှိမ်ခံရတဲ့ အဖွဲ့အစည်းတစ်ခုပါ။ ပါတီက နှိပ်စက်လိုက်၊ ကောင်စီက နှိပ်စက်လိုက်၊ ကျွန်တော်တို့ စစ်တပ်က နှိပ်စက်လိုက်နဲ့ပေါ့။ တကယ်တမ်းကြည့်မယ်ဆိုရင် ကိုယ့်လုပ်ငန်းကို မှန်တယ်ဆိုရင် သတ္တိရှိရှိနဲ့ လုပ်ရဲတဲ့ ရဲအရာရှိ တော်တော်နည်းတယ်။ ဟိုလူအကြိုက်လုပ်လိုက်၊ ဒီလူအကြိုက် လုပ်လိုက်နဲ့ လုပ်ရတာ။ ဒီတော့ အဲဒီမှာရှိတဲ့ လူတွေက ပြတ်ပြတ်သားသား၊ ရဲရဲရင့်ရင့် လုပ်ရဲတဲ့လူတွေ ဖြစ်ရမှာပေါ့။ လုပ်ပိုင်ခွင့်လည်း ပေးထားရမှာပေါ့။

လုပ်ပိုင်ခွင့်မပေးထားလို့ ကိုယ့်ကိုလာဝိုင်းနေတာကို ပစ်ရမှာလား ပြန်မေးနေရင်တော့ မဟုတ်သေးဘူး။ ကိုယ့်ကို လာဝိုင်းနေရင် နဖူးနဲ့ဗိုက်ကိုပစ်ကွာ၊ အသေပဲ လိုချင်တယ်လို့ ပြောလိုက်ရင် ဘင်္ဂါလီအကြမ်းဖက်သမားတွေ ဘယ်လာဝိုင်းရဲမလဲ။ ငါမသတ်ရင် ငါသေမယ်၊ ဒါကြောင့် ငါ မသေခင် ပါသလောက် ခေါ်သွားမယ်ဆိုတဲ့ စိတ်မျိုးရှိရမယ်။ ကျွန်တော် ရဲတပ်ဖွဲ့နဲ့ ကင်းကွာနေလို့ ဘယ်လိုစိတ်မျိုးရှိနေလဲ မသိတော့ပေမယ့် သူတို့မှာ ဒီလို စိတ်လျော့နေတယ်လို့ မြင်မိတယ်။

**အွန်လိုင်းဝတ္ထု**


***Speaker သတင်းဂျာနယ်***

***အတွဲ(၁) အမှတ်(၄၃)***

***၂၀၁၇ စက်တင်ဘာ ၂၈ နေ့ထုတ်မှ***

ကျွန်တော် သတင်းတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်တုန်းကနဲ့ "န. စ. ကမှာ နေတုန်းက အဂတိတရားလေးပါးမှာ ငါကြောက်တာ ဆန္ဒဂတိ။ အခု သတင်းတပ်ဖွဲ့မှူးဘဝမှာ ငါကြောက်တာ မောဟဂတိ"လို့ ပြောခဲ့တာရှိတယ်။ တစ်နိုင်ငံလုံးနဲ့ ခြုံတဲ့အခါ အောက်က တင်ပြတာကိုပဲ အထက် အဆင့်ဆင့်ကို တင်ပြရတာမျိုးရှိတယ်။ အောက်ကလူတွေက စနစ်မကျဘဲလုပ်ရင် မမှန်မကန် လုပ်တာလား၊ မှန်မှန်ကန်ကန် လုပ်တာလား၊ ဖြစ်နိုင်လား၊ မဖြစ်နိုင်လားဆိုတာကို လုပ်ငန်းအတွေ့အကြုံအရ မှန်းလို့ရတယ်။ ဒါပေမဲ့ စနစ်တကျနဲ့ လိမ်ပြီဆိုရင် သေသေချာချာ မှန်းလို့မရတော့ဘူး။ ထောက်လှမ်းရေးတပ်ဖွဲ့မှာ ရှိတဲ့သူရဲ့ ကိုယ်ကျင့်တရားက ရာနှုန်းပြည့် အပြည့်အစုံဖြစ်ဖို့ ကောင်းတယ်။ ဘာလို့လဲဆိုရင် သူများ မကောင်းကြောင်းကို စုံစမ်းပြီး အထက်ကို တင်ပြပေးရတာ။ မကောင်းကြောင်းဆိုတာ မူဝါဒနဲ့ ဆန့်ကျင်တာတွေကို တင်ပြရတာ။ သူတို့ မှန်မှန်ကန်ကန်တင်ပြမှ လူကြီးတွေ မှန်မှန်ကန်ကန် ဆုံးဖြတ်လို့ရမှာ။ ထို့အတူ လူကြီးတွေကလည်း တင်ပြတာကို မှန်မှန်ကန်ကန် နားထောင်ပေးဖို့ လိုတာပေါ့။ ဒီ စနစ်ပျက်သွားတဲ့ သဘောပါ . . .

**ဗိုလ်မှူးကြီးသက်ထွန်း**



# “တပ်မတော်ထောက်လှမ်းရေး (ကကလှမ်း) ပျက်သွားတာ အကုန်လုံးမှာ တာဝန်ရှိတယ်”

ထောက်လှမ်းရေးတပ်မှူး၊ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး၊
န.စ.က ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသက်ထွင်(ငြိမ်း) နှင့် တွေ့ဆုံခြင်း
အပိုင်း(၂)

OTS-၄၇ သင်တန်းဆင်း ဗိုလ်မှူးကြီးသက်ထွန်းသည် တပ်မတော်တွင် နှစ်ပေါင်း ၃၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ တပ်မတော် ထောက်လှမ်းရေး ကက(လှမ်း)ကို ၂၀၀၄ အောက်တိုဘာတွင် ဖျက်သိမ်းစဉ်က ဗိုလ်မှူးကြီး သက်ထွန်း လည်း ဖမ်းဆီးခံခဲ့ရသည်။

ယင်းအချိန်က ဗိုလ်မှူးကြီးသက်ထွန်းသည် သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ ဗိုလ်မှူးကြီး သက်ထွန်းကို ဖမ်းဆီးစစ်ဆေး ချိန်တွင် လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုများ မပေါ်ပေါက်သဖြင့် နောက်ဆုံး ဘာပုဒ်မမှ တပ်မရသည့်အဆုံး အင်းစိန်ထောင်တွင် ရက်ပေါင်း ၃၀ နီးပါးနှင့် ခြေလျင်တပ်တွင် ရက်ပေါင်း ၃၀ နီးပါး အစစ်ဆေးခံခဲ့ရပြီး ပြန်လွတ် လာသူဖြစ်သည်။

ဗိုလ်မှူးကြီး သက်ထွန်းသည် တပ်မတော်ထောက်လှမ်းရေး ကက(လှမ်း)တွင် တပ်မှူးဘဝ (ထောက်လှမ်းရေး ၁၁၊ ၂၄ တပ်မှူး)၊ နောက် န. စ. က ကွပ်ကဲရေးမှူး၊ စစ်မဟာဗျူဟာ လေ့လာရေးရုံးတွင်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဘူးသီးတောင်၊ မောင်တော န. စ. က ကွပ်ကဲရေးမှူး သုံးနှစ်တာဝန်ထမ်းဆောင်ချိန် တွင် မိခင်ကြီးအား အဆိုပါဒေသသို့ ခေါ်သွားခဲ့သူလည်းဖြစ်သည်။

(အဆိုပါအချိန်က ဝန်ထမ်းများ ဘူးသီးတောင်၊ မောင်တောသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ချိန်တွင် မိသားစုနှင့် မိဘတို့ကို ခေါ်သွားသူ မရှိသလောက် ရှားပေသည်) ဗိုလ်မှူးကြီး သက်ထွန်းသည် အိမ်ထောင်မပြုဘဲ မိဘကို အလုပ် အကျွေးပြုသဖြင့် ထောင်နှစ်ရှည်မကျဘဲ ရက်အနည်းငယ်သာ နေခဲ့ရသူဖြစ်သည်ဟု တချို့က ဆိုကြသည်။

ကက(လှမ်း)တွင် တာဝန်ထမ်းဆောင်ခဲ့ချိန် ရတနာသုံးပါး ဂုဏ်ကျေးဇူးနှင့် ဘာသာတရားလိုက်စားမှု၊ မိဘကို လုပ်ကျွေးမှုတို့ကြောင့် အခြား လုပ်ဖော်ကိုင်ဖက်များ ထောင်နှစ်ရှည်ကျသော်လည်း ၎င်းကို မှားဖမ်းမိ၍ ပြန်လွှတ်လိုက်ရသည်ဆိုသည့် ဗိုလ်မှူးကြီးသက်ထွန်းအား တပ်မတော်ထောက်လှမ်းရေး ဘာကြောင့် ပျက်သုဉ်းသွား သလဲကို စတင်မေးမြန်းလိုက်သည်။

**Speaker ။ ။ ၂၀၀၄ ခုနှစ် အောက်တိုဘာမှာ မြန်မာနိုင်ငံမှာ တန်ခိုးအလွန်ထွားတဲ့ တပ်မတော် ထောက်လှမ်းရေး ကက(လှမ်း)ကို ဖျက်သိမ်းလိုက်တယ်။ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးနဲ့ ထောက်လှမ်းရေး အရာရှိတွေကိုလည်း ဖမ်းဆီးလိုက်တယ်။ ဗိုလ်မှူးကြီးကိုယ်တိုင်လည်း အဖမ်းခံရတယ်။ အဲဒီအချိန်တုန်းက ဘာ့ကြောင့် ကက(လှမ်း)ကို အရေးယူလိုက်ရတာလဲ။ ပြောလို့ရသလောက် ပြော ပေးပါဦး။**

UTH ။ ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ လက်အောက်ခံအဖွဲ့ တွေကို မနှစ်သက်တဲ့အတွက်၊ မထားချင်တဲ့အတွက်ကြောင့် အရေးယူလိုက်တာပါ။ ဘာကြောင့်လဲဆိုတဲ့ အကြောင်းတရားတွေကိုတော့ သူတို့တွေမှ ပိုသိမှာပေါ့။

**Speaker ။ ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တိုင်းတွေ၊ တပ်မတွေကို သွားစစ်တဲ့အခါ ကက(လှမ်း)က လူတွေ မောက်မာတာ၊ ငွေကြေးရှုပ်ထွေးတာ၊ စစ်သားစိတ် မရှိတာ တွေကို ဝိုင်းတိုင်ကြသလို အပြင်လူတွေကလည်း ထောက်လှမ်းရေး မကောင်းကြောင်းကို ဝိုင်းတိုင်ကြတယ်လို့ ကြားဖူးတယ်။ ဒါကြောင့် ဝန်ကြီးချုပ်တာဝန်နဲ့ ထောက်လှမ်း ရေးညွှန်ကြားရေးမှူးတာဝန်ကို တွဲကိုင်နေတဲ့ ဦးခင်ညွန့်ကို ဗိုလ်ချုပ်မှူးကြီးသန်း ရွှေက "ကိုခင်ညွန့်၊ ထောက်လှမ်းရေးကို ကျွန်တော်အရေးယူတော့မယ်။ ခင်ဗျား၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး တာဝန်ကနေထွက်ပြီး ဝန်ကြီးချုပ်တာဝန်ပဲ ယူလိုက်တော့"လို့ ပြောခဲ့တယ်။ ဒါပေမဲ့ အဲဒါကို ဗိုလ်ချုပ်ကြီး ခင်ညွန့်က လက် မခံခဲ့ဘူးလို့လည်း ကြားဖူးတယ်။ နောက်ပြီး မူဆယ်က ထောက်လှမ်းရေး တပ်ကြပ် ကြီးတစ်ယောက်ကို အရေးယူလိုက်လို့ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်ချုပ်မှူးကြီး သန်း ရွှေကို ရန်လုပ်တယ်လို့ ပြောသံကြားဖူးတယ်။ သာသနာရေး ညွှန်ချုပ် ဦးအုံးမောင်ရဲ့ မြန်မာသံတော်ဆင့်ဂျာနယ်က ဆောင်းပါးတစ်ပုဒ်မှာလည်း ဖတ်လိုက်မိတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ကြီးခင်ညွန့် ဖြုတ်ခိုင်းလို့ တပ်မှာ သူနဲ့အလုပ်အတူ လုပ်ခဲ့တဲ့လူတွေအပါအဝင် ဒုဝန်ကြီးချုပ်နဲ့ ဝန်ကြီးတချို့ကို ဖြုတ် ပြီး အရေးယူခဲ့တာတွေရှိတယ်လို့ ဒီကိစ္စတွေဖြစ်ပြီးလို့ ဆယ်စုနှစ်တစ်ခုကျော်အကြာ မှာပြန်ကြားရတယ်။ ဒီတော့ ဗိုလ်မှူးကြီးအနေနဲ့ အဲဒီတုန်းက အတွင်းရေးတွေနဲ့ စစ်ရုံးက အခြေအနေတွေကို ဘယ်လောက်သိထားလဲ။**

UTH ။ ။ ဒါတွေကို နောက်မှသိတာ များပါတယ်။ နောက်မှ သိတယ်ဆိုတာ တစ်ဆင့် ပြန်ကြားတာတွေပေါ့။ ၁၉၉၇ ခုနှစ် နောက်ပိုင်းမှာ ကျွန်တော်က နိုင်ငံရေး နဲ့ တိုင်းရေးပြည်ရေးကို သိပ်စိတ်မဝင်စားတော့ဘူး။

ဘာလို့လဲဆိုရင် လုပ်တာကိုင်တာ တချို့ကို ကျွန်တော် သိပ်သဘောမကျတော့ဘူး။ တပ်မတော်ထဲက ခရစ်ယာန်တွေကို ထုတ်ပစ်လိုက်တာမျိုး ရှိခဲ့ဖူးတယ်။ ထုတ်ပစ်တယ်ဆိုတာ အငြိမ်းစားပေးတာ၊ နယ်ဘက်ကို ပြောင်းပစ်တာတွေပေါ့။ ဒါမျိုးတွေ မလုပ်သင့်ဘူးလို့ ကျွန်တော်မြင်တယ်။ နောက်တစ်ချက်က ဗိုလ်ချုပ်ကြီးခင်ညွှန့်နဲ့ ဗိုလ်ချုပ်ကြီးမောင်အေးတို့ကို တိုက်ပေးနေတဲ့ ပုံစံမျိုး တွေ့လာတယ်။ ဘယ်လိုလဲဆိုရင် နယ်စပ်ဒေသက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို ဗိုလ်ချုပ်ကြီး ခင်ညွှန့်က ရွှေ့ဖို့ပြောပေမယ့် ဗိုလ်ချုပ်ကြီး မောင်အေးက ဖျက်ဖို့ပြောလိုက်တဲ့အခါ ကျွန်တော်တို့ ထောက်လှမ်းရေးတပ်တွေနဲ့ တိုင်းတွေ သိပ်အဆင်မပြေတော့ဘူး။ အမှန်တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမိန့်အောက်မှာ နှစ်ယောက်အတူ လုပ်ရတာ။ ဗိုလ်ချုပ်ကြီး ခင်ညွှန့်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တင်ပြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သဘောမတူဘဲ လုပ်မှာမဟုတ်ဘူး။ ဗိုလ်ချုပ်ကြီးမောင်အေးကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မခိုင်းဘဲ လုပ်စရာမရှိဘူး။ ဒီတော့ မတူညီတဲ့ အမိန့်နှစ်ခုကို တစ်ယောက်တည်းက ပေးစရာ အကြောင်းမရှိဘူး။ နောက်ပြီး ကျွန်တော်တို့ သိသလောက် ဗိုလ်ချုပ်ကြီးခင်ညွှန့်က လူကြီးအပေါ်မှာ အင်မတန် တာဝန်ကျေတဲ့သူပါ။ ဒီလို သူကြီးတွေအပေါ်မှာ ရိုရိုသေသေ ဆက်ဆံတတ်လို့လည်း တပ်မတော်ထောက်လှမ်းရေးရဲ့ ညွှန်ကြားရေးမှူး ဖြစ်တာပေါ့။ အေးအေးဆေးဆေးငြိမ်ငြိမ်သက်သက် လူတွေကို တာဝန်ပိုပေးတဲ့သဘောနဲ့ လမ်းစဉ်ပါတီခေတ်က ရွေးခဲ့တာပေါ့။ ဒါကြောင့် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရန်လုပ်မယ်ဆိုတဲ့ ကိစ္စကို ကျွန်တော်တော့ မယုံနိုင်ဘူး။ ရှိရင်လည်း သူတို့ချင်း ဖြစ်တဲ့ကိစ္စပေါ့။ ဒါပေမဲ့ တချို့ကိစ္စတွေက အမှတ်တမဲ့ လုပ်လိုက်ပေမယ့် သူများကို ရန်စသလိုမျိုး ဖြစ်နိုင်တယ်။ ဒါက ခံယူသူရဲ့ သဘောပေါ့။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဆက်နွယ်တဲ့ ကိစ္စတချို့ကို ဆက်စပ်စုံစမ်းလို့ရတာတောင် သူ့(ဗိုလ်ချုပ်ကြီးခင်ညွှန့်)ဘက်က ရပ်လိုက်တယ်လို့ ကြားဖူးတယ်။ အဲဒီစုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ကျွန်တော် မပါတဲ့အတွက် မှန်တယ်၊ မှားတယ်တော့ ကျွန်တော်လည်း မသိဘူး။ တပ်မတော်ကို ထောက်လှမ်းတာနဲ့ပတ်သက်ပြီး ကျွန်တော်ကြားဖူးတာတစ်ခု ရှိတယ်။ ရေတပ်မှာ ငါးဖမ်းခွင့်ကိစ္စတွေနဲ့ ပတ်သက်ပြီး အရေးယူတဲ့အခါ နှစ်ပေါင်းများစွာ ဖြစ်လာတာမို့လို့ တကယ်ဆက်လိုက်အရေးယူရင် ရေတပ်ဦးစီးချုပ်တောင် ပါနိုင်တဲ့အတွက် ဆက်မလုပ်ဘဲ တစ်ဝက်တပျက်နဲ့ရပ်ဖို့ သက်ဆိုင်ရာလူကြီးတွေက ပြောတာရှိတယ်။ ဒါကြောင့် တပ်ကြပ်ကြီး ကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ရန်ရှာတယ်

ဆိုတဲ့စကားက အင်မတန်သေးသိမ်တဲ့စကားပဲ။ မဖြစ်နိုင်ဘူး။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးပျက်ခဲ့ရတာ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်ချုပ်သန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်နဲ့ ဘိုးတော်သန်းလှတို့ရဲ့ စကားတွေကို ယုံလို့ဆိုပြီး သတင်းထွက်ခဲ့တယ်။ လူမှုကွန်ရက်ပေါ်မှာလည်း ရေးကြတယ်။ ဒီစကားက ဟုတ်နိုင်သလား။**

UTH ။ ။ မဖြစ်နိုင်ပါဘူး။ မဟုတ်နိုင်ပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ မကြားဖူးဘူး။ ဗိုလ်ချုပ်သန်းထွန်းက တန်ပြန်ထောက်လှမ်းရေးဌာနရဲ့ ဌာနကြီးမှူးဆိုတော့ စုံစမ်းစစ်ဆေးမှုတွေ အားလုံးကို သူ့ဆီက တက်စစ်ရတယ်။ သူက ထောက်လှမ်းရေးနှစ်ဆက် (မျက်မှန်ကြီးတင်ဦး) လုပ်ခဲ့တာဆိုတော့ မှားနိုင်လောက်တဲ့ကိစ္စ မရှိနိုင်ဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ ဘာဖြစ်လာသလဲဆိုတော့ လုပ်ငန်းသဘောထက် လူကြီးတွေရဲ့ သဘောကို လိုက်လုပ်ပေးရတာတွေ ရှိလာတယ်။ ဘယ်လူကြီးရယ် လို့တော့ ပြောတာမဟုတ်ဘူး။ ဒါမျိုးတွေရှိတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်ဆီကို သတင်းအမှန်ရောက်ပါ့မလားဆိုတာကို သံသယဖြစ်စရာရှိတယ်။ ကျွန်တော် သတင်းတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်တုန်းက "န. စ. ကမှာ နေတုန်းက အဂတိတရားလေးပါးမှာ ငါကြောက်တာ ဆန္ဒဂတိ။ အခု သတင်းတပ်ဖွဲ့မှူးဘဝမှာ ငါကြောက်တာ မောဟဂတိ" လို့ ပြောခဲ့တာ ရှိတယ်။ တစ်နိုင်ငံလုံးနဲ့ ခြုံတဲ့အခါ အောက်က တင်ပြတာကိုပဲ အထက်အဆင့်ဆင့်ကို တင်ပြရတာမျိုးရှိတယ်။ အောက်ကလူတွေက စနစ်မကျဘဲ လုပ်ရင် မမှန်မကန်လုပ်တာလား၊ မှန်မှန်ကန်ကန် လုပ်တာလား၊ ဖြစ်နိုင်လား၊ မဖြစ်နိုင်လားဆိုတာကို လုပ်ငန်းအတွေ့အကြုံအရ မှန်းလို့ရတယ်။ ဒါပေမဲ့ စနစ်တကျနဲ့ လိမ်ပြီဆိုရင် သေသေချာချာ မှန်းလို့မရတော့ဘူး။ ထောက်လှမ်းရေးတပ်ဖွဲ့မှာ ရှိတဲ့သူရဲ့ ကိုယ်ကျင့်တရားက ရာနှုန်းပြည့် အပြည့်အစုံဖြစ်ဖို့ ကောင်းတယ်။ ဘာလို့လဲဆိုရင် သူများ မကောင်းကြောင်းကို စုံစမ်းပြီး အထက်ကို တင်ပြပေးရတာ။ မကောင်းကြောင်းဆိုတာ မူဝါဒနဲ့ ဆန့်ကျင်တာတွေကို တင်ပြရတာ။ သူတို့ မှန်မှန်ကန်ကန်တင်ပြမှ လူကြီးတွေ မှန်မှန်ကန်ကန် ဆုံးဖြတ်လို့ရမှာ။ ထို့အတူ လူကြီးတွေကလည်း တင်ပြတာကို မှန်မှန်ကန်ကန် နားထောင်ပေးဖို့ လိုတာပေါ့။ ဒီ စနစ်ပျက်သွားတဲ့ သဘောပါ။ ဘာလို့လဲဆိုရင် တစ်ပါတီ အာဏာရှင်တုန်းကလို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာရှိလာတဲ့အခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အလိုက်သိရတာတွေရှိတယ်။ ကျွန်တော် သိသလောက်ဆိုရင် နောက်ပိုင်းမှာ သက်ဆိုင်ရာဒေသရဲ့ တိုင်းမှူး၊ တပ်မမှူးတွေမှာ မကောင်းတဲ့၊ မမှန်တဲ့ လုပ်ဆောင်ချက်တွေ

ရှိတာတောင် ကျွန်တော်တို့ဆီက တင်ပြတာ မရှိတော့ဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ပတ်သက်တဲ့လူဆိုရင် ထောက်လှမ်းရေးတပ်တွေ ကိုယ်တိုင်ဂရုစိုက်ပြီး ရှောင်တာတွေ ရှိလာတယ်။ ဒါတွေကို ထောက်ကြည့်ရင် ဒီသုံးယောက်ကြောင့်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီသုံးယောက်ကို ပုံချလို့မရဘူး။ အချက်တစ်ချက်အနေနဲ့ (One of the Facts) ပါရင်တော့ ပါနိုင်တယ်။

**Speaker ။ ။ ထောက်လှမ်းရေးတပ်ဖွဲ့တွေ အများကြီး ရှိတဲ့ထဲမှာ တန်ပြန်ထောက်လှမ်းရေး (Counter Intelligent) ဖြစ်တဲ့ ထောက်လှမ်းရေး (၃)က နာမည်တော်တော် ကျော်ကြားလာတယ်။ လုပ်ပိုင်ခွင့်လည်းရှိတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ ဦးစားပေးလည်း ခံရတယ်လို့ ပြောကြတယ်။ ဘာကြောင့် ထောက်လှမ်းရေးဌာနတွေထဲမှာ ထောက်လှမ်းရေး (၃)က ရှေ့ရောက်လာတာလဲ။**

UTH ။ ။ သူများ မကောင်းသတင်းကို စုရတဲ့သူက ပိုပြီး နာမည်ကြီးတာပေါ့။ တန်ပြန်ထောက်လှမ်းရေးဖြစ်လို့ မဟုတ်တာ လုပ်တာတွေကို တင်ပြခွင့်ရှိတာပေါ့။ ဒီလို သိပ်နာမည်ကြီးလာရင် တိုင်းပြည်ရဲ့ တာဝန်ရှိတဲ့ အပိုင်းမှာ မဟုတ်တာ လုပ်တဲ့သူတွေ တော်တော်များတယ်လို့ ပြောလို့ရတယ်။ ကျွန်တော်နဲ့ ကိုသန်းထွန်းမှာလည်း ပြဿနာတွေ ရှိခဲ့ဖူးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်မှာ လူဦးရေအတိုးအလျှော့နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဆီက တင်ပြတာနဲ့ ထောက်လှမ်းရေး တင်ပြချက်မတူတဲ့အခါ ကျွန်တော်နဲ့ ကိုသန်းထွန်း နည်းနည်းပါးပါး စကားများရတာတွေ ရှိပါတယ်။ မတုန်မလှုပ်နဲ့ အောက်က တင်ပြတဲ့အတိုင်း ကျွန်တော် တင်ပြခဲ့တယ်။ ကျွန်တော်ကတော့ ကိုသန်းထွန်းကို လုံးဝမကြောက်ခဲ့ဘူး။ ဘာကြောင့်လဲဆိုရင် ကိုယ့်စင်ကြယ်မှုကို ကိုယ်သိတယ်လေ။ မကျေနပ်လို့ အလုပ်ဖြုတ်လို့သာ ရချင်ရမှာပေါ့။ လုံးဝစင်ကြယ်လားဆိုရင်တော့လည်း မဟုတ်ဘူး။ အာဏာအလွဲသုံးစားမှုတို့ လုပ်ပိုင်ခွင့်နဲ့ ပိုက်ဆံရှာတာတို့ မရှိပေမယ့် တပည့်တွေက ခင်မင်တဲ့အနေနဲ့ သိပ်မများတဲ့ စားစရာ၊ သောက်စရာလေး၊ ဆန်လေး၊ ဆီလေးပို့ပြီး ဂါဝရပြုတာတော့ ရှိတာပေါ့။ ဆိုလိုတာက ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံကို ဆန့်ကျင်တာ၊ လူကြီးတွေကို ဆန့်ကျင်တာ၊ မတရားလာဘ်စားတာ၊ မူဝါဒကို ဆန့်ကျင်တာမျိုးမရှိလို့ ကိုသန်းထွန်း အပါအဝင် တန်ပြန်ထောက်လှမ်းရေးအဖွဲ့ကို ကျွန်တော်မကြောက်ဘူး။ ထောက်လှမ်းရေး(၃) ဘာလို့ နာမည်ကြီးလဲဆိုရင် တာဝန်ရှိတဲ့ လူတွေအပိုင်းမှာ မဟုတ်တာ လုပ်တဲ့လူတွေ များလို့ပေါ့။ ကျွန်တော် ပြန်မေးချင်တာက ကိုဝဏ္ဏရော ထောက်လှမ်းရေး (၃)ကို ကြောက်လား။ မကြောက်ဘူးဆိုတာ မဟုတ်တာ ဘာမှ မလုပ်ဘဲ

ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လုပ်နေတော့ ဘာမှကြောက်စရာ အကြောင်းမရှိဘူး။ ဒီလိုမဟုတ်တာမလုပ်တဲ့လူကို ဘာနဲ့တရားစွဲမလဲ၊ ဘာနဲ့ နှိပ်စက်မလဲ။ အကြောင်းတစ်ခုခုရှာပြီး ရိုက်သတ်တာမျိုးကလွဲပြီး ဘာမှကြီးကြီးကျယ်ကျယ် လုပ်လို့မရဘူး။ အဲဒီရိုက်သတ်လို့ ရရင်လည်း လမ်းဘေးက လူကိုပဲ လုပ်လို့ရမယ်၊ အဆင့်ရှိတဲ့လူကို လုပ်လို့မရဘူး။ ဒါကြောင့် ထောက်လှမ်းရေး(၃)က ဦးစားပေး ခံရတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

**Speaker ။ ။ နေရီရေးတဲ့ စာအုပ်ထဲမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝန်ကြီးချုပ်နဲ့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတာဝန်ကို ပူးတွဲ ထမ်းဆောင်ရတဲ့အတွက် အလုပ်များတယ်။ ဒီလိုအလုပ်များတဲ့အတွက် ကက(လှမ်း) ဦးစီးတာဝန်ကို ဗိုလ်ချုပ်ကျော်ဝင်းက တာဝန်ယူနေရတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကျော်ဝင်းမှာပဲ တာဝန်ရှိတယ်လို့ နေရီက ရေးထားတယ်။ အဲဒီအချိန်တုန်းက ဒုညွှန်မှူးက ထောက်လှမ်းရေးတစ်ခုလုံးကို တာဝန်ယူ ကွပ်ကဲရတာတွေ ရှိလား။**

UTH ။ ။ မရှိပါဘူး။ ဗိုလ်ချုပ်ကြီးခင်ညွန့်က အကုန် ကိုင်တွယ်ထားတာပါ။ ဗိုလ်ချုပ်ကျော်ဝင်းက ကျွန်တော့်ကို "ဒု/ညွှန်အဖြစ်နဲ့ တစ်စင်ထောင်တာထက် ငြိမ်ပြီး မှိန်းနေတာက ပိုကောင်းတာပေါ့ (အငြိမ်းစားယူပြီး အေးအေးဆေးဆေးနေတာ)"လို့ ပြောဖူးတယ်။ ဒါကြောင့် ကိုကျော်ဝင်းခြယ်လှယ်တာ မဖြစ်နိုင်ဘူး။ ကိစ္စတချို့ကို ကိုကျော်ဝင်းကတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ချဉ်းကပ်တာမျိုး ရှိနိုင်တယ်။ ကျွန်တော် န. စ. က ကို ကွပ်ကဲရေးမှူးအဖြစ် ရောက်သွားတာကလည်း န. စ. က ကွပ်ကဲရေးမှူး ရွေးဖို့ရှိတဲ့အခါ နယ်စပ်ဒေသဆိုရင် နယ်စပ်ဒေသအတွေ့အကြုံရှိတဲ့ ကိုသက်ထွန်းရှိပါတယ်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးကို ကိုကျော်ဝင်းပြောလို့ ရောက်သွားတာ။ အဲဒီအချိန် ကျွန်တော် ကက(လှမ်း)မှာ G 1 လုပ်နေတာ။ စစ်ဘက်ထုံးစံအရ တပ်မှူးလက်ဖနင်တင်ကာနယ်က G 1 လက်ဖနင်တင်ကာနယ်ပဲဖြစ်လေ့ရှိပြီး G 1 ကနေ တပ်မှူးသွားရတယ်ဆိုတာ မရှိဘူး။ G 1 ကနေ တပ်မှူးကြီးသွားရတာတော့ ရှိတယ်။ ဒါပေမဲ့ န. စ. ကကို လက်ဖနင်တင်ကာနယ်ပဲ အုပ်ချုပ်တာ။ ဒီတော့ G 1 ကနေ တပ်မှူးဆင်းရတယ်ဆိုတော့ ရာထူးကျတာပေါ့။ ဒါကြောင့် ဗိုလ်ချုပ်ကျော်ဝင်းအနေနဲ့ သူမျက်နှာသာပေးချင်တဲ့လူကို ဗိုလ်ချုပ်မှူးကြီးကို ဝိုင်းပြောတာလောက်ပဲ ရှိနိုင်ပါတယ်။ ဒီလိုမျိုးကလည်း တပ်ဖွဲ့တိုင်း၊ နေရာတိုင်းမှာ ရှိပါတယ်။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးတစ်ခုလုံး ပျက်သွားတာ ဘယ်သူ့မှာ**

**တာဝန်ရှိတယ်လို့ ထင်လဲ။**

UTH ။ ။ အကုန်လုံးမှာ တာဝန်ရှိတယ်။ လူကြီးတွေ ဘယ်လောက်ပျက်ပျက်၊ လူငယ်တွေ ကိုယ့်သိက္ခာနဲ့ နေမယ်ဆိုရင် ဘယ်လိုမှ ပျက်စရာအကြောင်း မရှိဘူး။ လူငယ်တွေပျက်တာကို လက်မခံဘဲ ပြတ်ပြတ်သားသား အရေးယူလို့ရှိရင်လည်း ပျက်စရာအကြောင်း မရှိဘူး။ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတာဝန်က ဖယ်ပေးဖို့ပြောတဲ့အချိန်မှာ ဗိုလ်ချုပ်ကြီးခင်ညွန့် ဖယ်ပေးလိုက်ရင်လည်း ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး။ အကြောင်းတရားတွေ အများကြီးပဲ။ ဘယ်သူ့မှာ တာဝန်ရှိလဲဆိုရင် ထောက်လှမ်းရေးတပ်ဖွဲ့ကြီး ပျက်စီးချိန်တန်လို့ ပျက်စီးသွားတယ်လို့ ကံတရားကိုပြောရမှာပဲ။ ဘာလို့လဲဆိုရင် ကိုယ့်အရင်က ထောက်လှမ်းရေးတပ်ဖွဲ့ကလည်း ဒီလိုဖြစ်ခဲ့တာပဲ။ ဗိုလ်ချုပ်တင်ဦးကို ဖယ်လိုက်ပေမယ့် ထောက်လှမ်းရေးတပ်ဖွဲ့ကို ဆက်ထားသေးတယ်။ ကံမကောင်းချင်တော့ ချန်ဒူးဝမ်ကိစ္စ ဖြစ်လို့ ထောက်လှမ်းရေးတပ်ဖွဲ့ ဖျက်သိမ်းခံရပြီး ကျွန်တော်တို့ ထောက်လှမ်းရေးတပ်ဖွဲ့ထဲ ရောက်လာတယ်။ တကယ်တော့ ရုပ်၊ နာမ် အားလုံးဟာ သင်္ခါရပါပဲ။ ဒီတော့ တပ်မတော်ထောက်လှမ်းရေးရော၊ ဒီထောက်လှမ်းရေးမှာပါတဲ့ ကျွန်တော်တို့ အားလုံးရော အနိစ္စတရားနဲ့ ကြုံလိုက်တာပါ။ ကျွန်တော်တို့တွေအားလုံး ကောင်းမှုရော၊ မကောင်းမှုရောလုပ်တော့ ကောင်းမှုအားကောင်းတဲ့အချိန်မှာ ဘာမှမဖြစ်ဘဲ မကောင်းမှုအားကောင်းတဲ့အချိန်မှာ ဖြစ်တာပေါ့။

**Speaker ။ ။ အဲဒီခေတ် တပ်မတော်ထောက်လှမ်းရေးက အရေးယူဖမ်းဆီးပြီး စစ်ကြောရေးလုပ်တဲ့အခါ နှိပ်စက်ခံရလို့ စစ်ကြောရေးစခန်းနဲ့ ထောင်ထဲမှာ သေဆုံးသွားတဲ့ နိုင်ငံရေးသမားနဲ့ ကျောင်းသားတစ်ရာကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီနေ့အချိန်ထိ ထောက်လှမ်းရေးက နှိပ်စက်လို့ စစ်ကြောရေးမှာ သေဆုံးသွားသူတွေရဲ့ မိသားစုဝင်တွေလည်း အသက်ရှင်လျက်ရှိသေးတယ်။ အဲဒီခေတ်တုန်းက သေဆုံးသွားတဲ့သူတွေကို သေဆုံးသွားပြီလို့ တချို့အကြောင်းကြားခံရတယ်။ တချို့ကိုယ့်မိသားစုဝင် သေသွားတာတောင် မသိလိုက်တဲ့ မိသားစုတွေလည်း ရှိတယ်။ ဒါပေမဲ့ ဒီနေ့အချိန်ထိ နှိပ်စက်တဲ့ ထောက်လှမ်းရေးကိုတော့ ဥပဒေအရ အရေးယူလိုက်တယ်ဆိုတဲ့အသံ မကြားမိဘူး။ ဒါတွေကလည်း ထောက်လှမ်းရေးတွေကို လူမုန်းများရတဲ့အကြောင်းလို့ ထင်မြင်မိပါသလား။**

UTH ။ ။ ကျွန်တော့်အမြင်တော့ ဒါကြောင့်လို့ မထင်ပါဘူး။ စစ်ကြောရေးမှာ ဒီလိုဖြစ်တာက ထောက်လှမ်းရေးလောကရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါ။ မင်းတို့ ထောက်လှမ်းရေး

နေရာရောက်ရင်လည်း စစ်ကြောရေးအလုပ်ကို လုပ်ရမှာပဲ။ လုပ်ငန်းသဘောကို နားလည်တယ်ဆိုရင်လည်း ဒီလိုစကားမျိုး မသုံးဘူး။

ဒီတော့ ထောက်လှမ်းရေးကို အပုပ်ချချင်လို့ ထောက်လှမ်းရေးရဲ့ လုပ်အားကို လျော့သွားစေချင်လို့ အစိုးရကို ပြုတ်ကျသွားစေချင်တဲ့ လူတွေက ဝိုင်းပြောကြတာပေါ့။ လောကထုံးစံအတိုင်း မကောင်းသတင်းဆိုရင် ဝိုင်းပြောကျတာပဲ။ လက်မခံဘူး။ နိုင်ငံတကာမှာလည်း နှိပ်စက်လို့ သေသွားတာတွေလည်း ရှိမှာပဲ။ ဒါပေမဲ့ သူတို့ အဖွဲ့တွေက စုစုစည်းစည်းနဲ့ ပိတ်ပိတ်ဆို့ဆို့ လုပ်နိုင်လို့ မသိကြတာပေါ့။ ထောက်လှမ်းရေးမှာ သတင်းစုဆောင်းတဲ့အဖွဲ့၊ လုံခြုံရေးအဖွဲ့၊ စစ်ကြောရေးအဖွဲ့ဆိုပြီး အပိုင်းသုံးပိုင်းရှိတယ်။ တခြားနိုင်ငံတွေမှာ စစ်ကြောရေးအဖွဲ့ကို သီးခြားထားပြီး စနစ်တကျ လေ့ကျင့်ပေးထားတယ်။ ကျွန်တော်တို့မှာတော့ ဘဏ္ဍာရေးအရရော၊ အခြားအကြောင်းတွေအရရော စစ်ကြောရေး အဖွဲ့ကို နိုင်ငံတကာလို သေသေချာချာ လုပ်ထားတာမရှိဘူး။ အဓိကရည်ရွယ်ချက်က ကိုယ်နဲ့ပူးပေါင်းပြီး သတင်းပေးဖို့ပဲ။ သူလွတ်နေရင် နေချင်သလိုနေလို့ရတယ်။ မိပြီဆိုရင် မြန်မြန်ပူးပေါင်းဆောင်ရွက်တာ အကောင်းဆုံးပဲ။ အဖမ်းခံရသူကလည်း သူ့အဖွဲ့ပေါ်မှာ ဘယ်သစ္စာဖောက်ချင်မလဲ။ သစ္စာမဖောက်ချင်လို့ ဉာဏ်ကစားတဲ့အခါမှာ အမှားအယွင်းတွေ ဖြစ်တာပေါ့။ အဖမ်းခံရတဲ့သူမှာ နဂိုကတည်းက ရောဂါရှိတာကို စစ်ကြောရေးလုပ်တဲ့လူက မသိဘဲ လက်လွန်ခြေလွန် ဖြစ်သွားတာမျိုးလည်း ရှိနိုင်တယ်။ လက်လွန်ခြေလွန် ဖြစ်သွားမှ ဘာရောဂါရှိတယ်ဆိုတာ သိတာမျိုးပေါ့။ ဒါပေမဲ့ စနစ်တကျနဲ့ သေအောင်၊ ကျေအောင် လုပ်တဲ့သဘောတော့မရှိဘူး။ မလိမ္မာလိုက်လို့ ဖြစ်သွားတဲ့ ကိစ္စမျိုးပဲ ရှိမှာပါ။ ဒါပေမဲ့ ချဲ့ရေးတာကို ယုံတဲ့သူကလည်း ယုံတယ်။ ဒီထောက်လှမ်းရေးအဖွဲ့ ပျက်စီးမှသာ လက်ရှိအစိုးရကို ဖြုတ်ချလို့ လွယ်မယ်လေ။

အခုပဲ န. စ. က ကိစ္စကို ကြည့်လိုက်လေ။ မကောင်းသတင်းထွက်ပေမယ့် ထောက်လှမ်းရေးတွေ ဩဇာအာဏာရှိပြီး ထောက်လှမ်းရေးတပ်မှူးတွေ ရှိတုန်းက ဘာပြဿနာမှမရှိဘဲ ငြိမ်နေတာပဲ။ ဒါပေမဲ့ ထောက်လှမ်းရေးနေရာမှာ စစ်ဘက်၊ နယ်ဘက်ကို ပြောင်းလိုက်တဲ့အခါမှာ လုပ်ငန်းသဘော သဘာဝမတူတော့ ခုလိုဖြစ်တာက တပ်မတော်ထောက်လှမ်းရေးကို ဖျက်လိုက်တဲ့ အကျိုးဆက်တွေပေါ့။ ဒီတော့ ဆန့်ကျင်ဘက် နိုင်ငံရေးအင်အားစုတွေကို နှိပ်စက်တာ တစ်ခုတည်းမဟုတ်ဘဲ ကျွန်တော်တို့ ထောက်လှမ်းရေးတပ်ဖွဲ့တွေမှာလည်း အနေအထိုင်မတတ်ဘဲ လူအမြင်ကပ်အောင် လုပ်တဲ့လူတွေ ရှိတာပေါ့။

ဥပမာပြောရရင် ကျွန်တော့်အသိ တပ်ရင်းမှူးနှစ်ယောက်ရှိတယ်။ တပ်ရင်းမှူးတစ်ယောက်က သူတပ်ရင်းမှူးဘဝမှာ သူ့နယ်ထဲက ထောက်လှမ်းရေးတပ်ကြပ်ကြီးက မလေးမခန့်လုပ်တဲ့အကြောင်းပြောတော့ ကျွန်တော်က "မင်းဆွဲထိုးလိုက်ပါလား" လို့ပြောတော့ သူက "ဘာလို့ထိုးရမှာလဲ"လို့ မျက်လုံးပြူးပြီး ပြန်မေးတယ်။ သူ့တပ်ကကားတွေကို ဟိုမသွားရဘူး၊ ဒီမသွားရဘူး တားထားတဲ့အချိန်မှာ သူ့တပ်သား ၇၀၀လောက်ရဲ့ သက်သာချောင်ချိရေးလုပ်ရမယ်ဆိုတော့ မသင့်တာတွေ လုပ်ရတာပေါ့။ အဲဒီ မသင့်တာတွေကို တိုင်မယ့်လူက ထောက်လှမ်းရေးက လူတွေပဲရှိတယ်။ ဒီတော့ အဲဒီထောက်လှမ်းရေးတွေနဲ့ ရန်မဖြစ်ချင်တော့ လူကြီးနဲ့တွေ့မှ ဘာဖြစ်တယ်၊ ညာဖြစ်တယ် တိုင်တယ်။ သူတို့မဟုတ်တာလုပ်တာကိုတော့ မပြောဘူး။ ဒီလိုပြောတာက ထောက်လှမ်းရေးတွေ လူပါးဝခွင့်ရှိတယ်လို့ ပြောတာမဟုတ်ဘူး။ ထောက်လှမ်းရေးဆိုတာက အဲဒီလူကြီး မဟုတ်တာလုပ်ရင် အထက်ကိုတင်ပြဖို့ပဲ ရှိတယ်။ အဲဒီလူကြီးကို ဘာမှသွားပြောစရာ အကြောင်းမရှိဘူး။

နောက်တပ်ရင်းမှူးတစ်ယောက်ကတော့ အဲဒီလို လာပြောတဲ့ကောင်ကို ဆွဲထိုးလိုက်တဲ့အခါ အဲဒီထောက်လှမ်းရေးတပ်မှူးက အဲဒီတပ်ရင်းမှူးကို တောင်းပန်လိုက်တဲ့အခါ အဆင်ပြေသွားတယ်။ ဆိုလိုတာက ထောက်လှမ်းရေးလို ဥပဒေကို ထိန်းသိမ်းရတဲ့ အဖွဲ့အစည်းကို ဘယ်သူက ကြောက်လဲ။ ဥပဒေ ချိုးဖောက်တဲ့သူတွေပဲကြောက်တယ်။ ဥပဒေမချိုးဖောက်တဲ့ လူတွေကို ထောက်လှမ်းရေးက နှိပ်စက်တယ်ဆိုတာကြားဖူးလား။ သေနတ်ကိုင်ပြီး လုံခြုံရေးထိန်းသိမ်းတဲ့ နေရာတွေမှာ နည်းနည်းမောက်မာတာ ရှိကောင်းရှိလိမ့်မယ်။ ဒါပေမဲ့ သာမန်နေရာမှာ မရှိဘူး။

ရဲ ဘယ်သူ့ဆီက ပိုက်ဆံတောင်းလဲ။ ချဲဒိုင်၊ ဖဲဝိုင်း၊ ပြည့်တန်ဆာခေါင်းဆီက ပိုက်ဆံတောင်းတယ်။ နောက်ပြီး အရက်ရောင်းခွင့်မရှိတဲ့ စားသောက်ဆိုင်တွေ အရက်ရောင်းရင် တောင်းမှာပဲ။ ဒီလိုတောင်းရင်တောင် သူက စတောင်းမှာမဟုတ်ဘူး။

ဒီတော့ တပ်မတော်ထောက်လှမ်းရေး ပျက်သွားရတဲ့အထဲမှာ ကျွန်တော်တို့ဆီက မမှန်ကန်တာတွေလည်း အများကြီးပဲ။ ဒီလို မမှန်မကန်လုပ်တဲ့ ဘယ်သူ့ကို အရေးယူပါဆိုရင် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငြင်းမယ့်သူ မဟုတ်ဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီအတိုင်ခံရတဲ့ ထောက်လှမ်းရေးရှိရင် ကိုခင်ညွန့် အဲဒီကောင်က အဲဒီလိုပဲလို့ကြားတယ်။ ဟုတ်လား၊ မဟုတ်လား စုံစမ်းပြီး ပြန်တင်ပြလို့ ပြောလို့ရတာပဲ။ ဒီလို မျှမျှတတလုပ်လို့ရတာပဲ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘာလို့အဲဒါကို သည်းခံနေလဲ။ ဒါကိုလည်း

ပြန်စဉ်းစား ရမှာပေါ့။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နဂိုကတည်းက ထောက်လှမ်းရေးအဖွဲ့အစည်းကို ဖယ်ရှားချင်တဲ့စိတ်ရှိတာ။ ပြီးတော့ တပ်မတော်ထောက်လှမ်းရေးဆိုတဲ့ နာမည်ကိုပါဖျက်လိုက်ပြီး စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စ. ရ. ဖ) ဆိုပြီး ပြောင်းဖွဲ့လိုက်တာပဲ။ အဓိကကတော့ ထောက်လှမ်းရေးအဖွဲ့အစည်းကို ဖျက်ကိုဆီးချင်တယ်ဆိုတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စိတ်ခံစားပါပဲ။ ဘာလို့လဲဆို ဒီထောက်လှမ်းရေးတပ်ဖွဲ့ကို ဖျက်လိုက်ပြီး ထောက်လှမ်းရေးလုပ်ငန်းကို မလုပ်ဘဲနေလို့ ရမလား။ စ. ရ. ဖ လည်း ထောက်လှမ်းရေး အလုပ်တွေ လုပ်ရမှာပဲ။ ဒါပေမဲ့ သတင်းတွေပဲ စုံစမ်းပြီး လူကြီးကိုစ္စ မထောက်လှမ်းရဲတော့ဘူး။ တန်ပြန်ထောက်လှမ်းရေး မလုပ်ရဲတော့ဘူး။

အမှန်တော့ ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို ဖျက်သိမ်းချင်တယ်ဆိုတာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အာဏာပြလိုက်တာပါ။ ကျွန်တော့်အမြင်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်က ခရစ်ယာန်တွေကို နယ်ဘက်ပြောင်းလိုက်တာနဲ့ အားတစ်ချက်စမ်းတယ်။ နောက်တစ်ခုက တပ်မတော်မှာ အသက် ကန့်သတ်ချက်ထားပြီး ဒီကန့်သတ်ချက်ကျော်ရင် တပ်မတော်က ထွက်ရမယ်ဆိုပြီး အားထပ်စမ်းတယ်။ နောက်တစ်ခုက ထောက်လှမ်းရေးတပ်ကို ပြင်ဆင်ဖွဲ့စည်းတာရှိတယ်။ နောက်တစ်ခုက တပ်မတော်ဆေးတပ်မှာ စီနီယာတွေကိုကျော်ပြီး ဂျူနီယာတစ်ယောက်ကို ရာထူးကြီးပေးလိုက်တာ ရှိတယ်။ ဒီလိုအားစမ်းတဲ့အခါ ဘာတုံ့ပြန်မှုမှ မလာဘူး။ ဘာလို့လဲဆိုရင် စစ်တပ်ထဲဝင်တဲ့သူတွေ အားလုံးက အသက်(၆၀)မှာ အငြိမ်းစားယူချင်တဲ့ သူတွေချည်းပဲ။ ဒါပေမဲ့ အသက်(၅၀) ဗိုလ်ကြီးတွေ တပ်ကထွက်ရမယ် ပြောတော့လည်း ဘယ်သူမှ ဆန္ဒပြတာမရှိဘဲ ငြိမ်ငြိမ်သက်သက်နဲ့ အားလုံးထွက်သွားကြတာပဲ။ ဒီတော့ အကြောင်းတရားပေါင်းစုံရှိပေမယ့် အဓိကက ဗိုလ်ချုပ်မှူးကြီးသန်းရွှေလို့ပဲ မြင်တယ်။ ကျွန်တော့်ကို ဘယ်အချိန်မေးမေး ဒီအတိုင်းပဲဖြေမှာပဲ။

ဒီလိုပြောတာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို မုန်းလို့မဟုတ်ဘူး။ အခုရိပ်သာရောက်တာ ဆယ်နှစ်ကျော်ပြီမို့လို့ ဘာအာဃာတမှ မရှိဘူး။ အဖမ်းခံရတာ ကိုယ့်ကံတရားကြောင့်ပဲလို့ ယူဆပြီး အေးအေးဆေးဆေးနေခဲ့တာပဲ။

**Speaker ။ ။ ၂၀၀၄ ခုနှစ် တပ်မတော် ထောက်လှမ်းရေးကို အရေးယူလိုက်ချိန်မှာ ဘာအပြစ်မှ မရှိတဲ့သူတွေလည်း ပါသွားတယ်ပြောတယ်။ ဟုတ်ပါသလား။**

UTH ။ ။ ပါတာပေါ့။ အများကြီးပဲ။ အပြစ်ရှိတယ်ဆိုရင် သိမှာပေါ့။ ထောင်ချလိုက်တဲ့လူကို ကြည့်လိုက်လေ။ မယုံကြည်နိုင်လောက်တဲ့ နှစ်တွေနဲ့ ထောင်ချတာပဲ။

ရတဲ့ထောက်လှမ်းရေး အကုန်လုံးကို ထောင်ချတာပဲ။ ဦးနေဝင်းလက်ထက်က ထောက်လှမ်းရေးကိုဖြုတ်တော့ စစ်သက်နဲ့ ကန့်သတ်ပြီး ထားလိုက်တာရှိတယ်။ ကပ္ပတိန်အားလုံးကို ဗထူးမှာစုလိုက်ပြီး တစ်ယောက်ချင်းစီကြည့်ပြီး ယုံကြည်ရတဲ့သူဆို ထားတာပဲ။ ကိုအောင်မင်းဆို အဲဒီအထဲပါလာလို့ ဝန်ကြီးအထိ၊ ဗိုလ်ချုပ်အထိ ဆက်ဖြစ်ခဲ့တာပဲ။ အခုတော့ တပ်မတော်ထောက်လှမ်းရေးကို ရောက်ခါစ ဗိုလ်လေးတွေတောင် မချန်ဘူး။ ဒီတော့ အပြစ်မရှိတဲ့သူတွေ အရေးယူခံရတဲ့အထဲ ပါတာပေါ့။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလည်း ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ပြောစရာတွေအများကြီး ရှိမှာပေါ့။ ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ပြောစရာတွေ အများကြီးရှိမှာပေါ့။ ဒါပေမဲ့ သူတို့ ရိုးရိုးသားသား မှန်မှန်ကန်ကန် ပြောသလား ဆိုတာတော့ ပြန်ဆန်းစစ်ရမှာပဲ။

ဒါမှမဟုတ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဖြစ်နေချိန်မှာ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်ချုပ်ကြီးစောမောင်နဲ့ပဲ တိုက်ရိုက်ဆက်ဆံမှာပေါ့။ အဲဒီတုန်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဗိုလ်ချုပ်ကြီးခင်ညွန့်က အလေးမထားမိတာတွေ ရှိရင်ရှိမှာပေါ့။ ဒါတွေကိုတော့ မသိဘူး။ ပြောရသိပ်ခက်တဲ့ ကိစ္စဆိုတော့။

**Speaker ။ ။ ဗိုလ်မှူးကြီးကိုရော အပြစ်ရှိလို့ ဖမ်းတာလား။ အဖမ်းခံရတဲ့အချိန် ဘာတွေမေးလဲ။ ဘာတွေ ပြန်ပြောခဲ့လဲ။**

UTH ။ ။ ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို မေးတယ်။ ကက(ကြည်း) နဲ့ ကက(လှမ်း)ကို သွေးခွဲလားလို့ မေးတယ်။ အောက်ကလူတွေ ပြောတာပဲ ကြားခဲ့ဖူးတယ်။ ကျွန်တော်တော့ တစ်ခါမှ မကြားဖူးဘူး၊ တစ်ခါမှလည်း သွေးမခွဲခဲ့ဖူးဘူး။ တစ်ယောက်နဲ့ တစ်ယောက် စိတ်တိုလို့ မင်းတို့ကြည်းက ဘယ်လိုဖြစ်တယ်၊ လှမ်းက ဘယ်လိုဖြစ်တယ် ဆိုတာလောက်ပဲ ပြောဖူးတယ်လို့ အစစ်ခံခဲ့တယ်။

**Speaker ။ ။ သတင်းတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်နေတုန်း အဖမ်းခံရတော့ ဘယ်လိုခံစားရလဲ။**

UTH ။ ။ ဘာမှမခံစားရဘူး။ ကျွန်တော်က ထွက်ချင်နေတာ ကြာပါပြီ။ ကျွန်တော် G 1 လောက် ဖြစ်ကတည်းက "ငါ တိုင်းပြည်အတွက် ဘာမှလုပ်လို့မရဘူး။ ငါ့အတွက်ပဲ ငါလုပ်ရမယ်"လို့ စဉ်းစားပြီး ဝိပဿနာ ပြောင်းလုပ်ခဲ့တာ။ မူလတုန်းက အသက်(၆၀)အထိ တာဝန်ထမ်းဆောင်မယ်၊ အသက် (၆၀)ကျော်မှ ဘဝလမ်းကြောင်းအတွက် ဝိပဿနာကို မသေမချင်းလုပ်မယ်လို့ စဉ်းစားထားခဲ့တာပါ။ တပ်မ

တော်ထဲက ခရစ်ယာန်တွေကို ထုတ်လိုက်တာမျိုးကအစ တခြားကိုယ့်မျက်စိထဲမှာ ကိုယ်မကြိုက်တာတွေ တွေ့တော့ မနှစ်မြို့က်တော့ဘူး။ မနှစ်မြို့က်တော့ ထွက်ချင်ပေမယ့် နေနိုင်ပါ့မလားလို့ စဉ်းစားပြီး မထွက်ရဲဘူး။ ဒါကြောင့် ထွက်လိုက်ရပြီဆိုတော့ စိတ်ထဲမှာ ဘာမှထူးထူးခြားခြား မဖြစ်ဘူး။ အခုဆို ကိုယ်ရသင့်တဲ့ ပင်စင်ရထားတာ ရှိတယ်။ ထောင်ကျတာလည်း မရှိတော့ စိတ်ထဲမှာ ဘာမှမရှိဘူး။

**Speaker ။ ။ ပြန်လွတ်တော့ ဘာကြောင့် ပြန်လွှတ်လိုက်တယ်လို့ ပြောလဲ။**

UTH ။ ။ စစ်ကြောချက်ထဲမှာ ဘာမှတရားစွဲစရာ မရှိဘူးလို့ ပြောတာတော့ ဒုဝန်ကြီး ဗိုလ်ချုပ်ဘုန်းဆွေပေါ့။ ကျွန်တော်အချုပ်ထဲမှာ ရေချိုးဖို့လုပ်နေတုန်း ကိုဇော်ထွန်းက "အစ်ကိုကြီးလွတ်ပြီ။ ဘယ်သူမှမပြောနဲ့"လို့ ကျွန်တော့်ကို လာပြောတယ်။ ဒီတော့ စိတ်မကောင်းစရာက ကျွန်တော်လွတ်ပြီဆိုတာကို ဘယ်သူ့ကိုမှ မပြောပါနဲ့ဆိုတော့ မပြောနိုင်လိုက်ဘူး။ ပြီးတော့ ကိုဘုန်းဆွေနဲ့ တွေ့တာပေါ့။ သူတို့ကလည်း ကျွန်တော် ဘာအပြစ်မှမရှိတော့ ပြန်လွှတ်စေချင်ကြတယ်။ အဲဒီအချိန်က ဒုတိယကာကွယ်ရေးဦးစီးချုပ်ကို ရဲချုပ်က တွေ့ရတာ။ ရဲချုပ် နိုင်ငံခြားသွားတဲ့အချိန်မှာ ကိုဘုန်းဆွေက ရဲချုပ်ကိုယ်စား ဒုတိယကာကွယ်ရေးဦးစီးချုပ်ကို သွားတွေ့ရတယ်။ ဒီတော့ ကိုဘုန်းဆွေက ကျွန်တော့် ဖိုင်လေးယူသွားပြီး ကျွန်တော့်အကြောင်း တင်ပြတော့ ဒုကာ/ချုပ် ဗိုလ်ချုပ်ကြီးမောင်အေး က "ဟ ငါသိပါတယ်။ လူပျိုကြီး။ မိဘကို လုပ်ကျွေးနေတဲ့သူ။ ငါကမင်းတို့လွှတ်လောက်ပြီတောင်ထင်တာ။ လွှတ်လိုက်တော့"လို့ ပြောတယ်လို့ အဲဒီတုန်းက သိခဲ့ရတယ်။

လွန်ခဲ့တဲ့ သုံးလလောက်က ကက(ကြည်း)က အရာခံဗိုလ်တစ်ယောက်နဲ့ သိတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ပြောစကားအရ ကက(ကြည်း)ရဲ့ မူလအစည်းအဝေးမှာ ကတည်းက ထောက်လှမ်းရေးကို အရေးယူမယ့်အထဲမှာ ကျွန်တော့်နာမည်မပါဘူး။ အဲဒီကတည်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လွှတ်တယ်လို့ ပြောတာပေါ့။ မူလတုန်းက ဗိုလ်ချုပ်ကြီးမောင်အေးက ကိုယ့်အကြောင်းသိလို့ စွန့်စားပြီး လွှတ်လိုက်တာလို့ ထင်တာ။ ဒါပေမဲ့ ခုနက အရာခံဗိုလ်ပြောတာ ပြန်စဉ်းစားကြည့်တော့ မူလအစည်း အဝေးမှာကတည်းက ကျွန်တော်က အရေးယူမယ့်အထဲမှာ မပါဘူးလို့ ထင်တယ်။ လေတပ်က ကျွန်တော့်ကိုစစ်တဲ့ ဗိုလ်မှူးကလည်း ကိုသက်ထွန်းက ဘာမှမရှိပါဘူးဆိုပြီး ပြောတယ်။ ဒါပေမဲ့ လက်ထိတ်တော့ ခတ်တာပေါ့။

ဒီလို ပြန်လွှတ်တာနဲ့ ပတ်သက်ပြီး အမြင်နှစ်မျိုးရှိတယ်။ သေချာတော့ မသိဘူး။ သူတို့တွေ ပြောပြမှ သိမှာပေါ့။ ပထမအမြင်က နောက်ကြောင်းကို သေချာသိတယ်၊

ဘာမှ စစ်ဖို့မရှိလို့ ဗိုလ်ချုပ်ကြီးမောင်အေးက ကျွန်တော့်ကို လွှတ်ပေးတယ်ဆိုတာပေါ့။ နောက်ပိုင်းမှာ ကျွန်တော်နဲ့အတူ အဖမ်းခံရတဲ့သူ တစ်ယောက်မှမလွတ်ဘူး။ မူလတုန်းက အချုပ်ထဲမှာ တချို့တွေကို ပြန်လွှတ်မယ်ကြားပေမယ့် MICT Park က ဗိုလ်မှူးထိန်ဝင်းတစ်ယောက်ပါ ပါသွားတာ။ ဒီတော့ စိတ်ထဲမှာ ထင်လိုက်တာက ကျွန်တော့်ကို လွှတ်ပေးတဲ့အတွက်ကြောင့် ကျန်တဲ့လူတွေပါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထောင်ချခိုင်းတယ်လို့ ထင်ခဲ့တယ်။ နောက်အမြင်တစ်ခုက မူလကတည်းက ကျွန်တော်မပါလို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြန်လွှတ်ပေးလိုက်တဲ့ သဘောပေါ့။ ဘာဖြစ်မလဲတော့ မသိဘူး။ သူတို့တွေမှသိမှာပေါ့။ ကျွန်တော့်အနေနဲ့ ဆိုရင်တော့ ကျွန်တော့်ကုသိုလ်ကံ ကောင်းလို့ ပြန်လွတ်တယ်လို့ ယူဆရမှာပေါ့။

**Speaker ။ ။ ဗိုလ်မှူးကြီးအနေနဲ့ စစ်မဟာဗျူဟာ လေ့လာရေးရုံးမှာလုပ်ခဲ့တယ်၊ န. စ. က ကွပ်ကဲရေးမှူး လုပ်ခဲ့တယ်၊ ကက(လှမ်း)မှာလည်း လုပ်ခဲ့တယ်၊ သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူးလုပ်ခဲ့တယ်။ ဒီလိုတာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်တွေမှာ ထူးထူးခြားခြား မှတ်မှတ်ရရလုပ်ခဲ့တာတွေရှိရင်လည်း ပြောပြပါဦး။**

UTH ။ ။ ကျွန်တော်တို့ အပတ်စဉ်က အရာရှိကြီးတစ်ယောက်က "သူ စစ်တပ်ထဲမှာ လုပ်ခဲ့လို့ သူ့နာမည်ကိုတောင် မပြောရဲဘူး"လို့ ပြောတော့ ကျွန်တော်က "မင်း စစ်တပ်ထဲမှာနေတုန်းက ဘာမကောင်းတာတွေ လုပ်ခဲ့လို့လဲ။ ငါတော့ အခုအချိန်အထိ ငါ စစ်တပ်ထဲမှာ နေခဲ့ရတာနဲ့ ပတ်သက်ပြီး ဂုဏ်လည်း ယူတယ်၊ ရဲရဲဝံ့ဝံ့လည်း ရင်ဆိုင်ရဲတယ်၊ ခင်ဗျားမဟုတ်ပါဘူးလို့ ပြောရဲတဲ့ ကြိုက်တဲ့လူ ထွက်ခဲ့"လို့ ပြန်ပြောဖူးတယ်။ ထောက်လှမ်းရေးကို အကျင့်မကောင်းဘူးလို့ အပြစ်တင်ချင်တဲ့ လူတွေကိုလည်း "မင်းတို့ဘယ်လောက် သိလလုံလဲ"လို့ စကားတစ်ခွန်းမေးချင်ပါတယ်။ ကျွန်တော်ဆိုရင် ထောက်လှမ်းရေး (၂၄)နဲ့ န. စ. က မှာ နေခဲ့တယ်။ မဟုတ်တာလုပ်ပြီး ငွေရှာချင်တယ်ဆိုရင် အင်မတန် လုပ်လို့ကောင်းတဲ့ နေရာပါ။ သတင်းတပ်ဖွဲ့မှူးဆိုတာလည်း အင်မတန်ငွေရှာလို့ ကောင်းတဲ့နေရာပါ။ ကျွန်တော် သတင်းတပ်ဖွဲ့မှူး ဖြစ်တုန်းက အသိတစ်ယောက်က "ဟာ အစ်ကိုကြီး တကယ်ပိုင်တာပဲ။ တစ်နေ့ ငါးယောက်ကို ပတ်စ်ပို့လုပ်ပေးရင်တောင် အတော်ခိုင်တယ်"လို့ ပြောဖူးတယ်။ ကျွန်တော်တို့ သန့်သန့်ရှင်းရှင်းနေခဲ့တာပါ။

အပြစ်အလွန်အကျွံ ပြောချင်တဲ့လူတွေကို ကျွန်တော်တို့ဆီကလူတွေ ရိုင်းတာ၊ မှားတာ ကြားဖူးပါတယ်။ ကျွန်တော်က စုံစမ်းရေးအဖွဲ့ထဲမပါလို့ မြင်တော့ မမြင်ဖူးပါဘူး။ ဒါပေမဲ့ မလုပ်သင့်တာတွေ လုပ်နေတာတော့ သိပါတယ်။ အမြဲတမ်းတော့

ဒီလိုလုပ်နေကြတာ မဟုတ်ဘဲ တိုက်ဆိုင်ရင်ပဲ လုပ်ကြတာပါ။ အမြဲတမ်းဆိုးနေတဲ့လူ၊ အမြဲတမ်းကောင်းနေတဲ့လူဆိုတာ ပုထုဇဉ်မှာတော့ မရှိဘူး။ ဒီတော့ "သူများကို အပြစ်ပြောချင်ရင် ကိုယ်ဘယ်လောက် သန့်စင်လဲဆိုတာ မေးဖို့လိုပါလိမ့်မယ်"လို့ ပြောချင်ပါတယ်။

တိုင်းပြည်အကျိုး၊ အများအကျိုးကို တကယ်လုပ်ချင်တယ်ဆိုရင် ဗုဒ္ဓမြတ်စွာဘုရားဟောကြားတဲ့ လောကီတိုးတက်ရာ တိုးတက်ကြောင်းနဲ့ ညွှန်ကြားချက်တွေကို ပြန်ဖတ်ပြီး ကိုက်ညီအောင်လုပ်သင့်ပါတယ်။ မကိုက်ညီတာ လုပ်မှ ဖြစ်မယ်ဆိုလည်း လုပ်ပေါ့။ ဒီတော့ ဗုဒ္ဓရဲ့ ဆုံးမမှုတွေအတိုင်းသွားရင် ပိုမြန်လိမ့်မယ်လို့ ထင်ပါတယ်။

ကျွန်တော် အငြိမ်းစားယူပြီးကတည်းက ရိပ်သာဝင်ပါတယ်။ ဒီလောက်တရားလုပ်တာတောင် ကိလေသာတွေ မသတ်နိုင်သေးဘူးလားဆိုပြီး အပြစ်ပြောချင်တဲ့သူတွေ ရှိလာနိုင်တာပေါ့။ ရှိလာနိုင်တဲ့လူတွေ အကုသိုလ်မဖြစ်အောင် ပြောတာပါ။ ကိလေသာဆိုတာ ဖြတ်ချင်တိုင်းဖြတ်လို့မရပါဘူး။ အနာဂါမ် အထက်ရရင် ကိုဝတ္ထုတို့မေးတဲ့ မေးခွန်းတွေကို ဖြေဖြစ်မှာ မဟုတ်ပါဘူး။ အခုတော့ လောကီကို ယေဘုယျအားဖြင့် စိတ်ဝင်စားမှုမရှိတော့ဘူး။ ဒါပေမဲ့ အကြောင်းတိုက်ဆိုင်လာရင် ကိလေသာမကုန်တော့ ပြောချင်ဆိုချင်တဲ့စိတ် ရှိတာပေါ့။ ကျွန်တော့်ဘက်က မြင်ချင်တဲ့ အမှန်တရားကို ပြောချင်တာပေါ့။ သမုတိနယ်ပယ် အမှန်တရားဆိုတော့ ကိုယ်ထင်ချင်သလို ထင်နိုင်တာပေါ့။ ပြောဖို့ အကြောင်းလေးတွေလည်း တိုက်ဆိုင်လာတယ်။ ကိုယ့်ရှေ့က ကိုယ့်ညီတွေ ပြောသွားတာလည်းရှိတော့ ပြောလိုက်တာပါ။

**အွန်လိုင်းဝတ္ထု**

***Speaker သတင်းဂျာနယ်***

***အတွဲ(၁) အမှတ်(၄၄)***

***၂၀၁၇ အောက်တိုဘာ ၅ နေ့ထုတ်မှ***

***အတွဲ(၁) အမှတ်(၄၅)***

***၂၀၁၇ အောက်တိုဘာ ၁၂ နေ့ထုတ်မှ***

ထောက်လှမ်းရေးပြန်ဖွဲ့ဖို့ လူရွေးတဲ့အခါ
ဗိုလ်မှူးကြီးမောင်လှက ကျွန်တော့်ကို တို့ထောက်လှမ်းရေး
အသစ်အတွက် လူရွေးရမယ်။ ဗိုလ်မှူးအဆင့်တွေ ရွေးမယ်။
မင်းက ကက(ထူး) (စစ်ရာထူးခန့်ချုပ်ရုံး)ကိုသွားပြီး အရာရှိကတ်တွေ
သွားယူခဲ့။ အရာရှိတွေက သူဌေး သား၊ သမီး မဖြစ်ရဘူး။ ရန်ကုန်သား
မဖြစ်ရဘူး။ နိုင်ငံရေး အပြစ်ကင်းစင်သူ ဖြစ်ရမယ်။ နိုင်ငံခြားမှာ
ဆွေမျိုးမရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ မှာချပေးလိုက်တယ် . . .

**ဗိုလ်ကြီးဘအေး**
**အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရေးအရာရှိ**



# “ထောက်လှမ်းရေးက သုံးရစ်နဲ့ တပ်ကြပ်ကြီးဆိုတဲ့လူက တပ်ရင်းမှူးတို့ ဗျူဟာမှူးတို့ကို ဂရုမစိုက်တော့ဘူး”

အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး၏ကိုယ်ရေးအရာရှိ
ဗိုလ်ကြီးဘအေး BC – ၂၁၅၃၂ (ငြိမ်း) နှင့် တွေ့ဆုံခြင်း

နဝတ၊ နအဖအတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး၏ ကိုယ်ရေးအရာရှိ ၁၀ နှစ်နှင့် ၄ လလုပ်ခဲ့သူ ဗိုလ်ကြီးဘအေးနှင့် တွေ့ဆုံခွင့်ရရန် မေမြို့သို့ သွားရောက်ခဲ့သည်။ မေမြို့ရောက်ရောက်ချင်း တပ်မတော်တွင် အခြားအဆင့် Other Ranks မှအရာရှိဖြစ်လာသူ ဗိုလ်ကြီးဘအေး အိမ်သို့ချီတက်ခဲ့ကြသည်။

အသက် (၇၃) နှစ်အရွယ် ဗိုလ်ကြီးဘအေးက စကားပြောတည်ငြိမ်သည်။ ကိုယ်ခန္ဓာ ကျန်းမာတောင့်တင်းသည်။ သူတာဝန်ထမ်းဆောင်ခဲ့စဉ်က အကြောင်းနှင့် သူ့ဆရာ ဗိုလ်ချုပ်ကြီးတင်ဦးအကြောင်းကို စိတ်ရှည်စွာ ပြောပြသည်။ ကိုယ် အတွင်းရေးမှူး(၂)ရဲ့ PSO လုပ်ခဲ့ပေမယ့် ကိုယ့်မှာ ဘာမှပိုင်ဆိုင်မှုမရှိဘူး။ ကိုယ့်ဆရာက နေ့တိုင်းကိုယ့်ကိုမှာတဲ့ စကားရှိတယ်။

"ဟေ့ ကိုဘအေး။ သူများတွေ လက်ဆောင်လာပေးရင် ကျောက်သံပတ္တမြား၊ ရွှေနဲ့ငွေကို မယူနဲ့နော်။ တခြားလက်ဆောင်ပစ္စည်းဆိုရင်တော့ လက်ခံ။ ကျန်တာယူနဲ့နော်လို့ အမြဲတမ်းမှာတယ်။ ဆရာမှာတဲ့အတိုင်း နေခဲ့လို့ ကျွန်တော် ဒီနေ့ ဒီအချိန်မှာ ဒီလိုနေရတာပေါ့"ဟု သူ့အနေအထားကို ပြောပြသည်။ တစ်ခါတည်း ကျွန်တော်က ကျွန်တော် သိချင်သည်များကို စမေးလိုက်သည်။

**Speaker ။ ။ ၁၉၈၃ အာဇာနည်ကုန်း ဗုံးခွဲခံရပြီးချိန်မှာ တပ်မတော် ထောက်လှမ်းရေးကို ပြန်ဖွဲ့ခဲ့တယ်လို့ သိရပါတယ်။ အန်ကယ် အဲဒီကာလတုန်းက တချို့လူတွေကို ရွေးချယ်ခဲ့တယ်လို့လည်း ကြားသိရပါတယ်။ ဘယ်လို ရွေးချယ်ခဲ့တာလဲဆိုတာကို ပြောပြပါဦး။**

UBA ။ ။ အာဇာနည်ကုန်းကို ချန်ဒူးဝမ်တို့ မလာခင် ဗုံးလာခွဲပြီးတဲ့နောက် တပ်မတော်ထောက်လှမ်းရေးကို ဘယ်လိုပြန်ဖွဲ့လဲဆိုတာနဲ့ပတ်သက်ပြီး အထက်ပိုင်းက လူကြီးတွေ ဆွေးနွေးတာကိုတော့ ကျွန်တော်မသိပါဘူး။ အဲဒီအချိန်က ဗိုလ်မှူးကြီး မောင်လှက စစ်ဦးစီး ဗိုလ်မှူးကြီး၊ ကျွန်တော်က သူ့ရဲ့ကိုယ်ရေးအရာရှိ။ ထောက်လှမ်းရေးပြန်ဖွဲ့ဖို့ လူရွေးတဲ့အခါ ဗိုလ်မှူးကြီးမောင်လှက ကျွန်တော့်ကို တို့ထောက်လှမ်းရေးအသစ်အတွက် လူရွေးရမယ်။ ဗိုလ်မှူးအဆင့်တွေ ရွေးမယ်။ မင်းက ကက(ထူး) (စစ်ရာထူးခန့်ချုပ်ရုံး)ကိုသွားပြီး အရာရှိကတ်တွေ သွားယူခဲ့။ အရာရှိတွေက သူဌေးသား၊ သမီး မဖြစ်ရဘူး။ ရန်ကုန်သား မဖြစ်ရဘူး။ နိုင်ငံရေး အပြစ်ကင်းစင်သူဖြစ်ရမယ်။ နိုင်ငံခြားမှာ ဆွေမျိုးမရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ မူချပေးလိုက်တယ်။ ဒီလိုမူချပေးလိုက်တော့ ကျွန်တော် ကက(ထူး)ကို သွားပြီး အရာရှိကတ်တွေတောင်းတယ်။ ကက(ထူး)ကလည်း အပြစ်ကင်းရှင်းတဲ့သူတွေရဲ့ ကတ်တွေကိုရွေးပြီးတော့ ကျွန်တော့်ကိုပေးလိုက်တယ်။ ဒါနဲ့ ကျွန်တော်ကတ်တွေ ယူလာခဲ့တယ်။ ရုံးကိုပြန်ရောက်တော့ ဗိုလ်မှူးကြီးမောင်လှက "အေး-ဒါဆို တို့ရွေးကျတာပေါ့။ မင်းသိတဲ့ လူ မင်းရွေး၊ ငါသိတဲ့လူ ငါရွေးမယ်"လို့ ပြောတယ်။ အဲဒီလို ရွေးတဲ့အခါ ကျွန်တော်သိတဲ့လူ လေး၊ ငါး ယောက်ပါတော့ အဲဒီလူတွေကို ကျွန်တော် ရွေးလိုက်တယ်။

**Speaker ။ ။ အဲဒီတုန်းက ဘယ်သူတွေကို တပ်မတော် ထောက်လှမ်းရေးအတွက် ရွေးလိုက်တာလဲ။**

UBA ။ ။ အဲဒီတုန်းက ကျွန်တော်ရွေးလိုက်တာက ဗိုလ်မှူးကျော်ဝင်း (နောင် ဒုတိယ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး) (သူရဲကောင်း မှတ်တမ်းဝင်) ဗိုလ်ဘဝကတည်းက ကျွန်တော်နဲ့ အတူတွဲပြီး တပ်မ(၈၈)မှာနေခဲ့ဖူးတယ်။ တိုက်ပွဲအတွေ့အကြုံများတယ်။ နောက်တစ်ယောက်က ဗိုလ်ကြီးတင်ဝင်း (အငြိမ်းစား သံအမတ်ကြီး၊ ဝန်ကြီး)။ ဗိုလ်ကြီးတင်ဝင်းကိုတော့ သိရုံပဲသိတယ်။ ရန်ကုန်တိုင်းမှာ နေတုန်းက သူနဲ့သိတာ။ ဗိုလ်ကြီးတင်ဝင်းကို ကျွန်တော်ရွေးတဲ့အခါ ဗိုလ်မှူးကြီး မောင်လှက "ဟာ-ဒီကောင်ကို ငါသိတာပေါ့။ ထည့်လိုက်"လို့ ပြောတယ်။

နောက်တစ်ယောက်က ဗိုလ်ကြီးကျော်မြင့် (အငြိမ်းစားသံအမတ်ကြီး)။ ဗိုလ်ကြီးကျော်မြင့်က တပ်မ(၈၈) လက်အောက်ခံ ဘယ်တပ်မှာလဲ မသိဘူး။ နေဖူးတယ်။ ကျွန်တော်ကတော့ ဗိုလ်ကြီးကျော်မြင့်ကို သနက (၁) (အမှတ်(၁)သေနတ်ကိုင်တပ်ရင်း) ကလို့ထင်တယ်။ ကျွန်တော် မှတ်မိတာတော့ ကိုကျော်ဝင်း၊ ကျော်မြင့်၊ တင်ဝင်းနဲ့ နောက် တစ်ယောက်က (နာမည်မမှတ်မိတော့ဘူး) ကျွန်တော်ရွေးတာ။ ဒီတော့ ဗိုလ်မှူးကြီး မောင်လှက အဲဒီလေးယောက်ရဲ့ကတ်ကို ယူထားလိုက်တယ်။ ကျန်တာကတော့ သူ ရွေးတာပေါ့။ ဗိုလ်မှူးကျော်ဝင်းက ဗိုလ်မှူးကြီးမောင်လှနဲ့တွေ့တော့ ထောက်လှမ်းရေးကို မလာချင်ဘူးလို့ အတင်းငြင်းနေလို့ အဆဲခံလိုက်ရသေးတယ်။

**Speaker ။ ။ ဗိုလ်မှူးကြီးမောင်လှ ရွေးတဲ့လူတွေကရော ဘယ်သူတွေလဲ။**

UBA ။ ။ ကျွန်တော် မှတ်မိသလောက် ဗိုလ်မှူးကြီးမောင်လှရွေးတာက ကိုခင်အောင်ရယ်၊ ကိုလှအောင်ရယ်၊ ယိုးဒယားမှာ သံအမတ်ကြီးသွားဖြစ်တဲ့ ဗိုလ်မှူးလှမောင်ရယ်ကို ရွေးတယ်။ တချို့လည်း ကျွန်တော်ကောင်းကောင်း မမှတ်မိတော့ဘူး။ စစ်ဆင်ရေးအတွက် အထက်က ရွေးတာလည်း ပါရင်ပါမယ်။ ကျွန်တော် အဲဒီလောက်ပဲသိတယ်။

**Speaker ။ ။ နောက်ပြီးတော့ ဘယ်သူတွေကို ထောက်လှမ်းရေးအတွက် ဆက်ရွေးသေးလဲ။**

UBA ။ ။ အဲဒီလို ဗိုလ်မှူးအဆင့်တွေ ရွေးပြီးတဲ့အခါ ဗိုလ်ကြီးအဆင့်တွေ ရွေးရတော့မယ်။ ဗိုလ်ကြီးအဆင့်လည်း ဗိုလ်မှူးအဆင့်ရွေးတဲ့ မူလေးချက်အတိုင်းပဲ ဗိုလ်မှူးကြီးမောင်လှက မူချပေးလိုက်တယ်။ ဒါနဲ့ ကျွန်တော်လည်း စစ်ရာထူးခန့်ချုပ်ရုံးမှာ ကတ်တွေ သွားယူရတယ်။ ပြီးတော့ ဗိုလ်မှူးကြီးမောင်လှက ကျွန်တော့်ကို သူ့ရုံးခန်းထဲ ခေါ်ပြီးရွေးကျတယ်။ ပြီးတော့ ကိုတင်အောင်မြင့်ဦးကို ခေါ်တယ်။ အဲဒီတုန်းက ကိုတင်အောင်မြင့်ဦး (ဒုသမ္မတ-ငြိမ်း)က ဗိုလ်ကြီးအဆင့်ပဲရှိသေးတယ်။ နောက် ဗိုလ်ကြီးစံကြည်၊ ဗိုလ်ကြီးတင်မျိုးနဲ့ ကျွန်တော်တို့ ရွေးကြတယ်။

**Speaker ။ ။ အာဇာနည်ကုန်း ပုံးကွဲပြီးတော့ ဘယ်နှခုနှစ်လောက်မှာ အဲဒီလို ပြန်ဖွဲ့တာလဲ။**

UBA ။ ။ ပုံးခွဲပြီး မကြာခင်မှာ ထောက်လှမ်းရေးကို ပြန်ဖွဲ့တာ။ ပုံးကွဲတဲ့အချိန်မှာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးက ဗိုလ်မှူးကြီးအောင်ကိုး။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးကို ပြန်ဖွဲ့တော့ ရွေးထားတဲ့လူတွေကို ဘယ်လိုရာထူး၊ ဘယ်လိုတာဝန်တွေ ပေးလဲ။**

UBA ။ ။ အဲဒီအပိုင်းကျတော့ ကျွန်တော် မသိဘူး။

**Speaker ။ ။ ဒီတော့ ကက(လှမ်း) ပြန်ဖွဲ့ဖို့ ရွေးထားတဲ့ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေကို ဘာတွေ ဆက်လုပ်ခိုင်းလဲ။**

UBA ။ ။ ကျွန်တော်ကြားသလောက်တော့ ရွေးထားတဲ့လူတွေ မင်္ဂလာဒုံမှာ သင်တန်းတက်ရတယ်။ အဲဒီမှာ သူတို့ကို ထောက်လှမ်းရေးနည်းစနစ်တွေ၊ ထောက်လှမ်းရေး ပညာတွေ သင်ပေးတာပေါ့။ အဲဒီအချိန်မှာ ဗိုလ်မှူးကြီးခင်ညွန့်က တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာပြီ။ ပြီးတော့သင်တန်းဆင်းလာတဲ့ လူတွေကို သူတို့အရည်အချင်းပေါ်မူတည်ပြီး ဘယ်သူက ဘယ်တပ်ကိုသွားဆိုပြီး တာဝန်ချထားပေးတယ်။ ဒီလိုတာဝန်ချထားပေးတဲ့ အတွင်းပိုင်းကိုတော့ ကျွန်တော် မသိတော့ဘူး။

**Speaker ။ ။ ၁၉၈၃ တပ်မတော် ထောက်လှမ်းရေးကို ပြန်ဖွဲ့ဖို့ လူရွေးတဲ့အခါ ၂၀၀၄ ခုနှစ်မှာ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတာဝန်နဲ့ အရေးယူခံခဲ့ရတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ရော ပါခဲ့သလား။**

UBA ။ ။ ဗိုလ်ချုပ်မောင်လှ ပင်စင်ယူသွားတဲ့အခါ သူ့အိမ်ကို တစ်လလေး၊ ငါးခါလောက်သွားတယ်။ အဲဒီလို ဗိုလ်ချုပ်မောင်လှအိမ် သွားပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်းနဲ့မှ အဲဒီတုန်းက ထောက်လှမ်းရေးညွှန်ကြားရေးမှူးကို အထက်က ရွေးမှန်းသိတာ။

**Speaker ။ ။ ဒါဆို တပ်မတော် ထောက်လှမ်းရေးကို အသစ်ပြန်ဖွဲ့ပြီး လူရွေးပြီးတော့မှ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ခေါ်တာလား။ အသစ်ပြန်ဖွဲ့ချိန်နဲ့ ဘယ်လောက်ကွာလဲ။**

UBA ။ ။ မဟုတ်ဘူး။ မကွာပါဘူး။ အပေါ်ပိုင်းမှာ လူကြီးတွေက သက်သက်ရွေးတယ်။ အောက်ပိုင်းမှာလည်း ကျွန်တော်တို့က သက်သက်ရွေးတယ်။

**Speaker ။ ။ အဲဒီအချိန်တုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘယ်သူလဲ။**

UBA ။ ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်စောမောင်က ပုသိမ်တိုင်းမှူးကနေ စစ်ရေးချုပ်တာဝန်ကို ပြောင်းလာပြီ။ စစ်ရေးချုပ်ဖြစ်ပြီးမှ ဗိုလ်ချုပ်စောမောင်ကို ဒုတိယကာကွယ်ရေး ဦးစီးချုပ်ပေးတာ။ ဗိုလ်ချုပ် စောမောင် ဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်ချိန်မှာ ဗိုလ်ချုပ်ကျော်ထင်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်နေပြီ။

**Speaker ။ ။ အဲဒီအချိန်က တပ်မတော်ထောက်လှမ်းရေးမှာ ဒါရိုက်တာဖြစ်လာတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အန်ကယ် ဘယ်လိုမြင်လဲ။**

UBA ॥ ॥ ၈၈ အရေးအခင်း မတိုင်မီ ပါတီကောင်စီခေတ်ကတည်းက ဗိုလ်ချုပ်ကြီး နေဝင်း နိုင်ငံခြားသွားတိုင်း ဗိုလ်ချုပ်ခင်ညွန့် လိုက်ရတယ်။ ဗိုလ်ချုပ်နေဝင်းသမီး ဒေါ်စန္ဒာဝင်းတို့ရဲ့လက်စွဲပေါ့၊ သက်တော်စောင့် (Bodyguard)ပေါ့။ ကျွန်တော်က တော့ ဗိုလ်ချုပ်ခင်ညွန့်ဟာ အဲဒီအချိန်ကစပြီး မိုးမမြင်၊ လေမမြင် ဖြစ်သွားတယ်လို့ မြင်တယ်။

**Speaker ॥ ॥ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ ဘယ်လုပ်ဆောင်ချက်ကို ကြည့်ပြီးတော့ မိုးမမြင် လေမမြင်လို့ ပြောတာလဲ။**

UBA ॥ ॥ မဟုတ်ဘူး။ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ကျွန်တော့်ဆရာ ဗိုလ်ချုပ်ကြီးတင်ဦး ကို ဆက်ဆံတဲ့အပေါ် မူတည်ပြီးတော့ ပြောတာပါ။

**Speaker ॥ ॥ ဗိုလ်ချုပ်ကြီးခင်ညွန့်အပေါ် တခြားအရာရှိတွေပြောတဲ့ ထူးထူးခြားခြား အမြင်တွေရှိသေးလား။**

UBA ॥ ॥ ဒါတော့ ဘယ်သူမှ မပြောပါဘူး။ ကျွန်တော်လည်း မကြားဖူးပါဘူး။ ဦးခင်ညွန့် မကောင်းကြောင်းကို ဘယ်သူမှမပြောရဲကြဘူး။ ခုနက ကျွန်တော်ပြောခဲ့တဲ့ ကိုခင်အောင် တပ်မတော်အစိုးရ လက်ထက်မှာ ဒုတိယဝန်ကြီးဖြစ်တော့ "ခင်ဗျားတို့ လုပ်စမ်းပါဦး။ ရန်ကုန်မှာ မူခင်းကိစ္စ (ခိုးဆိုးလုယက်တိုက်ခိုက်မှု) တွေ များနေပြီ။ ဒါကို ထိထိရောက်ရောက် မလုပ်နိုင်ဘူးလား"လို့ ပြောတော့ ကိုခင်အောင်က "ကို ဘအေး လုပ်လို့မဖြစ်ဘူးဗျလို့" ကျွန်တော့်ကို ပြန်ပြောဖူးတယ်။ အဲဒီအချိန်တုန်းက နယ်တွေက ထောက်လှမ်းရေးတပ်မှူးတွေက ဗိုလ်ကြီးအဆင့်ပဲ ရှိသေးတယ်။ ဗိုလ်မှူး မဖြစ်သေးဘူး။ အဲဒီတပ်မှူးတွေနဲ့ တိုင်းမှူး၊ တပ်မမှူးတွေနဲ့ သိပ်အဆင်မပြေချင်ဘူး။ ထောက်လှမ်းရေးက တိုင်းမှူး၊ တပ်မမှူးတွေကို နည်းနည်းချုပ်ကိုင်ချင်သလို တိုင်းမှူး၊ တပ်မမှူးတွေကလည်း ထောက်လှမ်းရေးဆို ကြောက်နေရတယ်။ ကျွန်တော်တပ်ထဲ စဝင်တဲ့ အချိန်ကတည်းက တပ်မတော်က လူအများစုဟာ ထောက်လှမ်းရေးကို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်။ ဒါပေမဲ့ အဲဒီထောက်လှမ်းရေးထက် တပ်မ တော်စစ်ဆေးရေးအရာရှိချုပ်ကို ပိုကြောက်ရတယ်။ အဲဒါတပ်မတော် စစ်ဆေးရေး အရာရှိချုပ် ဘမင်းသိန်းကြီး လက်ထက်ပေါ့။ သူစစ်ဆေးရေးဝင်ပြီဆိုရင် အိပ်ရာ ခင်းလိပ်ပြီး ဝင်ဖို့ပြင်တော့။ ဒီလို အရှိန်အဝါနဲ့ တပ်မတော်ထောက်လှမ်းရေးတွေ လက်မထောင်ခဲ့တာ အများကြီးပါပါတယ်။ ဒါမကောင်းတဲ့ အစဉ်အလာလို့ ကျွန်တော် မြင်ပါတယ်။ ဒီတော့ နယ်မှာ သုံးရစ်နဲ့ တပ်ကြပ်ကြီးဆိုတဲ့လူက တပ်ရင်းမှူးတို့၊ ဗျူဟာမှူးတို့ကို ဂရုမစိုက်တော့ဘူး။ ဒါက လက်တွေ့ပါ။

**Speaker ။ ။ ဒါဆို တပ်မတော် ထောက်လှမ်းရေး ပျက်ရတာက နယ်မှာရှိတဲ့ ထောက်လှမ်းရေးတပ်ကြပ်ကြီးတွေ၊ ထောက်လှမ်းရေးတပ်မှူးတွေကြောင့်လား။**

UBA ။ ။ ကျွန်တော်ကတော့ ဒီလိုပဲ မြင်တယ်။ လက်တွေ့တော့ မသိဘူး။ ကြားသလောက်ပြောရရင် တပ်မတော်ထောက်လှမ်းရေးကို ဒီလိုဖြစ်သွားအောင် စပြီးလှုံ့ဆော်တာက မြင့်လှိုင်လို့ ကျွန်တော်ထင်တယ်။ မြင့်လှိုင်က လားရှိုးတိုင်းမှူး။ ကျွန်တော်ကြားတာက လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းမှာရှိတဲ့ ထောက်လှမ်းရေးတပ်ကြပ်ကြီးတွေဟာ နောက်ဆုံးရွှေကိုတောင် ထားစရာမရှိလို့ ဘုရားဆင်းတုတော်တွေ ထုထား ရတယ်ပေါ့။ တစ်ဆင့်ကြားပေါ့ဗျာ။ တပ်မတော်ထောက်လှမ်းရေးက အရာရှိတွေလည်း ပါမယ်။ ဒါပေမဲ့ အထူးသဖြင့် နယ်မှာရှိတဲ့ တပ်ဆွယ်မှူးလို့ခေါ်တဲ့ တပ်ကြပ်ကြီးတွေကို အားလုံးကြောက်ရတယ်။ ကျွန်တော် ၁၉၉၆ ခုနှစ်မှာ တပ်က ထွက်ပြီးတော့ သပိတ်ကျင်းဘက်မှာ ၁၉၉၈ ခုနှစ်လောက်က ရွှေသွားတူးတယ်။ ကျွန်တော်ရွှေတူးနေတဲ့ သပိတ်ကျင်းက ရွာမှာ ဘုရားပွဲလုပ်တယ်။ ဘုရားပွဲကို ကျွန်တော်သွားရင်းနဲ့ "ဟေ့ လမ်းဖယ်၊ လမ်းဖယ်။ ထောက်ကြီးလာပြီ" လို့ ကြားတော့ ဘာလဲမေးကြည့်တယ်။ ဒီတော့မှ အဲဒါထောက်လှမ်းရေးတဲ့။ အဲဒီထောက်လှမ်းရေးကို သေသေချာချာ ကြည့်လိုက်တော့မှ အရင် သနက(၁)က ရဲဘော်က အဲဒီမှာ ထောက်လှမ်းရေးက ဆွယ်မှူးလို့ခေါ်တဲ့တပ်ကြပ်ကြီးဖြစ်နေတာ။ ဩော် . . . အဲဒီကောင်က ကျွန်တော် သနက(၁)မှာ တာဝန်ကျတုန်းက ကျွန်တော့်တပည့်ပါ။

**Speaker ။ ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်တွေကိုသွားတဲ့အချိန် ထောက်လှမ်းရေးတွေက စစ်သားစိတ်မရှိဘူးဆိုပြီး ဗိုင်းတိုင်ကြတယ်လို့ ကြားဖူးတယ်။ အန်ကယ်တို့လက်ထက်မှာရော ဒီလိုအဖြစ်အပျက်မျိုး ကြားဖူးလား။ ရှိခဲ့လား။**

UBA ။ ။ ကျွန်တော် ဗိုလ်ချုပ်သန်းရွှေနဲ့ရော၊ ဗိုလ်ချုပ်စောမောင်နဲ့ရော မြန်မာပြည်အနှံ့ တော်တော်သွားဖူးတယ်။ အဲဒီတုန်းက ဒီလိုတော့ မရှိကြဘူး။ ဒီလိုပြောတယ်လို့ ကြားလည်း မကြားဖူးဘူး။ ဒီလို တကယ်ပြောတယ်ဆိုရင်လည်း ကျွန်တော်အငြိမ်းစားယူသွားပြီး နောက်ပိုင်းဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဗိုလ်ချုပ်တင်ဦးက ကားနဲ့ခရီးသွားရင် "ဗိုလ်ကြီးဘအေး - မီးနီရင်ရပ်နော်။ ဖြတ်မမောင်းနဲ့"လို့ ကျွန်တော့်ကို သေသေချာချာပြောတယ်။ ဗိုလ်ချုပ်စိန်အောင်နဲ့ တခြားလူတွေဆိုရင် PSO က ကားရှေ့ခန်းမှာ မီးချောင်းရှည်ကြီးကို ကိုင်ထားရတယ်။ လမ်းဆုံမှာ မီးနီပြီဆိုရင်လည်း ဟွန်းတီးပြီး တစ်ခါတည်းဖြတ်မောင်းတာ။ အဲဒီတော့ ဟိုဘက်လမ်းကြောက ကားတွေ အကုန်လုံး ဒုက္ခရောက်တယ်။ ဗိုလ်ချုပ်ကြီးတင်ဦးကတော့ ဒီလိုဖြတ်မောင်းတာမျိုး

ကို လုံးဝလက်မခံဘူး။ တစ်နေ့မုံရွာဘက်ကို လူကြီးတွေ ခရီးသွားကြတယ်။ မုံရွာမှာ နှစ်ရက်၊ သုံးရက်လောက် တွေ့ဆုံဆွေးနွေးပြီးတဲ့အခါ လူကြီးတွေက ရဟတ်ယာဉ် သုံးစင်းနဲ့ ချင်းတောင်ကို တက်မယ်။ ကျွန်တော်တို့ PSO အဖွဲ့က မုံရွာကနေ ကားတန်းနဲ့ မန္တလေးဆင်း၊ ပြီးတော့ မိတ္ထီလာကိုဖြတ်ပြီး ပုဂံ၊ ညောင်ဦးက လူကြီး တွေကို သွားစောင့်ရမယ်။ န. ဝ. တ အစိုးရ တက်ခါစ လူမိုက် PSO တွေက ကိုမြင့်ထွန်း (ဗိုလ်မှူးကြီးမြင့်ထွန်း)တို့၊ ဆုံးသွားတာ မကြာသေးတဲ့ ဗိုလ်မှူးကြီး ကြည်ဝင်းတို့၊ ကျွန်တော်တို့ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ ကားတန်း မြင်းခြံအဝင်မှာ ယာဉ်တန်းအရှည်ကြီး ရပ်ထားတာတွေ့တယ်။ ဘာလို့ပိတ်ထားတာလဲ၊ ဘယ်သူပိတ် ခိုင်းတာလဲ မေးကြည့်တော့ လူကြီးတွေရှိလို့ ထောက်လှမ်းရေးက ပိတ်ခိုင်းလို့ပါတဲ့။ ဒါနဲ့ ကျွန်တော့်နာမည်တွေ၊ ကိုယ်ပိုင်နံပါတ်တွေကို ပြောပြီးတော့ ကားတွေ အကုန် လွှတ်ခိုင်းရတယ်။ အဲဒီ ကားပိတ်ထားတဲ့ နေရာမှာလည်း ဒုရဲအုပ်တစ်ယောက်ပဲ ရှိတယ်။ ကားသမားတွေကိုလည်း ပြိုင်မမောင်းနဲ့၊ လုမမောင်းနဲ့ ဖြည်းဖြည်းမောင်း ကြပါလို့ ပြောရတယ်။ ဒါက တစ်ခါ။ နောက်တစ်ခါ ဗိုလ်ချုပ်သန်းရွှေ နောင်ချိုကို တပ်သွားစစ်တော့ ဗိုလ်ချုပ်တင်ဦးက "ဗိုလ်ကြီးဘအေးရေ- မောင်ရင့်အစ်မ (ဗိုလ် ချုပ်တင်ဦးဇနီး)နဲ့ ဂုတ်ထိပ်တံတား လိုက်ပို့လိုက်"တဲ့။ လူကြီးတွေကတော့ နောင် ချိုထဲက တပ်အသစ်တွေ လိုက်စစ်နေကျတာပေါ့။ ဒါနဲ့ကျွန်တော်လည်း အရာရှိ ကတော်တွေကို ကားနဲ့ဂုတ်ထိပ်တံတားကို လိုက်ပို့ရတယ်။ ဒါပေမဲ့ ကျွန်တော် ဂုတ်ထိပ်တံတားအသွားကတည်းက နောင်ချိုအဝင်မှာ လားရှိုးဘက်ကလာတဲ့ ယာဉ် တန်း နေပူထဲမှာ ရပ်ထားရတာကို တွေ့ခဲ့တယ်။ ဒါနဲ့အရာရှိကတော်တွေ ဂုတ်ထိပ် တံတားကြည့်ပြီးတော့ ကျွန်တော်ကားတန်းကိစ္စ ရှင်းလိုက်ဦးမယ်ဆိုပြီး သူတို့ကို အရင် ပြန်ခိုင်းလိုက်တယ်။ ပြီးတော့ ဘာလို့ကားတွေရပ်ခိုင်းတာလဲ၊ ဘယ်သူရပ် ခိုင်းတာလဲမေးတော့ လူကြီးတွေ မြို့ထဲရောက်နေလို့ ကားတွေကို ရပ်ခိုင်းထားတာ တဲ့။ အဲဒီကားရပ်ခိုင်းတဲ့ နားမှာလည်း သုံးရစ်နဲ့ ရဲတပ်ကြပ်ကြီးတစ်ယောက်ပဲ ရှိ တယ်။ ဒါနဲ့ မြင်းခြံကိစ္စတုန်းကလိုပဲ ကျွန်တော့်နာမည်တွေ၊ ကိုယ်ပိုင်နံပါတ်တွေပြော ပြီး ကားတွေလွှတ်လိုက်ခိုင်းရတယ်။ ကားသမားတွေလည်း ဝမ်းသာကြတာပေါ့။ ကားသမားတွေကိုလည်း နောင်ချိုမြို့ကို မကျော်ခင်အထိ ကားကျော်မတက်ဖို့၊ ဖြတ်မတက်ဖို့၊ လုမမောင်းဖို့ ပြောရတာပေါ့။ နောက်တစ်ခါ မကွေးမှာလည်း ခ. ဝ. တ ဥက္ကဋ္ဌတွေ၊ မ. ဝ. တ ဥက္ကဋ္ဌတွေက လူကြီးတွေလာမယ်ဆိုရင် ကျောင်းသားတွေကို ပန်းဖွားနဲ့ မနက် ၄ နာရီ၊ ၅ နာရီလောက် ကြိုခိုင်းတယ်။ ကလေးတွေလည်း အအိပ်၊

အစားပျက်ကြတာပေါ့။ မကွေးရောက်တော့ လူကြီးတွေက ရဟတ်ယာဉ်နဲ့ ပအိုဝ်းဘက် ထွက်သွားကြတယ်။ ကျွန်တော်တို့ PSO အဖွဲ့ကတော့ မကွေးလေဆိပ်မှာ နေခဲ့တယ်။ လူကြီးတွေကို မနက်ကတည်းက ကြိုပြီးပေမယ့် လူကြီးတွေပြန်အလာကို ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေ၊ ဌာနဆိုင်ရာတွေ အားလုံးစောင့်နေကျတယ်။ မနက် ၄ နာရီကတည်းကရောက်တာ မွန်းလွဲ ၁ နာရီအထိ သူတို့ကို ထမင်းစား မလွှတ်သေးဘူး။ ဒါနဲ့ကျွန်တော်က ခ. ဝ. တ ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီးမောင်မြင့်ကို စောင့်နေတဲ့လူတွေကို ပြန်ခိုင်းတော့ ခ. ဝ. တ ဥက္ကဋ္ဌက မပြန်စေချင်ဘူး။ ဒါနဲ့ ကျွန်တော်လည်း မြို့နယ်ဦးစီးအရာရှိတွေနဲ့ ခရိုင်ဦးစီးအရာရှိတွေကလွဲလို့ ကျန်တဲ့လူတွေအားလုံးကို အိမ်ပြန်ကြတော့၊ ပြန်မလာကြနဲ့တော့လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုမျိုးလေးတွေဖြစ်ခဲ့တာ။ ဗိုလ်ချုပ်တင်ဦးဆိုရင် သူ လေယာဉ်ကွင်းဆင်းတာကို ကော်ဇောနီခင်း ကြိုတာတို့၊ ပန်းစည်းနဲ့ကြိုတာတို့ လုပ်ရင် မကြိုက်ဘူး။ လက်လည်း လက်မခံဘူး။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးကို ၁၉၈၃ ခုနှစ်မှာ ပြန်ဖွဲ့ခဲ့တယ်။ ဒါပေမဲ့ ၂၀၀၄ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးခင်ညွန့် အရေးယူခံလိုက်ရသလို တပ်မတော်ထောက်လှမ်းရေးလည်း ဖျက်သိမ်းခံလိုက်ရတယ်။ တပ်မတော်ထောက်လှမ်းရေး ပြန်အဖွဲ့မှာ ကိုယ်တိုင်လူရွေးချယ်ခဲ့တဲ့သူအနေနဲ့ နှစ် ၂၀ ကျော်လောက်အတွင်း တပ်မတော်ထောက်လှမ်းရေး ဘာလို့ ဖျက်သိမ်းခံရတယ်လို့ထင်လဲ။**

UBA ။ ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က တပ်မတော်မှာ ဗိုလ်ချုပ်ကြီး၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး၊ န. အ. ဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)မှာ ဝန်ကြီးချုပ်တာဝန်တွေ ယူထားတယ်။ ဒီတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကိုခင်ညွန့် ဒီရာထူးနှစ်ခုထဲက တစ်ခုတော့ လျှော့လိုက်။ ထောက်လှမ်းရေးညွှန်/မှူး မလုပ်နဲ့တော့။ ဝန်ကြီးချုပ်ပဲလုပ်။ ဒါက အတိအကျတော့ မဟုတ်ဘူး။ တစ်ဆင့်ကြားပေါ့။ အဲဒီလို ထောက်လှမ်းရေးကို မလွှဲသေးတဲ့အချိန်မှာဘဲ မူဆယ် ပြဿနာဖြစ်တော့ ပါသွားတယ်။ သူသာဝန်ကြီးချုပ်နဲ့အပြင်မှာရှိနေရင် ဘာပဲဖြစ်ဖြစ် တပည့်တွေကို အနည်းနဲ့အများ ကယ်တင်နိုင်မယ်ထင်တာပဲ။

**Speaker ။ ။ စစ်သက် နှစ် ၃၀ အတွင်း လူကြီးတွေနဲ့ပတ်သက်တဲ့ ထူးခြားတာလေးရှိရင်ပြောပေးပါဦး။**

UBA ။ ။ လူကြီးတွေနဲ့ ပတ်သက်ပြီးတော့ ပြောစရာသိပ်မရှိပါဘူး။ တပ်မတော်မှာက တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတော့ အထက်ကို အောက်က ရိုသေတာမျိုး၊ အထက်က

အမိန့်ကို အောက်ကနာခံတာမျိုးပဲ ရှိပါတယ်။ အထက်ကို ကလန်ကဆန်ဖီဆန်တယ်ဆို ဘာတော့ သူငယ်ချင်းတွေလောက်ပဲရှိပြီး ရှားပါတယ်။ ကျွန်တော် ကွတ်ခိုင်မှာတုန်းက ဗိုလ်မှူးကြီးလှဦးက ခေတ္တ တပ်မဟာမှူးပါ။ နမ့်ဖတ်ကာအထွက်မှာ ambush မိလို့ ဒုအရာခံ ဗိုလ်တစ်ယောက်နဲ့ ဒုတပ်မမှူးတစ်ယောက် ကျသွားတယ်။ အဲဒီလိုကျ သွားတော့ ဗိုလ်ကြီး အောင်ခင်က ခေတ္တဗျူဟာမှူး သွားလုပ်ရတယ်။ တပ်မတော်မှာရှိတဲ့ အစဉ်အလာတစ်ခုက တိုက်ပွဲတစ်ခုဖြစ်ရင် အထက်ဌာနက ရှေ့တန်းကို စက်နဲ့ အမြဲတမ်းလှမ်းမေးနေတာ။ ဒီတော့ ရှေ့တန်းက ကွန်မန်ဒါက စစ်မတိုက်ရဘဲ စက်နားမှာပဲ ထိုင်ဖြေနေရပါတယ်။ အဲဒီနေ့မှာ ဗိုလ်ကြီး အောင်ခင်ဆီက "တယ်လီဖုန်းနဲ့ လုပ်နေသည် မဟုတ်။ စက်နဲ့ အလုပ်လုပ်နေသည်။ အချိန်မီ အကြောင်း မပြန်နိုင်" ဆိုတဲ့ ကြေးနန်းတစ်ခု ဝင်လာတယ်။ ဒီစာကို ဗိုလ်မှူးကြီးလှဦးကို သွားပေးတော့ အေး၊ အေး မမေးကြနဲ့လို့ ပြန်ပြောတယ်။ ခင်မင်ရင်းနှီးလို့ ဒါမျိုးတွေလောက်ပဲ ရှိတယ်။ ဒါပေမဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတော့ ပြန်မပြောရဲတာတွေ၊ ကြိတ် ခံသွားရတာတွေလည်း ရှိကြမှာပေ့ါ။

**Speaker ။ ။ ဗိုလ်မှူးကြီးတင်ဦးနဲ့ စတွေ့တုန်းက အန်ကယ်က ဘာရာထူးလဲ။**

UBA ။ ။ အဲဒီတုန်းက ကျွန်တော်က အရာခံဗိုလ်ပဲ ရှိသေးတယ်။

**Speaker ။ ။ ဗိုလ်မှူးကြီးမောင်လှ PSO အနေနဲ့လား။**

UBA ။ ။ အဲဒီတုန်းကတော့ ဗိုလ်မှူးကြီးမောင်လှရဲ့ ကိုယ်ရေးလက်ထောက် (PA) ပေါ့။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံမှာ ကာနယ် GS ရဲ့ PA သည် အရာခံဗိုလ် ဖြစ်ရမယ်လို့ပါတယ်။

**Speaker ။ ။ အဲဒီလို ဗိုလ်ကြီးအဖြစ်ခန့်တာ ဘယ်နှခုနှစ်လောက်လဲ။**

UBA ။ ။ ကျွန်တော် တပ်မ(၈၈)ကနေ ရန်ကုန်စစ်ရုံးကို ၁၉၇၈ ခုနှစ်မှာ ပြောင်းရတယ်။ အဲဒီတုန်းက ကာနယ် GS က ဗိုလ်မှူးကြီးတင်ဦးပေါ့။ ဗိုလ်မှူးကြီးတင်ဦးဆိုတာ ဗိုလ်သင်တန်းအပတ်စဉ်(၆)က ဗိုလ်ချုပ်စောမောင်တို့၊ ဗိုလ်ချုပ်အေးကိုတို့နဲ့ အတူတူ ပဲ ဂျပုတင်ဦးပေါ့။ ဒီတော့ ကျွန်တော်က ဗိုလ်မှူးကြီးတင်ဦးဆီမှာ ကိုယ်ရေး လက်ထောက်လုပ်ရတယ်။ ဗိုလ်မှူးကြီးတင်ဦးဆုံးသွားတာ မကြာသေးဘူး။ သုံးလ လောက်ပဲ ရှိသေးတယ်။ ကျွန်တော်ကိုယ်ရေးလက်ထောက်လုပ်ပြီး ၁၀ လလောက်ကြာ တဲ့အခါ ဗိုလ်မှူးကြီးတင်ဦးက တပ်မ(၆၆)ကို တပ်မမှူးတာဝန်နဲ့ ပြောင်းသွားတယ်။ ဗိုလ်မှူးကြီး တင်ဦးက ကျွန်တော့်ကို သူ့ဆီလာဖို့ခေါ်ပေမယ့် ကျွန်တော်သွားရင် တပ်မ (၆၆) မှာရှိနေတဲ့ အရင်လူတခြားနေရာ ပြောင်းရမှာ၊ ဒါဆို မကောင်းဘူးလို့

စဉ်းစားမိပြီး ရန်ကုန်စစ်ရုံးမှာပဲ နေလိုက်တယ်။ ဗိုလ်မှူးကြီးတင်ဦးနဲ့ ဗိုလ်မှူးကြီးစိန်အောင်နဲ့ ကာနယ် GS အပြောင်းအလဲ လုပ်တော့ ဗိုလ်မှူးကြီးတင်ဦးက ကိုစိန်အောင် "ကိုဘအေးကို ခင်ဗျားဆက်သုံးမှာလား" လို့ မေးတယ်။ ဗိုလ်မှူးကြီး စိန်အောင်က "ဟာ ကျွန်တော်ပဲ ဆက်သုံးပါ့မယ်" လို့ ပြောတာနဲ့ ကျွန်တော်ကာနယ် GS ရဲ့ PA ပြန်လုပ်ရတယ်။ ကျွန်တော် ဗိုလ်မှူးကြီးစိန်အောင်နဲ့ နှစ်နှစ်နဲ့ လေးလ လုပ်ရတယ်။ ဗိုလ်မှူးကြီးစိန်အောင်က နောက်တော့ ဗိုလ်ချုပ်ကြီးစိန်အောင် ဖြစ်သွားတယ်။

**Speaker ။ ။ ဗိုလ်မှူးကြီးစိန်အောင်နဲ့ တွဲလုပ်ရတာလား။**

UBA ။ ။ ဟုတ်ကဲ့။ ဗိုလ်မှူးကြီးစိန်အောင်ရဲ့ ကိုယ်ရေးလက်ထောက်အဖြစ် ၁၉၇၉ ခုနှစ် ၄ လပိုင်းကနေ ၁၉၈၁ ခုနှစ် ၈ လပိုင်းအထိ နှစ်နှစ်နဲ့ လေးလလုပ်ခဲ့ရပါတယ်။ နောက်တစ်ခါ DSA အပတ်စဉ်(၁)က ဗိုလ်မှူးကြီးလှမော်က စစ်ဦးစီးဗိုလ်မှူးကြီးဖြစ်လာပြီး ၁၉၈၁ ခုနှစ် ၈လပိုင်း ၁၂ ရက်မှာ ရောက်လာပါတယ်။ ကျွန်တော်နဲ့ ဗိုလ်မှူးကြီးလှမော် တစ်နှစ်နဲ့ ခုနစ်လ အတူတွဲခဲ့ရပါတယ်။ နောက်တစ်ခါ ခုနကပြောတဲ့ ဗိုလ်မှူးကြီးမောင်လှက ၁၉၈၃ ခုနှစ် ၄ လပိုင်း ၆ ရက်မှာ ဗိုလ်မှူးကြီးမောင်လှက စစ်ဦးစီးဗိုလ်မှူးကြီး ဖြစ်လာပါတယ်။ ကျွန်တော်နဲ့ ဗိုလ်မှူးကြီးမောင်လှ နှစ်နှစ်နဲ့ ငါးလ တွဲလိုက်ရပါတယ်။ ဗိုလ်မှူးကြီးမောင်လှက စစ်ရာထူးခန့်ချုပ်ဖြစ်သွားတဲ့အခါ ဗိုလ်မှူးကြီးတင်ဦးက ၁၉၈၅ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှာ စစ်ဦးစီးဗိုလ်မှူးကြီး ဖြစ်လာပါတယ်။ နောက်တော့ ဗိုလ်မှူးကြီးတင်ဦးက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဖြစ်လာပါတယ်။ ကျွန်တော် ဗိုလ်မှူးကြီးတင်ဦးရဲ့ ကိုယ်ရေးလက်ထောက်အဖြစ် ဆောင်ရွက်နေဆဲ ၁၉၈၉ ခုနှစ်မှာ ကော်မရှင်ရပါတယ်။ အဲဒီအချိန်ကစပြီး ပြည်တွင်းပြည်ပ တောက်လျှောက်မှာ သူ့ရဲ့ ကိုယ်ရေးအရာရှိအဖြစ် ၁၀ နှစ်နဲ့ လေးလ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

**Speaker ။ ။ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးဆုံးတော့ ဘယ်လိုခံစားရလဲ။**

UBA ။ ။ ဆရာသမားဆုံးတော့ ငိုရတာပေါ့။

**Speaker ။ ။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးဆုံးတဲ့အခါ အန်ကယ်က တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတုန်းလား။**

UBA ။ ။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ဆုံးတဲ့အချိန် ကျွန်တော်တပ်က ထွက်ပြီးပြီ။ ကျွန်တော်က ၁၉၉၆ ခုနှစ်မှာ တပ်ကအငြိမ်းစားယူတယ်။ ဒါပေမဲ့ ဆရာသမားနဲ့အဆက်အသွယ်မပြတ် အဝင်အထွက်၊ အသွားအလာတော့ ရှိနေတာပေါ့။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးဆုံးတာက ၂၀၀၁ ခုနှစ် ထင်တယ်။ ဆရာသမားဆုံးပြီဆိုတာ သိလိုက်

ခတော့ ကျွန်တော့်စိတ်ထဲမှာ ငါ့-ဆရာသမားတော့ လုပ်ကြံခံလိုက်ရပြီဆိုပြီး ခံစားမိလိုက်တယ်။ အဲဒီလိုစိတ်က ထင်သွားမိပေမယ့် ဘယ်လိုလုပ်ကြံတယ်ဆိုတာတော့ ကျွန်တော်လည်း အတိအကျမပြောနိုင်ဘူး။ ဒီလိုဆရာသမားဆုံးတော့ မျက်ရည်ကျရတာပေါ့။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးတွေကို အန်ကယ်ကိုယ်တိုင် ရွေးချယ်ပေးခဲ့တော့ အန်ကယ့်စိတ်ထဲမှာ ထူးထူးခြားခြား မှတ်မိတာရှိရင် ပြန်ပြောပါဦး။**

UBA ။ ။ အမှန်တော့ စိတ်မကောင်းဘူး။ ကျွန်တော် ဗိုလ်ချုပ်တင်ဦး PSO လုပ်ချိန်မှာ ဗိုလ်ချုပ်တင်ဦးက ကာနယ် GS ဆိုတော့ ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်ပြီးရင် တပ်မတော်မှာ အဆင့်သုံးဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ ညွှန်ကြားရေးမှူးအားလုံးဟာ စစ်ဦးစီးဗိုလ်မှူးကြီးရဲ့ ကွပ်ကဲမှုအောက်မှာ ရှိပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ခင်ညွန့်က တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဆိုပြီး ဖြစ်လာတယ်။ နောက်ပြီး ဗိုလ်ချုပ်တင်ဦးက ဗိုလ်ချုပ်ခင်ညွန့်ထက် အသက်ရော၊ စစ်သက်ရော အများကြီး စီနီယာကျပါတယ်။ ၁၉၅၈ ခုနှစ်မှာ ကျွန်တော်တပ်ထဲကို ဝင်ပြီးချိန်မှ ဗိုလ်ချုပ်ခင်ညွန့်က ဒုဗိုလ်ဘဝနဲ့ ခလရ(၂၀)ကို ရောက်လာတာပါ။ ဒီတော့ ကျွန်တော်က ဗိုလ်ချုပ်ခင်ညွန့်ဟာ ဗိုလ်ချုပ်တင်ဦးအပေါ်မှာ ဆက်ဆံတာနည်းနည်း မောက်မာတယ်လို့ မြင်ပါတယ်။ ကျွန်တော်တစ်ယောက်တည်း ဒီလိုသိတာမဟုတ်ဘဲ ကျွန်တော်နဲ့ နဝတရုံးမှာ တွဲဖက်ပြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ အထူးအရာရှိ ဗိုလ်မှူးကြီးသန်းတင်တို့၊ အခုဗိုလ်ချုပ်ရွှေမန်းဆီရောက်နေတဲ့ ဦးဇော်မြင့်ဖေတို့လည်း သိပါတယ်။ ဗိုလ်ချုပ်ခင်ညွန့်က ဗိုလ်ချုပ်တင်ဦးကို အများကြီး မထီလေးစား လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ကတော့ လူကြီးနှစ်ယောက်ကြားမှာ စိတ်မကောင်းဖြစ်တာပေါ့။ ဗိုလ်ချုပ်တင်ဦးကတော့ အင်မတန်သည်းခံပါတယ်။ တစ်ခါတလေ ဗိုလ်ချုပ်တင်ဦးနဲ့ ကျွန်တော်က အပြင်သွားမယ်ဆိုပြီး ထွက်လာတဲ့အခါ ဗိုလ်ချုပ်ခင်ညွန့်နဲ့ လမ်းမှာတွေ့တယ်။ ဗိုလ်ချုပ်ခင်ညွန့်က ဗိုလ်ချုပ်တင်ဦးကို စနှုတ်မဆက်ဘူး။ ဗိုလ်ချုပ်တင်ဦးကပဲ ဗိုလ်ချုပ်ခင်ညွန့်ကို "ဟာ ကိုခင်ညွန့် ဘယ်ကလာလဲ"ဆိုပြီး နှုတ်ဆက်ရတယ်။ အဲဒီအခါ ကိုယ့်ဆရာဘက်ကနေ စိတ်မကောင်း ဖြစ်ခဲ့ရတယ်။ တစ်နေ့မှာ ဗိုလ်ချုပ်ခင်ညွန့်နဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုကို ကျွန်တော်ရယ်၊ ဒုတိယ ဗိုလ်မှူးကြီးသန်းတင်ရယ်၊ ဦးဇော်မြင့်ဖေရယ်က ဗိုလ်ချုပ်အခန်းထဲကို ဝင်ပြီးပြောတော့ ဘာမှ မပြောပါနဲ့။ ဘာမှမလုပ်ပါနဲ့။ သူ့အကျိုး သူပေးပါလိမ့်မယ်လို့ ပြောဖူးတယ်။

ကျွန်တော်တို့ကတော့ စိတ်ထဲမှာ သိပ်မခံချင်ဘူးပေါ့။ မခံချင်ပေမယ့်လည်း ကိုယ်က ဘာမှမတတ်နိုင်၊ ဘာမှမပြောနိုင်တော့လည်း ဒီအတိုင်းထားရတာပေါ့။

**Speaker ။ ။ ဗိုလ်ချုပ်ကြီးတင်ဦး PSO လုပ်နေတဲ့ အန်ကယ်တို့က ကိုယ့်ဆရာက စီနီယာဖြစ်ရဲ့သားနဲ့ ဂျူနီယာသမားက မထီလေးစားလုပ်တာကို မခံချင်တဲ့သဘော ဖြစ်တာလား။**

UBA ။ ။ မှန်ပါတယ်။ အဲဒါပါ။ အသက်လည်း ပိုကြီးတယ်။ ရာထူးအနေနဲ့ ပြောမယ်ဆိုရင်လည်း ဗိုလ်ချုပ်ကြီးတင်ဦးက ညွှန်ကြားရေးမှူးတွေရဲ့ အထက်မှာ ရှိပါတယ်။

**Speaker ။ ။ ဗိုလ်ချုပ်ကြီးတင်ဦး ဆုံးတာကို လုပ်ကြံခံရတယ်လို့ အန်ကယ်က ဘာလို့ထင်တာလဲ။**

UBA ။ ။ ဗိုလ်ချုပ်ကြီးတင်ဦး လုပ်ကြံခံရတယ်လို့ ကျွန်တော်ထင်တာက အပြင်မှာလည်း တချို့က ပြောနေတယ်။ ကမ္ဘာအေးဘုရားမှာ ဗုံးတစ်ခါကွဲတယ်။ နောက်တစ်ခါ ဗိုလ်ချုပ်ကြီးတင်ဦး အိမ်မှာလည်း ဗုံးကွဲတယ်။ ကျွန်တော် ပင်စင်မယူခင်က ဗိုလ်ချုပ်တင်ဦး နာမည်နဲ့ လာသမျှစာ အားလုံးကို ဒိုင်ခံဖောက်ရတယ်။ အဲဒီလို ကျွန်တော် စာအိတ်ဖောက်၊ စာအိတ်ကိုမှတ်ပုံတင်ပြီးမှ ဗိုလ်ချုပ်တင်ဦးဆီ တင်ရပါတယ်။ ဗိုလ်ချုပ်တင်ဦးအိမ်မှာ စာအိတ်ဗုံးကွဲတဲ့ဖြစ်စဉ်မှာ စာအိတ်က ဗိုလ်ချုပ်တင်ဦး အိမ်ကို တိုက်ရိုက်ရောက်သွားတယ်။ အိမ်ရောက်လာတဲ့စာအိတ်ကို ဗိုလ်ချုပ်တင်ဦး အိမ် ခဏရောက်နေတဲ့ ဗိုလ်ကြီးလှမျိုးက လက်ခံထားလိုက်ပြီး "အစ်မ(ဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး)ကို အစ်မ-စာအိတ်ပေါ်မှာ အင်္ဂလိပ်လို ရေးထားတယ်။ ဂျပန်က လာတယ်"ဆိုပြီး အပ်လိုက်တယ်။ အစ်မက "အေး စားပွဲပေါ်တင်ထားလိုက်" လို့ပြောတယ်။ စာအိတ်ကို စားပွဲပေါ်တင်ထားပြီး ငါးရက်လောက်ကြာတော့ ဗိုလ်ချုပ်ကြီး တင်ဦးအိမ်ကို အပြင်က တယ်လီဖုန်းလာတယ်။ ဒီဖုန်းကို ဗိုလ်ချုပ်တင်ဦး သမီးချိုလဲ့ဦးက ကိုင်လိုက်တယ်။ ဖုန်းထဲက "ဗိုလ်ချုပ်ဆီ စာပို့ထားတာလေး၊ ငါးရက်ရှိပါပြီ။ ဒီနေ့အထိ အကြောင်းမပြန်သေးဘူး။ အရေးကြီးလို့ပါ"လို့ ပြောမှာ ပေါ့။ ဒီတော့ "ဟုတ်ကဲ့ပါ" ဆိုပြီး သမီးချိုလဲ့ဦးက စာအိတ်ကို ဖောက်မှာပေါ့။ အဲဒီအချိန်မှာ အစ်မကြီး ဒေါ်ခင်သန်းနွဲ့ (ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး)က အိပ်ခန်းထဲမှာ ဗီရိုရှင်းနေတယ်။ အချိန်ကတော့ ည ၈ နာရီ ၂၅ မိနစ်လောက်ရှိပြီ ထင်တယ်။ သမီးချိုလဲ့ဦးက စာအိတ်ကိုဘယ်လို ဖောက်လဲတော့ မသိဘူး။ ပါးစပ်အပေါ်ပိုင်း မျက်နှာတစ်ခုလုံးပါသွား (စုတ်ပြတ်သတ်သွား)တယ်။ ဗိုလ်ချုပ်တင်ဦးအိမ် ဧည့်ခန်းနဲ့

အိပ်ခန်းက မျက်နှာကြက်တွေလဲ ပြုတ်ကျကုန်တယ်။ တစ်အိမ်လုံးလည်း မှောင်မည်း သွားတယ်။ ဒေါ်ခင်သန်းနွဲ့က တီဗွီပေါက်ကွဲတယ်လို့ထင်ပြီး သူ့သမီးလဲနေတာကို မမြင်ဘဲ သူ့မြေးတွေအတွက် စိတ်ပူလို့ အပြင်ထွက်သွားတယ်။ ပြီးမှ "ဟာ ချိုလဲ့ဦး ဘယ်မှာလဲ။ ချိုလဲ့ဦးကို ရှာကြပါဦး"ဆိုပြီးရှာတယ်။ ရဲဘော်တွေက ရှာတွေ့တဲ့အခါ "ချိုလဲ့ဦး လဲနေတယ်"လို့ပြောတော့ အဝတ်အစားလဲနေတာမှတ်ပြီး "ဟာ ဒီအချိန်ကြီး ဘာလဲနေတာလဲ"ဆိုပြီး ကြည့်လိုက်တော့မှ ချိုလဲ့ဦး လဲကျနေတာကို တွေ့တာ။ ပြီးတော့မှ ဗိုလ်ချုပ်ဆီ ဖုန်းလှမ်းဆက်တာ။ ဗိုလ်ချုပ်ကြီးတင်ဦးအိမ် စာအိတ်ပုံး ပေါက်ကွဲချိန်မှာ ကျွန်တော်တပ်က အငြိမ်းစားယူပြီးပြီ။ ပုံးပေါက်ချိန်မှာ ကျွန်တော် မရှိဘူး။ ဒါတွေက အစ်မကြီး ဒေါ်ခင်သန်းနွဲ့ ပြန်ပြောပြလို့သိရတာ။

Speaker ॥ ॥ **အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးတင်ဦးက ဘယ်မှာလဲ။**

BA ॥ ॥ အဲဒီအချိန် ဗိုလ်ချုပ်ကြီးတင်ဦးက စစ်ရုံးမှာ။ ဗိုလ်ချုပ်ကြီးတင်ဦး ရောက်လာတော့ ချိုလဲ့ဦးကို ကားနဲ့ အမှတ်(၂)စစ်ဆေးရုံ ပို့လိုက်ကြတယ်။ နောက်နေ့ ကျတော့ ဗိုလ်ချုပ်တင်ဦးလည်း စိတ်မကောင်းတော့ပိုပြီး အိပ်ရာထဲ ဝင်အိပ်နေတယ်။ ပြီးတော့ ကျွန်တော့်ကို "ဗိုလ်ကြီးဘအေးရေ လူကြီးတွေလာရင် ကိုယ့်ကိုခေါ်ပေါ့။ ဘော်ရုံတန်ရုံ လူလာရင်တော့ ကိုယ့်ကို မခေါ်နဲ့ကွာ။ အိပ်လိုက်ဦးမယ်"ဆိုပြီး ပြော တယ်။ ဒီတော့ "ဟုတ်ကဲ့ပါ" ဆိုပြီး ကျွန်တော်စောင့်နေတုန်း နေ့လယ်မှာ ဗိုလ်ချုပ် ခင်ညွန့် တစ်ယောက်တည်းရောက်လာတယ်။ ဒီတော့ ကျွန်တော်က ဗိုလ်ချုပ်တင်ဦးကို "ဗိုလ်ချုပ်ခင်ညွန့် ရောက်နေတယ်"ဆိုပြီး သွားနှိုးတော့ ထလာတယ်။ ဗိုလ်ချုပ် တင်ဦးကိုတွေ့တော့ ဗိုလ်ချုပ်ခင်ညွန့်က "အေးဗျာ ကိုတင်ဦး ကျွန်တော် စိတ်မ ကောင်းဘူးဗျာ။ သမီးကတော့ အဖေ၊ အမေနဲ့ နိုင်ငံတော်အတွက် ခံစားသွားရတာပဲ" လို့ပြောတယ်။ နောက်ပြီး အသုဘချမယ့် အကြောင်းနဲ့ အခြားအာလာပ သလ္လာပတွေ လည်း ပြောကြတယ်။ အခြား အထွေအထူးတော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။

Speaker ॥ ॥ **စွယ်တော်(ကမ္ဘာအေး)မှာ ပုံးကွဲတယ်။ ပြီးတော့ ဗိုလ်ချုပ်ကြီးတင်ဦး အိမ်မှာ စာအိတ်ပုံးကွဲတယ်။ သမီး သေသွားတယ်။ နောက်ဆုံး ဟယ်လီကော်ပတာ ပျက်ကျပြီး ဗိုလ်ချုပ်ကြီးတင်ဦး ဆုံးတယ်ဆိုတော့ ဒါတွေက တိုက်ဆိုင်မှုလား။**

BA ॥ ॥ လေယာဉ်ပျက်ကျတယ်ဆိုတဲ့ ဖေဖော်ဝါရီလ ၁၉ ရက်က ရန်ကုန်မှာလည်း မိုးအတော် ဝိတ်ပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးစီးတဲ့ လေယာဉ်ပျက်ကျပြီး မကြာခင် အပြင်လောကကနေ ကျွန်တော် လေယာဉ်ပျက်ကျကြောင်း သတင်းရပါတယ်။ အဲဒီသတင်းရတဲ့အခါ စစ်ရုံးက ဗိုလ်မှူးကြီးသန်းတင်ကို ချက်ချင်း ဖုန်းလှမ်းဆက်

ပြီး-"ဒီလိုဖြစ်တာ ဟုတ်လား"လို့ မေးပါတယ်။ ဒီတော့ ဗိုလ်မှူးကြီး သန်းတင်က "ဟုတ်တယ် ကိုဘအေး။ ဒါကို ထိပ်တန်းလျှို့ဝှက်လုပ်ထားတာ။ ဘယ်သူ့ကိုမှ မပြောနဲ့ဦး။ မောင်ရင့် အစ်မလည်း စင်ကာပူက ပြန်လာလိမ့်မယ်"လို့ပြောတယ်။ ဒါပေမဲ့ အပြင်မှာက အကုန်ပေါက် (သတင်းပေါက်ကြား)နေပြီ။ အဲဒီတုန်းက ဒေါ်ခင်သန်းနွဲ့က သွေးမြေးခြေထောက် မသန်မစွမ်းဖြစ်နေလို့ စင်ကာပူကို ဆေးကုဖို့ သွားတာ။ လေယာဉ်ပျက်ကျတဲ့အချိန်မှာ မြန်မာပြည်ပြန်လာဖို့ စင်ကာပူ လေဆိပ် ရောက်နေပြီ။ ဒါပေမဲ့ ထိပ်တန်းလျှို့ဝှက်မို့ ဘယ်သူ့မှ မပြောနဲ့ဆိုတော့ မပြောဘူး ပေ့ါ။ ဗိုလ်ချုပ်ကြီးတင်ဦး အသုဘချပြီးတော့မှ ဒေါ်ခင်သန်းနွဲ့က ကျွန်တော့်ကို စင်ကာပူလေဆိပ်ထဲမှာ "ကျွန်မကို ပြန်ခေါ်တယ်ဆိုကတည်းက ကိုတင်ဦး တစ်ခုခု ဖြစ်ပြီလို့ ကျွန်မထင်လိုက်တယ်။ ဘာဖြစ်တယ်ဆိုတာတော့ မသိဘူး။ သံအမတ်ကြီးတွေ လေယာဉ်ကွင်း လိုက်ပို့တော့လည်း မျက်နှာမကောင်းကြဘူး။ ပြီးတော့ မင်္ဂလာဒုံ လေဆိပ်ရောက်တော့ မကြိုစဖူး S.1 (န. အ. ဖ အတွင်းရေးမှူး-၁) ဗိုလ်ချုပ်ခင်ညွန့်က ဆီးကြိုတယ်။ ဒီတော့မှ လေယာဉ်ပျက်ကျတယ်ဆိုတာ ကျွန်မ သိရတာပါ။ ဒါပေမဲ့ ကျွန်မခံနိုင်ရည်ရှိပါတယ်"လို့ ပြောတယ်။ အစ်မက တော်တော်ခံနိုင်ရည် ရှိတယ်။ ဗိုလ်ချုပ်တင်ဦးအိမ်မှာ စာအိတ်ပုံးကွဲတဲ့အချိန် အနီးဆုံးနေရာမှာ ရှိတယ်။ ပစ္စည်းတွေ၊ မျက်နှာကြက်တွေ ပြုတ်ကျပေမယ့် အပွန်းပဲ့ ဒဏ်ရာလေးတစ်ချက်တောင် မရဘူး။

**Speaker ။ ။ အန်ကယ် တပ်မတော်ကနေ ဗိုလ်ကြီးဘဝနဲ့ အငြိမ်းစားယူခဲ့တာလား။**

UBA ။ ။ ကျွန်တော် ဗိုလ်ကြီးဘဝနဲ့ တပ်မတော်ကနေ ၁၉၉၆ ခုနှစ်ဇူလိုင်မှာ အငြိမ်းစားယူခဲ့ပါတယ်။ တောင်ကြီးမှာ လက်နှိပ်စက်သင်တန်းတက်ထားတော့ ကျွန်တော်အသက်(၁၈)နှစ် မပြည့်ခင် ၁၉၅၈ ခုနှစ်မှာ ခလရ(၂၀) လွယ်လင်မှာ အရပ်သားစာရေးဝင်လုပ်တယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်တင်ဦးက ဆက်သွယ်ရေး တပ်ကြပ်ကြီး၊ ဗိုလ်မှူးကြီးဌေးကြူးက တပ်ကြပ်ကြီး၊ ဗိုလ်ချုပ်စိန်လွင် မွေးစားသား ခင်မောင်လွင်က ဒုတပ်ကြပ်ပါ။ သူတို့က ဗိုလ်သင်တန်းသွားတက်ရခါနီးပြီ။ အဲဒီမှာ ဗိုလ်ချုပ်တင်ဦးနဲ့ ရင်းနှီးတာပါ။ ဒါနဲ့ ၁၉၅၉ ခုနှစ် ဇွန်လ ၃ ရက်မှာ တပ်ထဲ ကျွန်တော်ဝင်ပါတယ်။ ကိုယ်ပိုင်အမှတ်က ၁၉၆၁၅၈ ပါ။ တပ်မတော်မှာ ကျွန် တော့်လိုလူမျိုး မရှိပါဘူး။ လူကြီး ငါးဦးရဲ့ ကိုယ်ရေးအရာရှိ လုပ်ခဲ့တာပါ။ ကျွန်တော် ကိုယ်ရေးအရာရှိလုပ်ခဲ့တဲ့ လူကြီးတွေက ဘီစီ ၆၁၇၅ ဗိုလ်မှူးကြီးတင်ဦး (OTS 6)၊ ဘီစီ ၆၇၄၀ ဗိုလ်မှူးကြီးစိန်အောင် (OTS 9)၊ ဘီစီ ၇၈၆၇ ဗိုလ်မှူးကြီးလှမော် (DSA 1)၊ ဘီစီ ၈၁၉၉ ဗိုလ်မှူးကြီးမောင်လှ (OTS 22)၊ ဘီစီ ၈၁၈၂ ဗိုလ်ချုပ်တင်ဦး

(OTS 22) တို့ပါ။

**Speaker ။ ။ ဗိုလ်ကြီးအနေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပေါ် ဘယ်လိုမြင်လဲ။**

UBA ။ ။ ကျွန်တော့် ပုဂ္ဂလိက အမြင်ကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကွမ်းတမြုံ့မြုံ့နဲ့ လူရိုး၊ လူအေးပါ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပုသိမ်တိုင်းမှူးကနေ ရန်ကုန်စစ်ရုံးကို ဒုတိယဦးစီးချုပ်နဲ့ ပြောင်းလာတော့ ကျွန်တော့်ဗိုက်ကို လက်သီးနဲ့ထိုးပြီး စတယ်။ ပြီးတော့ "ဟေ့ကောင် - ဘအေး၊ ငါ့ကို ရုံးအုပ်ကောင်းကောင်း တစ်ယောက်ရှာပေး"ဆိုလို့ ကျွန်တော်သုံးနေတဲ့ အိန္ဒိယစစ်သံက ပြန်လာတဲ့ ဘကျော်ဆိုတဲ့ ရုံးအုပ်နဲ့ ကျွန်တော့်ဆီက စာရေးတပ်ကြပ်ကြီးနှစ်ယောက် ပေးလိုက်တယ်။ မြစ်ဝကျွန်းပေါ်ကို ၁၉၆၁ ခုနှစ်လောက်တုန်းက ကျွန်တော်တို့သွားတော့ လှေနဲ့သွားရတာ။ အခုကားနဲ့ သွားလို့ရနေပြီ။ ဒါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လုပ်သွားတာ။ အမှန်တော့ ဗိုလ်ချုပ်စောမောင်နဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့က UG ဖော်ထုတ်ရေးလောက်ပဲလုပ်နိုင်တယ်။ မြို့ရွာတည်ဆောက်ပြုပြင်ရေးအတွက် ဘာမှမလုပ်နိုင်ဘူး။ ဒီတော့ ဗိုလ်ချုပ်တင်ဦးက အတွင်းရေးမှူး(၂) ဘဝနဲ့ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်၊ ဆောက်လုပ်ရေးနဲ့ သမဝါယမဝန်ကြီး ဗိုလ်ချုပ်အောင်ရဲကျော်၊ ကျန်းမာရေးနဲ့ ပညာရေးဝန်ကြီး ဒေါက်တာဖေသိန်းတို့ကိုခေါ်ပြီး တစ်နိုင်ငံလုံးအနှံ့ သွားရတယ်။ နယ်တစ်နယ်ရောက်ရင် ကျွန်တော်တို့ ကျောင်းလေးဘာလုပ်ချင်တယ်၊ ဆေးရုံလေး ဘာလုပ်ချင်တယ်ဆိုပြီး တောင်းကြတော့ တိုင်းတစ်ခုကနေ တစ်ခေါက်ပြန်ရင် အဲဒီတိုင်းအတွက်သုံးဖို့ သိန်းထောင့်ရှစ်ရာ၊ သိန်းနှစ်ထောင်လောက် ခွင့်ပြုပေးရတယ်။ ဒီတော့အလုပ် ဖြစ်တယ်။ ဗိုလ်ချုပ်သန်းရွှေကလည်း အားပေးတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်စောမောင်က ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်သန်းရွှေက ဒုတိယကာကွယ်ရေး ဦးစီးချုပ်ပါ။ ဗိုလ်ချုပ်သန်းရွှေ အခန်းထဲသွားရင် နယ်မြေအလိုက် မြေပုံကြီးတွေချထားပြီးတော့ ဘယ်နေရာမှာ လမ်းဖောက်မယ်၊ ဘယ်နေရာမှာ တံတားဆောက်မယ်ဆိုပြီး ကြည့်နေလေ့ ရှိတယ်။ မဟာဗျူဟာလမ်းတစ်ခုဖြစ်တဲ့ နမ့်ဖတ်ကာ - နမ့်ခမ်းလမ်း(၂၈)မိုင်ကို သူလုပ်ခဲ့တာ။ ဒီမြေပုံကိုကြည့်ပြီး ဧရာဝတီမြစ်ကူးတံတားတွေ၊ သံလွင်မြစ်ကူးတံတားတွေလိုမျိုး သူဆောက်ပေးခဲ့တဲ့ တံတားတွေ၊ လမ်းတွေက နည်းတာမှမဟုတ်တာ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အင်ဂျင်နီယာ မဟုတ်ပေမယ့် အဲဒါမျိုးတွေ စိတ်ဝင်စားတယ်။ ပြီးတော့ အဘပန်း (ဗိုလ်မှူးပန်းအောင်) ကို အားကိုးပြီး လုပ်တယ်။ နောက်ပြီး တချို့နေရာတွေက ပုဂ္ဂလိက ဆောက်လုပ်ရေးတွေ၊ GE တွေက အလုပ်ပေးရင် ကျွန်တော်တို့ဘာလုပ်နေတယ်။ မပြီးသေးဘူးလို့ ဘယ်

တော့မှမပြောဘူး။ အလုပ်အဝ်သမျှ အကုန်ယူတယ်။ ဒါမှ များများထည့်လို့ (များများ လာဘ်စားလို့)ရမှာ မဟုတ်လား။ ကျွန်တော်တပ်ကအနားယူပြီး ဇလွန် ဘက်ရောက် တော့ ရထားလမ်းအမြင့်ကြီး ဖောက်ထားတာ တွေ့တယ်။ ဒါပေမဲ့ ဒီနေ့အထိ ရထား သွားတာမျိုးမရှိသေးဘူး။ ဒီအတွက် ကုန်ကျစရိတ်တွေ ဘယ်လောက်ကျမလဲလို့ တွေးပြီး တော်တော်နှမြောမိတယ်။ နောက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သဘောက နည်းနည်း လောတတ်တယ်။ တံတားတစ်ခု၊ လမ်းတစ်ခုလုပ်ဖို့ သုံး၊ လေး လကြာမယ် ဆိုရင် မရဘူးနှစ်လနဲ့ပြီးအောင်လုပ်ဆိုတာမျိုးပေါ့။

**အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့ အန်ကယ့်ကို Speaker သတင်း ဂျာနယ်က ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျာ။**


*Speaker သတင်းဂျာနယ်*
*အတွဲ(၁) အမှတ်(၄၇)*
*၂၀၀၇ အောက်တိုဘာ ၂၆ နေ့ထုတ်မှ*
*အတွဲ(၁) အမှတ်(၄၈)*
*၂၀၀၇ နိုဝင်ဘာ ၂ နေ့ထုတ်မှ*

“

ကျွန်တော့်ကို ဗိုလ်ချုပ်မှူးကြီး ပြောခဲ့တာက
ဗိုလ်ချုပ်ကြီးခင်ညွန့် ဗိုလ်ချုပ်မှူးကြီးရဲ့ ညှိနှိုင်းခန်းမှာထိုင်ရင်
တစ်ဦးတည်း ညာဘက်မှာထိုင်တယ်။ ဘယ်ဘက်မှာ
ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း အပါအဝင် ဗိုလ်ချုပ်ကြီးတွေက
ထိုင်တယ်။ ဘယ်ဘက်က ဗိုလ်ချုပ်ကြီးတွေပြောသမျှ ကန့်လန့်တိုက်တဲ့
သဘောမျိုး ဆက်ဆံတယ်။ ငါက ဝင်ဝင်ထိန်းရတယ်။ ကြာတော့ ငါလည်း
ပင်ပန်းလာတယ်လို့ ပြောဖူးပါတယ်။ နောက်ပြီး ငါ တိုင်း၊ တပ်မတွေ
သွားရင်လည်း တပ်တွေက မင်းတို့ ထောက်လှမ်းရေးအကြောင်း တိုင်တယ်။
နယ်ဘက်နဲ့တွေ့ရင်လည်း မင်းတို့ထောက်လှမ်းရေး မကောင်းကြောင်းကိုဘဲ
တိုင်တယ်။ အဲဒီတော့ ငါက ဝန်ကြီးချုပ်နဲ့ ထောက်လှမ်းရေးမှူး
တွဲမယူပါနဲ့တော့လို့ ပြောတယ်။ မရဘူး . . .

”

**ဗိုလ်ချုပ်ကျော်ဝင်း**
**ဒုတိယတပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး**



# “ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထောက်လှမ်းရေးကို အရေးယူဖို့ ဗိုလ်ချုပ်ကြီးတွေကို ချပြတော့ အားလုံး ကန့်ကွက်မယ့်သူ မရှိခဲ့ဘူး ...”

ဒုတိယတပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး
ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း) နှင့် တွေ့ဆုံခြင်း

၂၀၀၄ ခုနှစ်၊ အောက်တိုဘာတွင် တပ်မတော်ထောက်လှမ်းရေးကို ဖျက်သိမ်းခဲ့ပြီး ထောက်လှမ်းရေးအရာရှိအတော်များများ အရေးယူခံခဲ့ရသည်။ အရေးယူခံရသော ထောက်လှမ်းရေးအရာရှိများထဲတွင် တပ်မတော်ထောက်လှမ်းရေး ဒုညွှန်မှူး ဗိုလ်ချုပ်ကျော်ဝင်း မပါဝင်ခဲ့ပေ။

တပ်မတော်ထောက်လှမ်းရေး ပျက်သွားတာနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်အပတ်က ဗိုလ်မှူးကြီးသက်ထွန်း ဖြေကြားသွားသည်များကို ဖတ်ခဲ့ရသော စာဖတ်ပရိသတ်အတော်တော်များများကပဲ Speaker သို့ဆက်သွယ်ပြီး ဒုညွှန်မှူး ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း)ကိုလည်း မေးပါဦးဟု ပြောဆိုလာကြသည်။

ထို့ကြောင့် Speaker မှ ဗိုလ်ချုပ်ကျော်ဝင်းနှင့် သွားရောက်တွေ့ဆုံရန် စီစဉ်ခဲ့သည်၊ ဗိုလ်ချုပ်ကျော်ဝင်းကလည်း လက်ခံတွေ့ဆုံခဲ့သည်။

"မီဒီယာတွေ ကျွန်တော့်ကို တွေ့ဖို့တောင်းဆိုနေတာ တော်တော်ကြာနေပြီ။ ခင်ဗျား အင်တာဗျူးတွေလည်း ကျွန်တော်ဖတ်ပါတယ်"ဟု ဗိုလ်ချုပ်ကျော်ဝင်းက ဆိုသည်။

ကျွန်တော်ကလည်း "ဗိုလ်မှူးကြီးသက်ထွန်း ပြောကြားခဲ့တဲ့ အထဲမှာလည်း ဗိုလ်ချုပ်နဲ့ ပတ်သက်တာလေးတွေပါနေလို့ တွေ့ခွင့်တောင်း၊ မေးခွင့်တောင်းတာပါ။ မကြိုက်တဲ့ မေးခွန်းတွေ၊ မဖြေချင်တာတွေပါရင်လည်း မဖြေလည်းရပါတယ် ဗိုလ်ချုပ်"ဟု စပြောကာ မေးလိုက်သည်။

**Speaker ။ ။ တပ်မတော်ထောက်လှမ်းရေးကို ဘာ့ကြောင့် ဖျက်လိုက်ရတယ် ဆိုတာနဲ့ပတ်သက်ပြီး မြန်မာသံတော်ဆင့်ဂျာနယ်မှာ သာသနာရေးညွှန်ချုပ် ဦးအုံ့မောင် ရေးတဲ့ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ အဲဒီဆောင်းပါးထဲမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သူ့ကိုပြောတယ်။ "သူ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ (ဗိုလ်ချုပ်ကြီးခင်ညွန့်) ဖြုတ်ခိုင်းလို့ ငါနဲ့အတူလုပ်လာခဲ့တဲ့ ရဲဘော်ရဲဘက်တွေ၊ ဗိုလ်ချုပ်ထွန်းကြည်တို့၊ ဗိုလ်ချုပ်မြင့်အောင်တို့၊ ဗိုလ်ချုပ်ကျော်ဘတို့ကို ဖြုတ်ခဲ့ရတယ်။ သူ့ဆာဂျင် မဟုတ်တာလုပ်လို့ ထောင်ချတော့ ငါ့ကိုရန်လုပ်တယ်"လို့ ပြောခဲ့တယ်လို့ သာသနာရေးညွှန်ချုပ် ဦးအုံ့မောင်က မြန်မာသံတော်ဆင့်ဂျာနယ်မှာရေးခဲ့တာ ရှိခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး၊ အဲဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်သိသလောက် ပြောပြပေးပါဦး။ ဗိုလ်ချုပ်က ဗိုလ်ချုပ်မှူးကြီး နားနေခဲ့တော့ ဦးအုံ့မောင်စကားက အမှန်လား ဗိုလ်ချုပ်။ ပြောပြပါဦး။**

UKW ။ ။မှန်ပါတယ် ကိုဝဏ္ဏ။ ကျွန်တော့်ကို ဗိုလ်ချုပ်မှူးကြီး ပြောခဲ့တာတွေနဲ့ အတူတူပါပဲ။ ကျွန်တော့်ကိုလည်း အဲဒီလိုပြောတဲ့အပြင် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်ချုပ်မှူးကြီးရဲ့ ညော့ခန်းမှာထိုင်ရင် တစ်ဦးတည်း ညာဘက်မှာထိုင်တယ်။ ဘယ်ဘက်မှာ ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း အပါအဝင် ဗိုလ်ချုပ်ကြီးတွေက ထိုင်တယ်။ ဘယ်ဘက်က ဗိုလ်ချုပ်ကြီးတွေပြောသမျှ ကန့်လန့်တိုက်တဲ့ သဘောမျိုးဆက်ဆံတယ်။ ငါက ဝင်ဝင်ထိန်းရတယ်။ ကြာတော့ ငါလည်း ပင်ပန်းလာတယ်လို့ ပြောဖူးပါတယ်။ နောက်ပြီး ငါ တိုင်း၊ တပ်မတွေ သွားရင်လည်း တပ်တွေက မင်းတို့ ထောက်လှမ်းရေးအကြောင်း တိုင်တယ်။ နယ်ဘက်နဲ့တွေ့ရင်လည်း မင်းတို့ထောက်လှမ်းရေး မကောင်းကြောင်းကိုဘဲ တိုင်တယ်။ အဲဒီတော့ ငါက ဝန်ကြီးချုပ်နဲ့ ထောက်လှမ်းရေးမှူး တွဲမယူပါနဲ့တော့လို့ ပြောတယ်။ မရဘူး။ အဲဒီတော့ သူ့ကို အရေးမယူခင်မှာ ဗိုလ်ချုပ်ကြီးတွေ အားလုံးနဲ့ အစည်းအဝေးခေါ်ပြီး ချပြတော့ အားလုံးကပဲ အရေးယူဖို့ပြောကြတယ်။ မြွေပွေး ခါးပိုက်ပိုက်မထားပါနဲ့လို့ အဲဒီအချိန်တုန်းက တင်ပြတဲ့သူရှိတယ်။ မင်းကိုကတော့ (ဒုညွှန်မှူး ဗိုလ်ချုပ်ကျော်ဝင်းကတော့) ထောက်လှမ်းရေးရောက်ပေမယ့် ခြေလျင်စစ်သားစိတ် ရှိပါတယ်။ သူ့ကိုတော့ ချန်ထားပါဆိုလို့ မင်းကျန်ခဲ့တာလို့ ပြောတယ်။ "သူတို့က ချန်ခဲ့ပါဆိုလို့ ချန်တိုင်း၊ မင်းကိုဆက်ပြီး တာဝန်ပေးထားလို့တော့ မရဘူး။ အရေးယူခံရတဲ့ လူတိုင်းက မင်းပါအထဲရောက်အောင် မျိုးစုံထွက်ချက်ပေးမှာပဲ။ ပြီးတော့လည်း တစ်နေ့တစ်နေ့ တိုင်စာပေါင်းများစွာနဲ့ မင်းကို နေ့တိုင်းတိုင်နေမှာပဲ။ အဲဒီကျရင် မင်းကိုပါ အရေးယူရတာမျိုး ဖြစ်လာမယ်။ အဲဒီတော့ မင်းလဲထွက်တော့

လို့ ဗိုလ်ချုပ်မှူးကြီးက ကျွန်တော့်ကို ခေါ်ပြောတယ်။ "နောက်ပြီး မင်းမျက်နှာကြီး လည်း တီဗွီမှာပါ၊ သတင်းစာမှာပါတဲ့ အလုပ်မျိုးမလုပ်နဲ့၊ မင်းမျက်ခွက်မြင်တိုင်း ထပ်ထပ်တိုင်ကြမှာ။ အဲဒါ သတိကြပ်ကြပ်ထား"လို့ ပြောခဲ့ပါတယ်။

**Speaker ။ ။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်ဖြစ်စဉ်၊ တစ်နည်းအားဖြင့် တပ်မတော်ထောက်လှမ်းရေးရဲ့ နောက်ဆုံးနေ့ဖြစ်တော့မယ်ဆိုတာ ဗိုလ်ချုပ်ကြီး ပြီးများ သိခဲ့ပါသလား။ ထောက်လှမ်းရေးအရာရှိဟောင်း တစ်ဦးဖြစ်တဲ့ နေရီရဲ့ နိုင်ငံရေး အယူအဆများ စာအုပ်စာမျက်နှာ (၂၂) မှာ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီ ဒုညွှန်က ရန်ကုန်မှ တပ်ဖွဲ့မှူးအားလုံးကိုစုပြီး ရဲရဲတောက်မိန့် ခွန်းတစ်ရပ်ကို ပြောကြားတယ်။ 'ဒီနေ့ကစပြီး ထောက်လှမ်းရေးတပ်ဖွဲ့ကြီးကို ငါ တို့ကောင်းအောင် ပြန်တည်ဆောက်ရမည်။ ပြီးခဲ့တာတွေ ပြီးပါစေတော့ စသ ဖြင့် စသဖြင့် စိတ်ဓာတ်တက်ကြွဖွယ် မိန့်ခွန်းကြီး' လို့ ရေးထားတာ ဖတ်ရပါတယ်။ အဲဒါကြောင့် ဗိုလ်ချုပ်ကြီးသိနေလို့ တပ်ဖွဲ့မှူးတွေကို ခေါ်ပြောတာလား။ အဲဒီတုန်း က အခြေအနေတွေကို ပြန်ပြောပြပါဦး။**

UKW ။ ။ တပ်မတော်ထောက်လှမ်းရေး မဖျက်မီ သုံးရက်အလိုမှာ ကြိုပြီး တပ်ဖွဲ့မှူးတွေခေါ် ရဲရဲတောက်မိန့်ခွန်း ပြောတာ ကျွန်တော်မဟုတ်ပါဘူး။ စာရေး တဲ့လူ အမှတ်မှားတာပါ။ ဘယ်သူဆိုတာလည်း လှမ်းက လူတွေသိကြပါတယ်။ ကျွန်တော် လုံးဝ ကြိုမသိခဲ့ပါဘူး။ ဗိုလ်ချုပ်မှူးကြီးနဲ့ ကျွန်တော်က ကက(လှမ်း) အကြောင်း၊ အလုပ်အကြောင်း ဘာမှပြောဆိုဖူးခြင်း မရှိပါဘူး။ နေရီစာအုပ်မှာ ပါတဲ့ အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ ကျော်ကျော်မှာ လုံခြုံရေးဌာနက ဒုတိယမှူးကျော်ကျော်ထက်က ဗိုလ်ချုပ်မှူးကြီးအနားက လှမ်းလုံခြုံရေးတွေ အကုန် ပြန်သိမ်းခိုင်းနေပါတယ်ဆိုပြီး ဖုန်းဆက်တယ်။ တစ်ချိန်တည်းမှာပဲ ဗိုလ်ချုပ်ကြီး နေ့မွန်းဆီကဖုန်းဝင်လာတယ်။ "ကိုကျော်ရေ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကိုကျော့် ဆီလာနေတယ်။ ညွှန်ကြားချက်ပါပါလာတယ်။ အဲဒီ ညွှန်ကြားချက်အတိုင်း လုပ် ပါဆိုပြီး ပြောပါတယ်။ အဲဒီအချိန်မှာပဲ ရုံးအောက်မှာ စစ်ကားတွေနဲ့ ခြေလျင်လက် နက်ကိုင်အဖွဲ့တွေ ရောက်လာတယ်။ ဗိုလ်ချုပ်မြင့်ဆွေပါ ပါလာပြီး ဒီစာရင်းထဲမှာ ပါတဲ့ သူတွေကို အခုခေါ်ပေးပါဆိုပြီး ပြောတော့တာပဲ။ ကျွန်တော်မှတ်မိသလောက် ဆိုရင် ဗိုလ်မှူးချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်ခင်အောင်၊ ဗိုလ်မှူးချုပ် မြင့်ဇော်၊ ဗိုလ်မှူး ချုပ်သန်းထွန်း၊ ဗိုလ်မှူးကြီး မြင့်အောင်ကျော်တို့ပါတယ်။ ရုံးမှာမရှိကြလို့ အားလုံးကို ပြန်ခေါ်ရတယ်။ သူတို့လည်း ရုံးရောက်ရော အားလုံးအဖမ်းခံလိုက်ကြရတယ်။

အဲဒီနောက်ပိုင်း အဖြစ်အပျက်တွေက ပြောရရင်ရှည်တယ်ဗျ။ ကျွန်တော် နောက်ပိုင်း ပြောပါမယ်။ အချုပ်ကတော့ အဲဒီနေ့ကဖြစ်စဉ်ကို ကျွန်တော် လုံးဝကြိုမသိခဲ့ပါဘူး ဆိုတာပါပဲ။

**Speaker ။ ။ ဖမ်းဆီးစစ်ကြောခံရလို့ စစ်ကြောရေးစခန်းနဲ့ ထောင်ထဲမှာ သေဆုံးသွားတဲ့ နိုင်ငံရေးသမားနဲ့ ကျောင်းသားတွေကိစ္စ ဗိုလ်မှူးကြီးသက်ထွန်းကို မေးတော့ "စစ်ကြောရေးမှာ ဒီလိုဖြစ်တာက ထောက်လှမ်းရေးလောကရဲ့ ဖြစ်ရိုးဖြစ်စဉ်ပါ။ မင်းတို့ ထောက်လှမ်းရေးနေရာ ရောက်ရင်လည်း စစ်ကြောရေးအလုပ်ကို လုပ်မှာပဲ။ လုပ်ငန်းသဘောကို နားလည်တယ်ဆိုရင်လည်း ဒီလို စကားမျိုးမသုံးဘူး" ဆိုတာနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်သဘောထားကို သိချင်ပါတယ်ခင်ဗျ။**

UKW ။ ။ ပြောရရင်တော့ ရှည်မယ်။ စစ်ကြောရေးနည်းနာတွေ အများကြီးရှိတယ်။ ဒီလိုရှိတဲ့အထဲမှာ နှိပ်စက်တဲ့နည်း တစ်ခုတည်းနဲ့ စစ်တာကတော့ မဖြစ်သင့်ဘူး။ ဖြေတဲ့လူရဲ့ ဆွေမျိုးသားချင်းထဲမှာ စစ်ကြောရေးခန်းထဲမှာ သေဆုံးခဲ့ဖူးတဲ့လူရှိရင် သူ ဒီလိုဖြေမှာ မဟုတ်ဘူးလို့ဘဲ ပြောချင်တယ်။ ဗိုလ်ချုပ်ကြီးထွန်းကြည် ကျွန်တော့်ကို ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။ "ဟော့ကောင် ကျော်ဝင်း မင်းတို့ထောက်လှမ်းရေးက စစ်တယ်ဆိုတာ ခေါ်ဝန်ခံခိုင်းတာပါကွ"လို့ ပြောဖူးတယ်။ ရှင်းရှင်းပြောရရင်တော့ဗျာ ကျွန်တော်တို့ တပ်ထဲဝင်ကတည်းက စစ်တိုက်ချင်လို့ဝင်တာ၊ တခြားသူတွေ သိပ်လာချင်တဲ့ ကက(လှမ်း)ကို အတန်တန် ငြင်းဆန်ခဲ့ပြီး မရလို့ရောက်လာခဲ့ရတာ။ ကျွန်တော်က အဲဒီတုန်းက တိုက်ပွဲထောက်လှမ်းရေး (ရန်သူ့သတင်း/စစ်ဆင်ရေး)အလုပ်ပဲ လုပ်ရမယ်ဆိုပြီးခေါ် လို့ လှမ်းကို ရောက်လာတာ။ အဲဒီတော့ ကိုဝဏ္ဏတို့ စိတ်ဝင်စားတယ်ဆိုရင်ပေါ့ဗျာ။ အခုထောက်လှမ်းရေးကြီး ဘယ်လို စဖွဲ့ခဲ့သလဲဆိုတာလည်း မေးဖို့ကောင်းတယ်။ တကယ့်အဓိက ပုဂ္ဂိုလ်တွေကတော့ ဗိုလ်ချုပ်ကြီးမောင်လှနဲ့ ဗိုလ်ကြီးဘအေးပဲ။ ဗိုလ်ချုပ်ကြီးမောင်လှက ကွယ်လွန်သွားပြီ။ အခုဗိုလ်ကြီးဘအေး (အတွင်းရေးမှူး (၂) ကိုယ်ရေးအရာရှိ)ရှိတယ်။ သူ့ကို သွားတွေ့ပြီး ခွင့်တောင်းမေးသင့်တယ်။ အခုတော့ ကျွန်တော် ဒီလောက်ပဲဖြေပါရစေ။

**Speaker ။ ။ ဗိုလ်မှူးကြီး သက်ထွန်း၊ ဗိုလ်ကြီးဘအေး(ငြိမ်း)နဲ့ ဗိုလ်ချုပ် ယခင်တစ်ပတ်က ဖြေကြားချက်တွေအရ ကကလှမ်း ၁၉၈၄ ခုနှစ်က ပြန်လည်စုဖွဲ့ခဲ့ပုံနဲ့ ၂၀၀၄ ခုနှစ်က ဖျက်သိမ်းခဲ့ပုံတွေကို သိရပါပြီ။ ဗိုလ်ချုပ်ရဲ့ ကိုယ်ရေးအချက်အလက်လေးတွေ နည်းနည်းလောက် ထပ်မေးချင်ပါတယ်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါဦး။**

**၁၉၈၃ ခုနှစ်မှာ ကကလှမ်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ အမိန့်ရတော့ ဗိုလ်ချုပ်က ဘယ်မှာပါလဲခင်ဗျ။**

UKW ။ ။ ကက(လှမ်း)ကို ပြောင်းရွှေ့တဲ့ အမိန့်မဟုတ်သေးဘူးဗျ။ ရှေ့တန်းတပ်မ (၄၄) ကနေ ကြေးနန်းတိုလေးပဲပို့တာ။ 'လက်ရှိတာဝန်များကို ဝါရင့်တပ်စုမှူးထံသို့ အပြီးလွှဲအပ်ပြီး ရှေ့တန်းတပ်မ (၄၄) ဘားအံသို့ အမြန်ဆုံးသတင်းပို့ရန်' လို့ လာတယ်။ အဲဒီတုန်းက ကျွန်တော်က ကရင်ပြည်နယ်၊ ကမမောင်းနားက ဆင်စွယ်၊ ကတိုင်တိ ခွင်မှာ (၇၈၉) ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူးအဖြစ်နဲ့ လှုပ်ရှားစစ်ဆင်ရေး တာဝန်ယူနေတုန်းမှာ ညွှန်ကြားချက်ရတာ။ ရှေ့တန်းတပ်မ (၄၄) ဘားအံရောက်မှ စစ်ရုံးက ခေါ်မှန်းသိရတာ၊ ဘာလို့ခေါ်မှန်းတော့ မသိရဘူး။

**Speaker ။ ။ (၇၈၉) ကွန်မန်ဒိုတပ်ဖွဲ့အကြောင်း ပြောပြပါဦး ဗိုလ်ချုပ်။**

UKW ။ ။ ခြေမြန်တပ်မ (၄၄) လက်အောက်ခံ ခြေမြန်တပ်ရင်း (၇)၊ တပ်ရင်း (၈)၊ တပ်ရင်း (၉)က ၃၅ ယောက်စီနဲ့ ခွဲရုံး ၁၀ ယောက် စုစုပေါင်း ၁၁၅ ယောက် အပြည့်ဖွဲ့ထားတဲ့ ကွန်မန်ဒိုတပ်ဖွဲ့ပါ။ နာမည်က စွန်ရဲ။

**Speaker ။ ။ သြော်ဒါကြောင့် ဗိုလ်ချုပ် စာရေးတော့ ကလောင်နာမည် စွန်ရဲနဲ့ ရေးတာကိုး။ အဲဒါက ၁၉၈၃ ခုနှစ်ကုန် အာဇာနည်ကုန်း ဗုံးကွဲပြီးပေါ့။ ကက(လှမ်း)ကို စရောက်တာ။ နောက် ၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးအခင်းမဖြစ်ခင်မှာ ကက(လှမ်း)ကနေ ခြေလျင်ပြန်ရောက်သွားတာလား။**

UKW ။ ။ ဟုတ်ပါတယ်။ ဗိုလ်ချုပ်ကြီးမောင်လှရဲ့ ဒုတိယအကြိမ် ထပ်အဆဲခံရတာပေါ့။ ၁၉၈၇ ခုနှစ်။ လှမ်းမှာ သုံးနှစ်လောက်ကြာခဲ့ပြီ။ ကျွန်တော့် အပတ်စဉ်တွေက ဒုတပ်ရင်းမှူးတွေ စဖြစ်ကြပြီဆိုတော့ ကျွန်တော် ခြေလျင်ပြန်ဆင်းပါရစေလို့ သွားသတင်းပို့တာ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်လှက စစ်ရာထူးခန့်ချုပ်ဖြစ်နေပြီ။ "ဟောကောင် ဒုတပ်ရင်းမှူးဆင်းတိုင်း တပ်ရင်းမှူးဖြစ်မယ်လို့ ဘယ်သူမှ အာမ မခံဘူးကွ၊ ပြုတ်တာတွေ၊ ကျတာတွေ တစ်ပုံကြီး"၊

"ကျွန်တော်က တပ်စုအဆင့်၊ တပ်ခွဲအဆင့် တိုက်ဖူးပြီးပြီ။ တပ်ရင်းအဆင့် စစ်ဆင်ရေးအတွေ့အကြုံ လိုချင်လို့ပါ ဗိုလ်ချုပ်"၊

"အေးဒါဆို ခဏစောင့်၊ ငါတည်းကုန်းက ခလရ (၆) (ခြေမြန်တပ်မ (၇၇) လက်အောက်ခံ) တပ်ရင်းမှူးကို ရန်ကုန်တိုင်း တွဲဖို့ရှိတယ်။ အမူက ကြာဦးမှာ၊ မင်းအဲဒီကိုသွား ဒုတပ်ရင်းမှူးပဲ၊ ဒါပေမဲ့ တပ်ရင်းမှူးတာဝန်ယူ၊ စစ်ဆင်ရေးကတော့ မိုင်းချူး မိုင်းနောင်ခွင်ပဲ၊ မအေ-လေး၊ နောက်ထပ်မလာနဲ့ နားငြီးတယ်၊ အေးအေး

ဆေးဆေး နေနေရတဲ့ဟာကို” ဒုတိယအကြိမ် အဆဲခံရတာပါ။

**Speaker ။ ။ နောက်တော့ ခလရ (၆) ကို တပ်ရင်းမှူးအဖြစ်နဲ့ ဗိုလ်မှူးသောင်းဝေ ရောက်လာတယ်ထင်တယ်။ သူ့စာအုပ်ထဲမှာ တွေ့လို့။**

UKW ။ ။ ဟုတ်ပါတယ်။ နောက်တော့ ခလရ (၆) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းမောင် အမှုပြီးလို့ ခလရ (၉၉) နမ့်ဆန်ကို တပ်ရင်းမှူးနဲ့ပဲ ပြောင်းသွားတယ်။ အဲဒီအချိန်မှာ ဒုမှူးကြီးသောင်းဝေ (စာရေးဆရာ သောင်းဝေဦး) တပ်ရင်းမှူးအဖြစ်နဲ့ ခလရ (၆) ကို ရောက်လာတယ်။ ကျွန်တော်က ဒုတပ်ရင်းမှူး၊ သူက တပ်ရင်းမှူးပေါ့။

**Speaker ။ ။ သောင်းဝေဦးရေးတဲ့ စာအုပ်ဖတ်ရတယ်။ အဲဒီမှာ ဗိုလ်ချုပ်ခေတ္တ တပ်ရင်းမှူးနဲ့ မိုင်းရှူးခွင်မှာ တပ်ကို လေ့ကျင့်ပေးထားတာကို အသိအမှတ်ပြု ရေးထားတာ တွေ့ရတယ်။**

UKW ။ ။ ဟုတ်ပါတယ်။ သူက Appreciate လုပ်ထားပါတယ်။ မောရကျိုးနပ်တာပေါ့ဗျာ။ ခလရ (၆) ကို ကျွန်တော်မောင်းခဲ့တုန်းက တပ်ခွဲမှူး ဗိုလ်မှူးဝဏ္ဏမောင်လွင်ဆိုတာ ပါတယ်။ သူက အင်္ဂလိပ်စာတော်တော့ ကျွန်တော့်ကို Time တို့၊ Newsweek တို့ကို ဘာသာပြန်ပေးတယ်။ နောက်ကျွန်တော် ကက(လှမ်း) ဒုညွှန်ဖြစ်တော့ လူကြီးတွေကို ကိုဝဏ္ဏနာမည်စာရင်းပေးပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနမှာသုံးဖို့ ထောက်ခံတင်ပြလိုက်တယ်။ နောက်တော့ နိုင်ငံခြားရေးဝန်ကြီးဖြစ်သွားတယ်။ ကျွန်တော်နဲ့ နေတုန်းက ပိန်ပိန်ပါးပါးနဲ့ တော်တော်ချောတာဗျ။ အခုပုံမျိုးမဟုတ်ဘူး။

**Speaker ။ ။ (၈၈) အရေးအခင်းဖြစ်တော့ ဘယ်မှာတာဝန်ယူရလဲ ဗိုလ်ချုပ်။**

UKW ။ ။ ဘယ်မှာမှ တာဝန်မယူရဘူး၊ ခလရ (၆) တည်းကုန်းကနေ ဗထူးတိုက်ခိုက်ရေးကျောင်းမှာ ရောက်နေတာ။ (၈၈) အရေးအခင်းမစမီ နောက်ဆုံးထွက်တဲ့ ရထားနဲ့ ကျွန်တော်တို့တပ်ရင်းမှူး သင်တန်းသားတွေ ရန်ကုန်ဘူတာကြီးကနေ ရွှေညောင်ကို ချီတက်ခဲ့ကြတာ။ ကျွန်တော်နဲ့အတူ ဒေါက်တာ မောင်မောင့်သား ဗိုလ်မှူးကျော်သူ (နောင်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဥက္ကဋ္ဌ) နဲ့ ဗိုလ်မှူးဆန်းဆင့် (သာသနာရေးဝန်ကြီးဟောင်း)တို့ ပါတယ်။ တပ်ရင်းမှူးသင်တန်းပြီးလို့ ဗထူးတိုက်ခိုက်ရေးကျောင်းကနေ ရန်ကုန်ပြန်တော့ (၈၈) အရေးအခင်းက ပြီးနေပြီ။

**Speaker ။ ။ အဲဒီတပ်ရင်းမှူးသင်တန်းတက်ပြီးတော့ ဘယ်မှာတပ်ရင်းမှူးဖြစ်လဲ။**

UKW ။ ။ ခြေမြန်တပ်မ (၂၂) လက်အောက်ခံ ခြေမြန်တပ်ရင်း (၂၀၁) ဘားအံ

မှာ တပ်ရင်းမှူးဖြစ်တယ်။ ကျွန်တော့် ဒုတပ်ရင်းမှူးက ဗိုလ်မှူးသူရအောင်ကို (ယခု သာ/ယဉ် ဝန်ကြီး)၊ သူနဲ့က ဒုတိယအကြိမ် ဆုံတာ။ ၁၉၆၉ ခုနှစ်တုန်းက ဒုဗိုလ်ဘဝ ခလရ (၉၇) ကော့ကရိတ်မှာ တစ်ခါဆုံဖူးကြတယ်။ ခလရ (၉၇)တုန်းက ဗိုလ်ကြီး တင်ခနဲ့လည်း ဆုံတယ်။ နောင်မှာ ဗိုလ်မှူးကြီးတင်ခ (စာရေးဆရာ တက္ကသိုလ် တင်ခ)အဖြစ်နဲ့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း ဦးဆောင်ညွှန်ကြား ရေးမှူး ဖြစ်လာတယ်။ ဗိုလ်ကြီး တင်ခနဲ့ ကျွန်တော်က ၁၉၆၉/၁၉၇၀ ခုနှစ် တွေ မှာ ဝါးခစခန်းနဲ့ ဖလူးစခန်းကို အတူတူတိုက်ခဲ့ကြဖူးတယ်။ ဖလူးစခန်းတိုက်တော့ ကျွန်းပင်သေးသေးလေးတွေကို အကာအကွယ်ယူပြီး တက်တိုက်ကြတယ်။ သူက တော်တော်လေးဝတော့ ကျွန်းပင်သေးသေးလေးက အကာအကွယ် သိပ်မရဘူး။ ကံကောင်းလို့မထိတာ။ အခုတော့ ဆရာတက္ကသိုလ်တင်ခက ဆရာမနုသ ကျော်ဝင်းကြီးနဲ့တွဲပြီး စာပေဟောပြောပွဲတွေမှာ တွေ့တွေ့နေတယ်။ ဗိုလ်မှူးသူရအောင် ကိုနဲ့ခမရ(၂၀၁)မှာ ခဏပဲတွဲပြီး သူလည်း ခမရ(၂၀၅)မှာ တပ်ရင်းမှူးဖြစ်သွားတယ်။

**Speaker ။ ။ အဲဒီတုန်းက တပ်မ (၂၂) က ရန်ကုန်လုံခြုံရေးဝင်တယ် ထင်တယ် ဗိုလ်ချုပ်။**

UKW ။ ။ ဟုတ်တယ်။ ဒါပေမဲ့ အဲဒီတုန်းကလည်း ကျွန်တော်က တပ်မ (၂၂)နဲ့ သိပ်အဆင်မပြေဘူး။ ကျွန်တော့်လိုပဲ နှိပ်ကွပ်ခံရတဲ့၊ ကျွန်တော်လေးစားတဲ့ ဘကယ့်စစ်သားကောင်းကြီး နှစ်ယောက်ရှိတယ်။ ဒုတပ်မမှူး ဗိုလ်မှူးကြီးစောလွင် (နောင် စက်မှု(၂)ဝန်ကြီး) နဲ့ ဗိုလ်မှူးကြီးတင်ထွဋ် (နောင်တွင် လျှပ်စစ်ဝန်ကြီး)။ သူတို့က ထွက်ပေါက်မရှိဘူး။ ကျွန်တော်က ထွက်ပေါက်ရှာတော့ တွေ့သွားတယ်။ ဘားအံမှာ ဗိုလ်ချုပ်မောင်လှနဲ့ သွားတွေ့ရတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးမောင်လှ က စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ်နဲ့ ဘားအံမှာ အခြေပြုပြီး မဲသဝေါစစ်ဆင်ရေးကို ကွပ်ကဲနေတယ်။ (အသေးစိတ်သိချင်ရင်တော့ ရဟတ်ယာဉ်မှူး ဗိုလ်မှူးကြီးရဲတင့် ရဲ့မှတ်တမ်းရက်စာမျက်နှာမှာ ရေးနေတဲ့ 'U Ye Tint Burma Democracy, 14 October 2017 ကျွန်တော်နှင့် ကျွန်တော်ချစ်သော စစ်သားလူမိုက်ကြီးများ" မှာ ဖတ်ရှုနိုင်ပါတယ်။)

အဲဒီမှာတင် ရန်ကုန်က ကျွန်တော့်မိတ်ဆွေ သိုင်းစာရေးဆရာ လမ်း (၄၀)က ဗိုလ်နေလင်းအောင်ဆီက သိုင်းဝတ္ထုအတွဲလိုက်ကြီးတွေ အုပ် ၂၀ လောက်အထိရှိတဲ့ ဇာခန်းဆက်ဝတ္ထုတွဲကြီးတွေ သွားယူခိုင်းပြီး ဗိုလ်ချုပ်ကြီးမောင်လှနားချိန်မှာ ဖတ် ဖို့ သွားပေးရတယ်။ (နဂါးနိုင်ဓားကိုတော့ မှတ်မိတယ်။ နောက်အတွဲကတော့

သိုင်းလောကရဲ့ စိန်ခေါ်သံထင်တယ်။) စာအုပ်သွားပေးရင်းနဲ့ -

"ဗိုလ်ချုပ် ကျွန်တော့်တပ်ရင်း ခမရ (၂၀၁)က ဖွဲ့တာမကြာသေးဘူး၊ တစ်ခါမှ စစ်ဆင်ရေး မထွက်ဖူးသေးဘူး။ စစ်ဆင်ရေးအတွေ့အကြုံရအောင် စခန်းသိမ်းတိုက်ပွဲမျိုးမဟုတ်ဘဲ၊ ဆက်သွယ်ရေးလမ်းကြောင်းလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနဲ့ လှုပ်ရှားလောက်ကို On the job training တာဝန်ပေးပေးပါ" လို့ မျက်နှာချိုသွေး ချော့မော့တင်ပြတော့ ခွင့်ပြုလိုက်တယ်။

"အေးငါ ကက(ကြည်း)တော့ တင်ပြရမယ်"လို့ ပြောတယ်။ ထူးဆန်းတာက ဒီတစ်ခါ မဆဲလိုက်ဘူးဗျ။ နောက်တော့ ကျွန်တော် ခမရ (၂၀၁) တပ်ရင်းတစ်ရင်းကို နော်တရာ တောင်ထိပ်နဲ့ လှိုင်းဘွဲ့ကြား ရေပူကြီး၊ မိုးနိုင်း၊ ညာမရောခွင် လှုပ်ရှားစစ်ဆင်ရေး တာဝန်ပေးတယ်။ ကျွန်တော့်တပ်ရင်းနဲ့ တာဝန်လွှဲပြီး နောက်တန်းဌာနချုပ်ကို ပြန်နားမှာက ဒုဗိုလ်မှူးကြီး သူရမြင့်မောင် (နောင် သာသနာရေးဝန်ကြီး)ရဲ့ တပ်ရင်း။ ညာမရောရွာနဲ့ နော်တရာကြားတောထဲမှာပဲ တွေ့ကြတယ်။ နယ်မြေလွှဲပြောင်း လက်ခံလုပ်ကြမယ်ဆိုတော့ သူက -

"ဘာမှ စာရွက်စာတမ်းနဲ့ ရေးချွတ်လွှဲပြောင်းဖို့ အချိန်မရဘူး ညီလေးရေ။ အစ်ကိုတို့က ကပ်ကြီးသုံးပါးကို မနည်းကျော်လွှားလာရတာ၊ ကိုယ့်ညီဘာသာ အခြေအနေကြည့်ပြီး လှုပ်ရှားပေတော့၊ အစ်ကိုတို့တော့ ဒီနေ့ လှိုင်းဘွဲ့အရောက်ချီတက်ပြီ" လို့ ပြောပြီး ဆက်ထွက်သွားခဲ့တယ်ဗျာ။

သူဆိုလိုတာက 'ရောဂန္တရကပ်-ရောဂါဆိုးများဖြင့် အထူးနှိပ်စက်သောကပ် (ငှက်ဖျားရောဂါ)။ သတ္တန္တရကပ်- ဓား၊ လှံ၊ သေနတ် စသော လက်နက်ဖြင့် သတ်သောကပ် (မိုင်း၊ လက်နက်ကြီး၊ လက်နက်ငယ်)။ ဒုဗ္ဘိက္ခန္တရ ကပ်- အစားအစာငတ်မွတ်ခေါင်းပါးသော ကပ် (ရှေ့တန်းရိက္ခာ ပြတ်လပ်ခြင်း)။

အဲဒီကတည်းက သာသနာရေးဝန်ကြီးဖြစ်မယ့် လေသံတွေပါနေတာကို အခုမှသတိထားမိတယ် ကိုဝဏ္ဏရေ။ ဗိုလ်မှူးကြီးမြင့်မောင်တပ်ရင်းက တကယ်လည်း ပင်ပန်းခဲ့ပုံပါပဲ။ စစ်သည်အင်အားကလည်း တော်တော်လျော့ခဲ့ပုံရပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ငါလည်း ဒီကပ်ကြီးသုံးပါးတော့ ရင်ဆိုင်ကျော်လွှားရမှာပဲ။ ရန်ကုန်မြို့မှာနေပြီး နားပူတာထက်စာရင်တော့ ကပ်ကြီးသုံးပါးကိုပဲ ရင်ဆိုင်တော့မယ်လို့ဆုံးဖြတ်လိုက်တယ်။ (တပ်မှူးကို ကပ်ကြီးသုံးပါးထက် ပိုကြောက်လို့ပေါ့ဗျာ။)

**Speaker ။ ။ နောက်တစ်ကျော့ ကက(လှမ်း)ကို ပြန်ရောက်တယ်လို့ သိရတယ်။ ပြန်ရောက်ခဲ့ရပုံလေး ပြောပါဦးဗိုလ်ချုပ်။**

UKW ။ ။ ၁၉၉၂ ခုနှစ်ကျတော့ ကျွန်တော် ခမရ (၂၀၁) ဘားအံတပ်ရင်းမှူးကနေ ဗထူးမှာ စစ်ဦးစီးတက္ကသိုလ် သွားတက်ရတယ်။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့နဲ့ပေါ့။ သူလည်း ဒုဗိုလ်မှူးကြီးပဲရှိသေးတယ်။ စစ်ဦးစီးတက္ကသိုလ် သင်တန်းစလို့ ခုနစ်ရက်ပဲ တက်ရသေးတယ်။ ကက(လှမ်း)က အထက်မြန်မာပြည် ထောက်လှမ်းရေး ကွပ်ကဲမှုဌာနချုပ် (ထကမ) မန္တလေးမှာ ဖွင့်မယ်ဆိုပြီး ကွပ်ကဲရေးမှူးတာဝန်ပေးဖို့ ဗထူးကနေ ပြန်ခေါ်တယ်။

**Speaker ။ ။ အဲဒါ ဘယ်သူ့လက်ထက်လဲ ဗိုလ်ချုပ်။**

UKW ။ ။ ဗိုလ်ချုပ်မှူးကြီးစောမောင် လက်ထက်ပါ။ နောက်တန်း ခမရ(၂၀၁) ဘားအံကိုတောင်မှ မပြန်ရဘူး။ နောက်လာမယ့် တပ်ရင်းမှူးနဲ့လည်း မဆုံလိုက်ရဘူး။ ဒုတပ်ရင်းမှူးကပဲ ကျွန်တော့်ကိုယ်စား ခမရ (၂၀၁) တပ်ရင်းမှူးတာဝန်ကို လွှဲပေးလိုက်တယ်။

**Speaker ။ ။ အဲဒါပြီးတော့မှ ထကမမှူး မန္တလေးကနေ ကက(လှမ်း)ဒုညွှန်မှူး ဖြစ်တာလား။**

UKW ။ ။ ဟုတ်တယ်ဗျ။ ဒုညွှန်မှူးတွေက ဗိုလ်မှူးကြီးဗဟိန်း၊ ဗိုလ်မှူးကြီးလှိုင်ဝင်း၊ ဗိုလ်မှူးချုပ်သန်းထွန်း (နောင် ဒုဝန်ကြီး)၊ ပြီးတော့မှ ကျွန်တော်။ ၁၉၉၄ ခုနှစ် လောက် ထင်တယ်။ ဒုညွှန်မှူးလုပ်နေတုန်း ကျွန်တော့်အသက် (၅၉) နှစ်ပြည့် တော့ ကက(ထူး)က ထုံးစံအတိုင်း စာပို့တယ်။ အသက် (၆၀) မှာ ပင်စင်ယူမလား ဆက်တာဝန်ထမ်းမလားလို့ မေးတယ်။ ကျွန်တော်က အဲဒီလိုမေးစဉ် ကာလ ကတည်းက ပင်စင်ပဲယူပါ့မယ်။ ဆက်တာဝန် မထမ်းဆောင်လိုတော့ပါဘူးလို့ လက် မှတ်ထိုးပြီး ပြန်ပို့ခဲ့တာ။ လူကြီးတွေ မေးတော့လည်း အငြိမ်းစားယူမယ်၊ စာရေး မယ်၊ ခုတ်ပုံလျှောက်ရိုက်မယ်၊ ပန်းချီဆွဲမယ်လို့ ပြောခဲ့တာ။ အသက် (၆၀) မ ပြည့်ခင် ၂၀၀၄ ခုနှစ်မှာ စောပြီးနားလိုက်ရတယ်။ အဲဒါပါပဲဗျာ။

**Speaker ။ ။ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတာကို Speaker ဂျာနယ်က အထူးကျေးဇူးတင်ရှိပါတယ် ဗိုလ်ချုပ်။**

UKW ။ ။ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်ဗျာ။


*Speaker သတင်းဂျာနယ်*

*အတွဲ(၁) အမှတ်(၄၆) / ၂၀၁၇ အောက်တိုဘာ ၁၉ နေ့ထုတ်မှ*

*အတွဲ(၁) အမှတ်(၄၉) / ၂၀၁၇ နိုဝင်ဘာ ၉ နေ့ထုတ်မှ*

ဘင်္ဂါလီတွေရဲ့ အဓိက ပြဿနာက စာမတတ်တာ။
အရင်တုန်းက ဘင်္ဂါလီရွာတွေကို သက်ဆိုင်ရာ
န. စ. က က စစ်ဆေးတဲ့အခါ ခုလောက် အရမ်းရှုပ်တဲ့
ဓားတွေ မရှိဘူး။ ဘယ်သူမှ အဲဒီလောက်ရှုပ်တဲ့ ဓားတွေ မကိုင်ဘူး။
ဒီရွာက ဘယ်သူ ထွက်သွားလဲ သိတယ်။ ဒီရွာကို ဘယ်သူ ဝင်လာလဲ
ဆိုတာလည်း သိတယ်။ ရွာစဉ်၊ ရွာမှူး တစ်ရွာချင်းကအစ
ကျွန်တော်တို့သိတယ်။ ဒီလိုသိအောင်လည်း စနစ်နဲ့လုပ်ထားတယ်။
ဒါပေမဲ့ ခက်နေတာက ပညာမတတ်တော့ သူတို့ကို
အုပ်ချုပ်တာက မော်လဝီဆရာပဲ . . .

**ဗိုလ်မှူးဝင်းမြင့် (D.S.A - ၂၂)**



# "ဘင်္ဂါလီတွေကို ထိန်းချုပ်ချင်ရင်တော့ ထိတွေ့ရမှာပဲ ..."

ဘူးသီးတောင် ထောက်လှမ်းရေး (၁၈) တပ်မှူးဟောင်း
ဗိုလ်မှူးဝင်းမြင့် (D.S.A – ၂၂) နှင့် တွေ့ဆုံခြင်း

“အစ္စလာမ်ဘာသာဝင် တစ်ယောက်နဲ့ တွေ့တယ်။ သူက ဒီနေ့အခြေအနေကို ဘယ်လိုလုပ်ရမှာလဲဆိုပြီး ကျွန်တော့်ကို မေးတယ်။ ဒီတော့ မင်းတို့ တည်ငြိမ်အောင် ဝိုင်းလုပ်ပေါ့၊ မတည်ငြိမ်အောင်လုပ်ရင် အကုန်လုံး ဒုက္ခရောက်မှာပေါ့လို့ ကျွန်တော် ပြောလိုက်တယ်။ ဘင်္ဂါလီတွေရဲ့ အဓိကပြဿနာက စာမတတ်တာ။ အရင်တုန်းက ဘင်္ဂါလီရွာတွေကို သက်ဆိုင်ရာ န. စ. က က စစ်ဆေးတဲ့အခါ ခုလောက် အရမ်းရှုပ်တဲ့ ဓားတွေမရှိဘူး။ ဘယ်သူမှ အဲဒီလောက် ရှည်တဲ့ ဓားတွေ မကိုင်ဘူး။ ဒီရွာက ဘယ်သူထွက်သွားလဲသိတယ်။ ဒီရွာကို ဘယ်သူဝင်လာလဲဆိုတာလည်း သိတယ်။ ရွာစဉ်၊ ရွာမှူးတစ်ရွာချင်းကအစ ကျွန်တော်တို့သိတယ်။ ဒီလိုသိအောင် လည်း စနစ်နဲ့လုပ်ထားတယ်။ ဒါပေမဲ့ ခက်နေတာက ပညာမတတ်တော့ သူတို့ကို အုပ်ချုပ်တာက မော်လဝီဆရာပဲ”ဟု ဘူးသီးတောင် ထောက်လှမ်းရေး(၁၈) တပ်မှူးဟောင်း ဗိုလ်မှူးဝင်းမြင့်က Speaker သို့ သူ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒေသတွင် တာဝန်ယူခဲ့စဉ် အခြေအနေများကို ပြန်ပြောပြသည်။

ဘူးသီးတောင် ထောက်လှမ်းရေး(၁၈)တွင် တပ်မှူးတာဝန်ယူခဲ့သူ ဗိုလ်မှူးဝင်း မြင့်နှင့် ရခိုင်မြောက်ပိုင်း အခြေအနေများကို သူ တာဝန်ယူခဲ့သည့် လေးနှစ်တာကာလက အဖြစ်အပျက်များသည် ဒီနေ့ ရခိုင်ဒေသဖြစ်စဉ်များကို တစ်ထောင့်တစ်နေရာမှ သုံးသပ်နိုင်မည်ဟုယူဆသဖြင့် ဖော်ပြပေးလိုက်ပါသည်။

**Speaker ။ ။ ထောက်လှမ်းရေးအမှတ် (၁၈)(ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော)ကို ဘယ်ကာလလောက်က တာဝန်ထမ်းဆောင်ခဲ့တာလဲ။**

WM ။ ။ ၁၉၉၇ ခုနှစ်က ရောက်တာပါ။ ဒီဘူးသီးတောင် ထောက်လှမ်းရေးတပ်မှာရှိတဲ့ တပ်မှူးက အခြားနေရာကို တပ်မှူးရာထူးနဲ့ပဲ ပြောင်းသွားတယ်။ ကျွန်တော်က ရန်ကုန်ကနေ အဲဒီကို တပ်မှူးရာထူးနဲ့ ရောက်သွားတယ်။

**Speaker ။ ။ အဲဒီအချိန်တုန်းက န.စ.က (နယ်စပ်ဒေသ ကွပ်ကဲမှုဌာနချုပ်) ပူးပေါင်းအဖွဲ့က ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ကို အုပ်ချုပ်ခဲ့တယ်လို့ သိရတယ်။ န.စ.က ကို ဘာရည်ရွယ်ချက်နဲ့ ဖွဲ့တာလဲ။ န.စ.က ရဲ့ အလုပ်တာဝန်က ဘာလဲ။ ဒီ န.စ.က နဲ့ ထောက်လှမ်းရေး(၁၈)နဲ့ အလုပ်ဘယ်လို ပူးတွဲလုပ်ရလဲ။**

WM ။ ။ န. စ. က က နယ်စပ်ရဲ့ လူဝင်လူထွက်၊ တရားမဝင် ပစ္စည်းအဝင်အထွက်၊ ဒါတွေကိုထိန်းသိမ်းကြီးကြပ်တာ။ ထောက်လှမ်းရေးက နယ်မြေရဲ့သတင်းရရှိရေးလုပ်ငန်းကို လုပ်တာ။ န. စ. က မှာလည်း ထောက်လှမ်းရေးအဖွဲ့အစည်းပါပါတယ်။ န. စ. က မှာ ထောက်လှမ်းရေးတပ်ပါတယ်။ ခြေလျင် တပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါတယ်။ လ. ဝ. က (လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန) ပါတယ်။ အကောက်ခွန် ဦးစီးဌာနပါတယ်။ န. စ. က တပ်မှူးက နောင်တော်ကြီးတွေဖြစ်တဲ့ တပ်မတော်မှာ တာဝန်ထမ်းဆောင်တဲ့သူတွေပါပဲ။ သူတို့က တရားမဝင်လူဝင်၊ လူထွက်မရှိအောင်၊ တရားမဝင် ပစ္စည်းဝင်၊ ပစ္စည်းထွက်မရှိအောင် နယ်စပ်တစ်လျှောက် စခန်းတွေအမြောက်အမြား (နယ်မြေကိုးခု) ခွဲပြီး ထိန်းသိမ်းတယ်။ ကျွန်တော်တို့ကတော့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်က သတင်းတွေရရှိရေး ဆောင်ရွက်ရတယ်။

**Speaker ။ ။ ၁၉၉၇ ခုနှစ်ကနေ ဘယ်ကာလထိ ထောက်လှမ်းရေး (၁၈)မှာလုပ်ခဲ့လဲ။**

WM ။ ။ ၂၀၀၁ ခုနှစ် အထိပါ။

**Speaker ။ ။ ဘူးသီးတောင် ထောက်လှမ်းရေး (၁၈) မှာ တပ်မှူးတာဝန်ယူခဲ့ချိန် ဒီနယ်မြေတွေမှာ ဘင်္ဂါလီဝင်ရောက်မှု ဘယ်လောက်ရှိလဲ။ စာရင်းကောက်ခဲ့တာ ရောရှိလား။**

WM ။ ။ အဲဒါ ကျွန်တော့် တာဝန်မဟုတ်ဘူး။ လူဦးရေကို စနစ်တကျနဲ့စာရင်းကောက်တာက န. စ. က ရဲ့ တာဝန်။ တစ်အိမ်ချင်းကောက်တယ်။ တစ်ရွာချင်း ကောက်တယ်။ န. စ. က က လူဦးရေတိုးတယ်ဆို တိုးကြောင်း သိတယ်။ န. စ. က မှာရှိတဲ့

လ. ဝ. က က လ. ဝ. က အလုပ်ကို လုပ်တာ။ စနစ်တကျပဲ။ ဘယ်နှရက်တစ်ကြိမ်၊ ဘယ်နှလ တစ်ကြိမ်ဆိုပြီး နေရာတိုင်းကို စစ်ဆေးသွားတယ်။ ဒါကြောင့် ကျွန်တော် ထင်တာတော့ န. စ. က ရှိတဲ့ ကာလတစ်လျှောက်လုံးမှာ အတိုးအလျှော့က သိပ် မလွဲဘူး။ သူတို့က တိုးရင် တိုးတဲ့အကြောင်း၊ လျှော့ရင် လျှော့တဲ့အကြောင်း၊ ထွက် ပြေးရင် ထွက်ပြေးတဲ့အကြောင်း၊ ခိုးဝင်ရင် ခိုးဝင်တဲ့ အကြောင်းသိတယ်။ ကျွန် တော့်အမြင်မှာ န.စ.က ရဲ့ တာဝန်က တကယ်ကြီးမားသလို တကယ်လည်း ထိရောက်တယ်။ ကျွန်တော်တို့လုပ်ငန်းက အဲဒီဒေသရဲ့ လုံခြုံရေး၊ သတင်းရရှိရေးပဲ။

**Speaker ။ ။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ နေ့စဉ်သတင်းတွေ ဘယ်လိုရယူခဲ့လဲ။**

WM ။ ။ သတင်းရယူတဲ့စနစ် အမျိုးအမျိုးရှိတယ်။ ကျွန်တော်တို့ အသုံးအနှုန်း နဲ့ဆိုရင် သတင်းပေးစနစ်ပေါ့။ သတင်းရယူတဲ့ နည်းလမ်းတွေ အများကြီးရှိတယ်။ သူတွေက ယူတာရှိတယ်။ စာရွက်စာတမ်းတွေက ယူတာရှိတယ်။ ဆက်သွယ်ရေးက ယူတာရှိတယ်။ ကျွန်တော်တို့ သိချင်တာက ဘာဖြစ်နေလဲဆိုတာထက် ဘာဖြစ်လာ မလဲ သိချင်တာ။ ဘာဖြစ်နေလဲဆိုတာ နောက်ကျသတင်း။ ဒါကြောင့် နည်းလမ်း ပေါင်းစုံနဲ့ ယူရတယ်။ ဥပမာ အိမ်တစ်အိမ် သူခိုး ခိုးခံရတယ်။ ဒါက ဖြစ်နေတာ။ ဒါပေမဲ့ ဒီအိမ် သူခိုး ခိုးခံရတော့မလားဆိုတာ သိချင်လို့ တံခါးပွင့်နေလား၊ အစောင့် ရှိဘူးလား ဆိုတာကို စုံစမ်းတာကတော့ ကြိုတင် သတင်းယူတာပေါ့။ ဘာတွေလုပ် ပြီး ဘာတွေဖြစ်နေလဲဆိုတာသိမှ ဘာဖြစ်လာမလဲ တွက်လို့ရမှာပေါ့။ သတင်းယူတဲ့ နည်းသိချင်ရင်တော့ နည်းလမ်းတွေ အများကြီးပဲ။ နည်းမျိုးစုံနဲ့ ယူတာပဲ။

**Speaker ။ ။ ဘူးသီးတောင် ထောက်လှမ်းရေး(၁၈)မှာ တပ်မှူးတာဝန် ထမ်း ဆောင်ခဲ့တဲ့အချိန် နယ်မြေထဲကို သွားရောက်တဲ့အခါ ဘင်္ဂါလီတွေနဲ့ပတ်သက်ပြီး ဘာ ထူးထူးခြားခြား ဖြစ်စဉ်တွေရှိခဲ့လဲ။ တွေ့ခဲ့လဲ။ အမှတ်တရတွေရှိရင် ပြောပြပါဦး။**

WM ။ ။ ဘင်္ဂါလီအားလုံးက ဆိုးရွားနေတာ မဟုတ်ဘူး။ တကယ်တမ်းတော့ သူတို့မှာ မော်လဝီဆရာ ရှိတယ်။ ဘူးသီးတောင်က မိချောင်းခေါင်းဈေးရွာမှာ ဘင်္ဂါလီ မော်လဝီဆရာကြီးရှိတယ်။ ၂၀၀၆ ခုနှစ်က ဆုံးသွားတယ်။ ဒီ မော်လဝီ ဆရာကြီးက မြန်မာစကား မတတ်ဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ဆိုရင် ဘယ်အချိန် ဖြစ်ဖြစ် အကုန်ပြောပြတယ်။ ဘူးသီးတောင်ကနေ ရေလမ်းနဲ့သွားရတဲ့ သူ့အိမ်ကို ကျွန်တော်တစ်ယောက်တည်း သွားလို့ရတယ်။ အဲဒီရွာထဲ တစ်ယောက်တည်းသွားပြီး သူ့အိမ်ထဲ ဝင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကျွန်တော်သွားတယ်။ ဘာဖြစ်

လို့လဲဆိုရင် ဘာဖြစ်နေလဲ၊ ဘာဖြစ်လာမလဲဆိုတာ သိချင်တယ်။ ဒါပေမဲ့ ဒါကို ပြောဖို့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရမှာ၊ သိမှုရမှာလေ။ နောက်ဆုံး ကျွန်တော်ရှိတဲ့နေရာကိုလည်း သူကြုံရင် ဝင်လာတယ်။ ကျွန်တော်ကလည်း တွေ့တယ်။ ကြားထဲမှာ စကားပြန်တော့ ထားရတာပေါ့။ ဒီလိုတစ်ယောက်နဲ့ တစ်ယောက် သိတဲ့အခါကျတော့ ဘူးသီးတောင်တစ်ကြောမှာ ဘာကိစ္စဖြစ်ဖြစ် ကြုံပြီးတော့ သိတယ်။ မတည်မငြိမ်ဖြစ်မယ်လို့ သတင်းကြားလို့ ဒီမော်လဝီဆရာကြီးကို ပြောရင် သူက ထိန်းပေးတယ်။ နောက်ပြီးတော့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် သုံးမြို့နယ်မှာ ဘာသာ၊ သာသနာနဲ့ပတ်သက်တာ ကျွန်တော်လုပ်တယ်။ ဘူးသီးတောင် အ. ထ. က (၁)မှာ ဘင်္ဂါလီတွေရော၊ ရခိုင်တွေရော ကျောင်းနေကြတယ်။ မြိုတို့၊ ခမီးတို့ တိုင်းရင်းသားတွေလည်း ကျောင်းတက်ကြတယ်။ တစ်နေ့တော့ အဲဒီ အ. ထ. က ကျောင်းမှာ Multimedia ဖွင့်မယ်လို့ ဆုံးဖြတ်တယ်။ ဒီတော့ အဲဒီဖွင့်ပွဲကို လာတဲ့လူကြီးတွေကို လက်အုပ်ချီပြီး ကြိုရမယ်။ ဒါပေမဲ့ တချို့ဘင်္ဂါလီ ကျောင်းသားတွေကို လက်အုပ်မချီရဘူးလို့ သူတို့ မော်လဝီဆရာတွေက ပြောလိုက်တယ်လို့ ဆိုတယ်။ ဒီလိုဖြစ်တော့ ကျောင်းအုပ်ကြီးလည်း ဘာမှမတတ်နိုင်ဘူး။ ဒီတော့ မော်လဝီဆရာကြီးကို ကျွန်တော်က မေးရတယ်။ ခင်ဗျားတို့ဘာသာမှာ လက်အုပ်ချီတာကို တားမြစ်ထားလား။ လက်အုပ်ချီတယ်ဆိုတာ ကိုယ့်ထက်အကြီးကို နှုတ်ဆက်တဲ့သဘောလို့ ကျွန်တော်က ရှင်းပြတယ်။ သူတို့ဘာသာမှာ တားမြစ်ထားတာ မရှိဘူးတဲ့၊ ရပါတယ်တဲ့။ နောက် အစမ်းလေ့ကျင့်ကြတော့ အဆင်ပြေသွားတယ်။ ဒါ ဥပမာတစ်ခုပါ။

အခုဖြစ်နေတဲ့ ပြဿနာနဲ့ပတ်သက်ပြီး ရခိုင်နဲ့ ဘင်္ဂါလီဆိုပြီး အပိုင်းနှစ်ပိုင်း ပြောချင်တယ်။ ဘူးသီးတောင်၊ မောင်တောက တိုင်းရင်းသားတွေထဲမှာ တကယ့် ငွေကြေးတောင့်တင်းချမ်းသာတဲ့ စီးပွားရေးသမား မရှိဘူး။ မြန်မာပြည်က လူတွေ ငွေကြေးချမ်းသာရင် နိုင်ငံခြားမှာသွားနေသလို ဒီဒေသက တော်တော်များများက ချမ်းသာလာရင် စစ်တွေတို့၊ ရန်ကုန်တို့ကို ရွှေ့တယ်။ ဒီတော့ ဒီဒေသမှာ သာမန်လက်လုပ်လက်စား များတာပေါ့။ အသင့်အတင့် ချမ်းသာတဲ့လူတော့ ရှိတယ်။ အရေအတွက်အားဖြင့် သိပ်နည်းတယ်။ ဘင်္ဂါလီက ၉၀ ရာခိုင်နှုန်းကျော် ရှိတယ်။ ရခိုင်က ရာခိုင်နှုန်းတစ်ခုရှိတယ်။ ဘင်္ဂါလီက ရာခိုင်နှုန်းတစ်ခုရှိတယ်။ တစ်ရာရာခိုင်နှုန်းမှာ ဌာနဆိုင်ရာတွေပါလို့သာ ဘင်္ဂါလီရာခိုင်နှုန်းက လျော့သွားသလိုဖြစ်တာ။ တကယ်တော့ တိုင်းရင်းသား ရာခိုင်နှုန်းတော်တော်နည်းတယ်။ ဒီတော့

ပိုက်ဆံချမ်းသာတဲ့၊ အရင်းအနှီးရှိတဲ့ တိုင်းရင်းသားတွေရှိဖို့ လိုတာပေါ့။ တိုင်းရင်းသားတွေ ရှိဖို့ဆိုတာ အလုပ်ရှိဖို့လိုတာပေါ့။ အင်္ဂလိပ်က ဒေသခံတိုင်းရင်းသားတွေကို ဘယ်လို သင်ပေးခဲ့လဲဆိုတော့ ဘင်္ဂါလီဆိုတာ မင်းတို့ခိုင်းဖို့ပဲ၊ ဘာမှ မင်းတို့ ကိုယ်တိုင်လုပ်စရာ မလိုဘူးလို့ သင်ပေးခဲ့တာ။ ဒီတော့ လယ်ရှိရင် ဘင်္ဂါလီကိုပဲ သူရင်းငှား ငှားလိုက်တာပဲ။ တိုင်းရင်းသားက လယ်မလုပ်ဘူး။ ကြာတဲ့အခါ ကျတော့ ဒီလယ်ကို တဖြည်းဖြည်းနဲ့ ဘင်္ဂါလီတွေ ပိုင်သွားတယ်။ အလားတူပဲ ဈေးသွားတယ်။ တိုင်းရင်းသူတွေက ဈေးခြင်းတောင်း မဆွဲဘူး။ ဈေးဝယ်ပြီးရင် ဈေးခြင်းတောင်းကို ဘင်္ဂါလီကိုဆွဲခိုင်းပြီး ပြန်သွားတယ်။ ဒီလိုဟာတွေက ရခိုင်နဲ့ ဒေသခံတွေရဲ့ ပြဿနာပဲ။

ဘင်္ဂါလီတွေရဲ့ အဓိက ပြဿနာက စာမတတ်တာ။ အရင်တုန်းက ဘင်္ဂါလီရွာတွေကို သက်ဆိုင်ရာ န. စ. က က စစ်ဆေးတဲ့အခါ ခုလောက် အရမ်းရှုပ်တဲ့ ခါးတွေ မရှိဘူး။ ဘယ်သူမှ အဲဒီလောက်ရှုပ်တဲ့ ခါးတွေ မကိုင်ဘူး။ ဒီရွာက ဘယ်သူထွက်သွားလဲသိတယ်။ ဒီရွာကို ဘယ်သူ ဝင်လာလဲဆိုတာလည်း သိတယ်။ ရွာစဉ်၊ ရွာမှား တစ်ရွာချင်းကအစ ကျွန်တော်တို့သိတယ်။ ဒီလိုသိအောင်လည်း ၁နှစ်နဲ့လုပ်ထားတယ်။ ဒါပေမဲ့ ခက်နေတာက ပညာမတတ်တော့ သူတို့ကို အုပ်ချုပ်တာက မော်လဝီဆရာပဲ။ ဘင်္ဂါလီတွေက ၁၂ နှစ် မရောက်ခင်အထိ အကုန်လုံး အပြင်ထွက်ပြီး အဝတ်မရှိရင်လည်း မရှိတဲ့အတိုင်း အလုပ်တစ်ခုခုလုပ်၊ အနည်းဆုံး ထင်းချောင်းတစ်ချောင်း ကောက်လာမှ ညနေစာ စားရတာ။ ဒါပေမဲ့ မော်လဝီဆရာက ဒီနေ့ ဘယ်သူ့ငွေက ဗလီမှာ ထမင်းကျွေးဆိုရင် တစ်ရွာလုံး ဘာမှမလုပ်ဘဲ ထမင်းစားရတယ်။ ဒီတော့ သူတို့ ကျေးဇူးရှင်က မိဘမဟုတ်ဘူး မော်လဝီဆရာပဲ။ ဒါ့ကြောင့် မော်လဝီဆရာ လုပ်ဆိုလုပ်၊ သတ်ဆိုသတ်၊ သေဆို သေ ဖြစ်လာတယ်။ ဘာလို့ဆို သူတို့က ပညာမတတ်ဘူး။ ကျောင်းတွေ ရှိပေမယ့် ဘသင်ခွင့်မပြုဘူးလေ။ စာတတ်ဖို့ လိုနေတာ။ သူတို့က မြန်မာနိုင်ငံထဲမှာနေပြီး မြန်မာစာ တတ်မယ်၊ မြန်မာစကား နားလည်မယ်ဆိုရင် တော်တော်လေး အဆင်ပြေမယ်။ ဒီတော့ ဘင်္ဂါလီတွေ စာတတ်လာရင် စဉ်းစားဉာဏ်ရှိလာမှာပေါ့။ ကျွန်တော်တို့ သတင်းယူတယ်ဆိုပေမယ့် ဘင်္ဂါလီတောထဲမှာ ကိုယ်တိုင်သွားယူလို့မှ ရတာ။ ဘင်္ဂါလီတွေပဲ သတင်းယူတာပဲ။ ဘင်္ဂါလီတွေထဲမှာလည်း စာတတ် တဲ့သူတွေ၊ အတွေ့အကြုံရှိတဲ့သူတွေ ရှိပါတယ်။ ဒီလူတွေကို သုံးတာပဲ။ ဒါပေ မဲ့ သတင်းလာပေးတဲ့ သူရဲ့ အသက်အန္တရာယ်ကိုတော့ ကာကွယ်ပေးရမှာပဲ။

စကားလာပြောလို့ ပြန်အထွက်မှာ အသတ်ခံရမယ်ဆိုရင် ဘယ်လာပြောမလဲ။ အကာအကွယ် မပေးနိုင်ရင် သတင်းမရနိုင်ဘူး။ အထိုက်အလျောက် အကာကွယ် ပေးရတယ်။

အခုတော့ န. စ. က ကို ဖျက်လိုက်တယ်။ ရဲတပ်ဖွဲ့ပဲ ထားတယ်။ နိုင်ငံတကာနဲ့ ကြည့်ရင်တော့ မှန်ပါတယ်။ ဒါပေမဲ့ သတင်းရယူတဲ့စနစ်၊ လ. ဝ. က ရဲ့ လုပ်ငန်းတွေလုပ်ဖို့ကျတော့ မနိုင်နင်းနိုင်ဘူး။ လေ့ကျင့်ထားတာချင်းလည်း မတူ ဘူး။ ထောက်လှမ်းရေးဆိုတာက ကာလအရှည်ကြီး လေ့ကျင့်ခဲ့ရတာ။ လေ့ကျင့် ရေးကို လေး၊ ငါးနှစ် တက်။ တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်ပြီး နှစ်တော် တော်များများရှိမှ တပ်ရင်းမှူးလို နေရာတွေ ရောက်တာ။ ဒီလုပ်ငန်းတွေ လုပ်ဖို့ဆို တာ ချက်ချင်းကောက်ပြီး လုပ်လို့မရဘူး။ အချိန်အများကြီး ယူရတယ်။

**Speaker ။ ။ တပ်မှူးလက်ထက်တုန်းက ဘင်္ဂါလီမိသားစုထဲမှာ လူဘယ် လောက်များများ တွေ့ဖူးလဲ။**

WM ။ ။ ဘင်္ဂါလီ ငါးဆယ်လောက်ရှိတဲ့ မိသားစုအထိ ကျွန်တော်တွေ့ဖူးတယ်။ ဘင်္ဂါလီ အိမ်တစ်အိမ် မီးလောင်တဲ့အခါ အဲဒီအိမ်မှာ ဘင်္ဂါလီ အိမ်ထောင်ဦးစီး တစ်ယောက်က မိန်းမလေးယောက် ယူထားတယ်။ ကလေးတွေနဲ့ စုစုပေါင်း ငါးဆယ်လောက်ရှိတယ်လို့ ကျွန်တော့်ဆီ သတင်းတွေ တက်လာဖူးတယ်။

**Speaker ။ ။ ဗိုလ်မှူးတို့ တာဝန်ထမ်းဆောင်တုန်းက မော်လဝီဆရာနဲ့ ငွေလွှဲလုပ်ငန်းလုပ်တဲ့လူကို ထိန်းချုပ်ထားပြီး အဲဒီကသတင်းတွေ ရတယ်လို့ သတင်းထွက်ဖူးတယ်။ ဒါက ဘယ်လိုလုပ်ခဲ့တာလဲ။**

WM ။ ။ ကျွန်တော်တာဝန်ယူတဲ့ လေးနှစ်အတွင်းမှာ ဒီလိုထိန်းချုပ်တာ မရှိဘူး။

**Speaker ။ ။ ဒါဆို သူတို့ကို ဘယ်လို စည်းရုံးထားတာလဲ။**

WM ။ ။ သူတို့ကို စည်းရုံးထားတာမဟုတ်ဘူး အကာအကွယ်ပေးတာ။ သူတို့ကို မသတ်အောင် ကျွန်တော်တို့ ကာကွယ်နိုင်တယ်။ ဥပမာ - ဒီနယ်မြေထဲမှာ ဒီရွာနဲ့ ဟိုရွာသွားပြီး သတင်းပို့ရင် ဒီလူက ဒီမြို့အတွင်းမှာ လွတ်လွတ်လပ်လပ် သွားလို့ရမယ်။ တစ်ခါတလေ ကျန်းမာရေးအတွက် ရန်ကုန်အထိ ဆေးလာကုတဲ့ မော်လဝီဆရာတွေ ရှိပါတယ်။

ဒီငွေလွှဲလုပ်ငန်းကိုတော့ ကာကွယ်ပေးစရာမလိုဘူး ထင်တယ်။ ဘာလို့လဲဆို ဘင်္ဂါလီတွေက ဘင်္ဂလားဒေ့ရှ်ကို နေ့ချင်းပြန်၊ ညအိပ်သွားလို့ရတော့ ဆော်ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေ ဘူးသီးတောင်ကို ငွေလွှဲတယ်ဆိုတာတော့ မရှိဘူးထင်တယ်။

အဓိက ဘင်္ဂါလီတွေ အခက်အခဲက ကျန်းမာရေးပဲ။ ကျန်းမာရေးမကောင်းရင် တချို့က ဘင်္ဂလားဒေ့ရှ်ဘက် မသွားချင်ဘူး။ စစ်တွေမှာ ကုချင်တယ်။ ရန်ကုန်မှာ ကုချင်တယ်။ ဒီထဲက တချို့မော်လဝီဆရာတွေကို ပေးသွားတယ်၊ ဒါပေမဲ့ ပြန်လာရတယ်။ ဒါတော့ ကြပ်ကြပ်မတ်မတ် လုပ်ထားရတယ်။

**Speaker ။ ။ ဒီနေ့လို အခြေအနေမျိုး နေအိမ်တွေကို မီးရှို့တာတွေ၊ ရဲကင်းစခန်းတွေကို တိုက်ခိုက်တာတွေဖြစ်လာတာ ဘယ်သူ့မှာတာဝန်ရှိလဲ။ ဘယ်သူ့ကြောင့်လဲ။**

WM ။ ။ နယ်မြေသိမ်းပြီး အာဏာယူလိုတဲ့ နောက်ကွယ်က လူတွေကြောင့် ပညာမတတ်တဲ့ ဘင်္ဂါလီတွေ ရှေ့က ပါလာရတယ်ထင်ပါတယ်။ ဒီလိုဖြစ်လာရတာ ကျွန်တော်ထင်တာတော့ ထိတွေ့မှု နည်းသွားလို့၊ တစ်ယောက်နဲ့တစ်ယောက် မသိရင်မယုံဘူး။ ဘာသာမတူတော့ ပိုဆိုးသွားတာပေါ့။ ခုနက မော်လဝီဆရာကို ကျွန်တော် သွားတွေ့ပြီးတဲ့အခါ သူ့ကို ကျွန်တော်မသတ်ဘူး၊ ကျွန်တော့်ကို သူ မသတ်ဘူးဆိုတာ သိသွားတော့ ယုံကြည်သွားတယ်။ ဒါမျိုး တစ်ယောက်နဲ့တစ်ယောက် တည်ဆောက်ရမှာ။ ဒီလိုတည်ဆောက်ပြီး ထိတွေ့မှုရှိရင် သတင်းတော့ ကြိုရမှာပေါ့။

မော်လဝီဆရာတွေထဲမှာ ဆင်ခြင်တတ်တဲ့ မော်လဝီဆရာတွေ ရှိတယ်။ ကျွန်တော်တို့သုံးတဲ့အထဲမှာ မော်လဝီဆရာကြီးတွေ၊ မော်လဝီ ဆရာငယ်တွေလည်း ပါတယ်။ မော်လဝီဆရာငယ်တွေက အယူရှိတယ်၊ ပညာတတ်တယ်၊ နားလည်တယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လိုက်သေးတဲ့ ဆရာဝန်ဒေါက်တာ ဘော်ရှီးအာမက်ဆို ဘူးသီးတောင်မှာ ဆေးခန်းဖွင့်ပြီးနေတာပဲ။ ကျွန်တော်တို့ မိသားစုလည်း သူ့ဆီမှာ ကုတာပဲ။ သတ်ချင်ရင် ဆေးထိုးအပ်တစ်ချောင်းတည်းနဲ့ သေအောင် လုပ်လို့ရတာပေါ့။ ဒါပေမဲ့ ရန်ကုန်မှာ ဆေးတက္ကသိုလ်တက်ခဲ့တဲ့ သူတို့နားလည်တယ်။ အေးအေးဆေးဆေး နေချင်တဲ့လူတွေ အများကြီးပါ။

အဓိက က တစ်ရွာချင်း တစ်ရွာချင်း ထိတွေ့မှုပျောက်သွားတာပါ။ ကျွန်တော်တို့ သတင်းယူတယ်ဆိုတာက အကုန်လုံးကို ထိတွေ့ထားတာ။ ထိတွေ့မှုရှိပြီး ခင်မင်ထားတော့ သတင်းကြိုတင်ရတာပေါ့။ အခုက အဆက်အစပ်ပြတ်သွားပြီး ယုံကြည်မှုမရှိတဲ့အချိန်မှာ နိုင်ငံတကာမှာဖြစ်နေသလိုပဲ နယ်မြေလိုချင်လို့၊ အာဏာလိုချင်လို့ တစ်ဖက်က မြှောက်ပေးတာ။ ဒီလမ်းကြောင်းကို မသိတဲ့ ဘင်္ဂါလီတွေက တုတ်ဆွဲ၊ ဓားဆွဲပြီး လိုက်ကြတာလို့ ထင်ပါတယ်။

**Speaker ။ ။ ဗိုလ်မှူးပြောချင်တာက ဘင်္ဂါလီ ဘက်မှာရှိတဲ့ အစွန်းမရောက်တဲ့လူ**

**တွေကို မစည်းရုံးနိုင်ဘူးဆိုတဲ့ သဘောလား။**

WM ။ ။ မစည်းရုံးနိုင်တာ မဟုတ်ဘူး။ ကင်းကွာသွားတာ။ စည်းရုံးတာနဲ့ ထိတွေ့တာ မတူဘူး။ စည်းရုံးစရာမလိုဘူးလေ၊ ထိတွေ့ထားရမှာ။ အကုန်လုံးမဟုတ်ဘဲ အထူးသဖြင့် မော်လဝီတွေကို ထိတွေ့ရမှာ။ မကြာခင်က အစ္စလာမ်ဘာသာဝင် တစ်ယောက်နဲ့ တွေ့တယ်။ သူက ဒီနေ့အခြေအနေကို ဘယ်လိုလုပ်ရမှာလဲဆိုပြီး ကျွန်တော့်ကို မေးတယ်။ ဒီတော့ မင်းတို့တည်ငြိမ်အောင် ဝိုင်းလုပ်ပေါ့၊ မတည်ငြိမ်အောင်လုပ်ရင် အကုန်လုံးဒုက္ခရောက်မှာပေါ့လို့ ပြောရတယ်။ သူကခုနက မော်လဝီဆရာကြီးနဲ့ သိတယ်။ ခုန ဘင်္ဂါလီဆရာကြီးရဲ့သားက အဲဒီမှာ မော်လဝီဆရာ ဖြစ်နေပြီ။ အဲဒီမော်လဝီဆရာက ကျွန်တော့်ကို သိတယ်၊ သူ့အဖေဆီလာတာ မြင်ဖူးတယ်ဆိုပြီး ဖုန်းဆက်လာတယ်တဲ့။ ဒီတော့ အားလုံးကို ထိတွေ့စရာမလိုဘူး။ အကြီးဆုံးကို ထိတွေ့တဲ့အခါ အားလုံးကို ထိတွေ့ပြီးသား ဖြစ်သွားတယ်။ ဒီတော့ ကျွန်တော့်ကို ယုံရင် ကျွန်တော်ပြောတာ နားထောင်မယ်။ ကျွန်တော့်ကို မယုံရင် ဆန့်ကျင်ဘက်လူရဲ့စကားကို နားထောင်မယ်။ အဓိက ထိတွေ့မှု မရှိတာ။

**Speaker ။ ။ ဒါဆိုရင် ဒီနယ်မြေမှာ အေးအေးဆေးဆေး နေချင်တဲ့လူတွေ အများကြီး ရှိတယ်ဆိုတဲ့ သဘောပေါ့။**

WM ။ ။ ရှိနိုင်တာပေါ့။ အေးအေးဆေးဆေး ကိုယ့်စီးပွား ကိုယ်လုပ်ချင်တဲ့ ဘင်္ဂါလီတွေ အများကြီးရှိမှာပဲ။

**Speaker ။ ။ ဒါဆို ဒေသခံတွေ မနေရဲအောင် နေအိမ်တွေ မီးရှို့တာတို့၊ လက်ပစ်ဗုံးတွေ လုပ်တာတို့ကို ဘာလို့လုပ်တာလဲ။**

WM ။ ။ အဓိကကတော့ ဒီဘက်က အစိုးရတို့၊ တပ်တို့၊ ရဲတို့ လုပ်မှားကိုင်မှား ဖြစ်အောင်လုပ်တာလို့ထင်တယ်။ ဒီလိုဖြစ်တော့ မရှင်းလို့ မရဘူးလေ။ အခုတကယ့် ရှင်းလင်းရေးစစ်ပွဲကြီး မဖြစ်သေးတာတောင် လက်လွန်ခြေလွန်လုပ်တယ်ဆိုပြီး ကုလသမဂ္ဂအထိ ရောက်တယ်။ ကျွန်တော်ထင်တာတော့ အစကတည်းက ဒီပုံစံမျိုးလုပ်တာထင်တယ်။ ဒီဟာကို နိုင်ငံတကာက အကြမ်းဖက်မာစတာဘရိန်းတွေ လုပ်တာ။ အရူးတစ်ယောက် လုပ်တာတော့ မဟုတ်ဘူး။ အကြမ်းဖက်မှုကို ဖြေရှင်းရင်း လက်လွန်ခြေလွန်ဖြစ်ရင် နိုင်ငံတကာနဲ့ ဝိုင်းအော်မယ်။ ဒီလိုအော်ပြီးရင် နယ်မြေတစ်ခုရအောင်လုပ်မယ်။ နယ်မြေတစ်ခုရလာပြီးရင် အာဏာရအောင်လုပ်မယ်။ ထိုင်းနိုင်ငံတောင်ပိုင်းလည်း ဒီလိုဖြစ်နေတာပဲ။ ထိုင်းတောင်ပိုင်းမှာ ဘုန်းကြီးသွားရင် လုံခြုံရေးလုပ်ရတယ်။ လုံခြုံရေးမပါရင် ပစ်

သတ်တာပဲ။ ဘူးသီးတောင်၊ မောင်တောမှာ ကျွန်တော်တို့ရှိစဉ်တုန်းက ဒါမျိုး မဖြစ်ဘူး။ အဲဒီဘက်မှာ ထိုင်းတောင်ပိုင်းထက်တောင် မွတ်ဆလင်အရေအတွက် များမယ်ထင်တာပဲ။ တိုင်းရင်းသားတွေကို ဘင်္ဂါလီတွေ တစ်ခုခုလုပ်ရင်လည်း အပြည့်အဝသိအောင် ကျွန်တော်တို့ လုပ်တယ်။ တစ်ခုခု ဖြစ်ပြီဆိုတာနဲ့ ဘင်္ဂါလီ အချင်းချင်း ပြန်ဖော်ထုတ်ခိုင်းတာပဲ။

**Speaker ။ ။ အဲဒီတုန်းက န. စ. က ပူးပေါင်းအဖွဲ့တွေက ဘင်္ဂါလီတွေကို မှတ်ပုံတင်ထုတ်ပေးတဲ့ အချိန်ကိစ္စတွေမှာ လာဘ်ငွေယူခဲ့တယ်လို့ လူမှုကွန်ရက်မှာ ရေးကြတယ်။ ဒီစွပ်စွဲမှုတွေက ဘယ်လောက်ထိမှန်နိုင်လဲ။**

WM ။ ။ ဘင်္ဂါလီတွေကို မှတ်ပုံတင်ပေးတယ်ဆိုရင် တွေ့တဲ့မှတ်ပုံတင် အကုန် စစ်လိုက်လေ။ ဒီလို စစ်လိုက်ရင် ဘယ်မြို့နယ်က ဘယ်သူပေးလဲ အကုန်ပေါ်တာပဲ။ ချက်ချင်း စစ်လို့ရတဲ့ကိစ္စပဲ။ န. စ. က သည် လ. ဝ. က လုပ်ငန်းပါတယ်ဆိုပေမယ့် သူက မလွှတ်လပ်ဘူးလေ။ မှတ်ပုံတင်ထုတ်ပေးတာက သက်ဆိုင်ရာ ဝန်ကြီးဌာန အောက်က လူဝင်မှုကြီးကြပ်ရေးရဲ့ လုပ်ငန်းလေ။ ဝန်ကြီးဌာနမှာ မှတ်တမ်းမှတ်ရာ ရှိမှာပဲလေ။ စစ်ဆေးတယ်ဆိုတာ ဘာမှ ခက်တာမှ မဟုတ်တာ။ ဒီမှတ်ပုံတင် ကိုင်ထားတဲ့သူကို ဘယ်သူ့ဆီကရလဲ မေးတာနဲ့ ပေါ်လာမှာပဲ။

လက်သိပ်ထိုးရေးတာကတော့ ကြိုက်သလို ရေးလို့ရတာပေါ့။ အပြစ်တင်ချင်ရင် ကြိုက်သလို အပြစ်တင်။ ဒါပေမဲ့ လုံးဝမရှိဘူးဆိုတာလည်း ပြောလို့မရဘူး။ ရှိတယ်ဆိုတာလည်း ပြောလို့မရဘူး။ စစ်ဆေးပြီး အပြစ်ရှိတဲ့လူကို အရေးယူလိုက်လေ။ အခုကလူတွေ အားလုံးကို ဝါးလုံးနဲ့ ချေးသုတ်ရမ်းသလို ဖြစ်နေတယ်။ စစ်လိုက်လို့ မေးရင်ပေါ်မှာပဲ။ ဒေသခံဘင်္ဂါလီတွေက ပိုဆိုးသေးတယ်။ သူတို့မှာ ကြောက်စိတ်ရှိတဲ့အတွက် အမှန်အတိုင်းပြောမှာပဲ။ ဥပမာ ခင်ဗျားကို ပိုက်ဆံတစ်ထောင်ပေးထားရင် ပေးထားတဲ့အတွက် ဘင်္ဂါလီတွေမှာ မှတ်တမ်းရှိတယ်။ ပိုက်ဆံတစ်သိန်းပေးထားရင် တစ်သိန်းပေးတဲ့ မှတ်တမ်းရှိတယ်။ ဘင်္ဂါလီရဲ့ သဘောတရားက ဒီမြို့ပေါ်မှာဖြစ်ဖြစ်၊ ရွာမှာဖြစ်ဖြစ် အားလုံးက မှတ်တမ်းထားတယ်။ စစ်ကြောရေးလုပ်လို့ယူခဲ့ဆိုရင် မှတ်တမ်းက အကုန်ပါတယ်။ အရမ်းလွယ်တယ်။ လာဘ်စားတဲ့လူရှိလို့ ဥပဒေနဲ့ငြိစွန်းရင် ထောင်ချလိုက်။ ဖြုတ်ဖို့လိုရင် ဖြုတ်ပစ်လိုက်။ ခုတော့ ဒါမကောင်းဘူးဟေ့ အကုန်ရှင်းကွာဆိုပြီး အကုန်ရှင်းလိုက်တာ အဆက်အစပ်တွေ အကုန်ပြတ်ကုန်တာပေါ့။

**Speaker ။ ။ မောင်တောဒေသတည်ငြိမ်ဖို့ အခုအစိုးရအနေနဲ့ ဘာတွေအဓိက**

**လုပ်သင့်လဲ။ အရေးအကြီးဆုံးက ဘာလဲ။**

WM ။ ။ အရေးအကြီးက လုံခြုံရေးပဲ။ လုံခြုံမှ တည်ငြိမ်အေးချမ်းမှာ။ တိုင်းရင်းသားတွေကို ကာကွယ်ပေးရမှာ။ တိုင်းရင်းသားတွေ ဒီထက်ပိုနည်းရင် ထပ်ဖြစ်မှာပေါ့။ တိုင်းရင်းသားများဖို့၊ တိုင်းရင်းသားတွေ နေနိုင်ဖို့က နေ့စဉ်ဝင်ငွေရှိနိုင်တဲ့ အလုပ်တွေ ရှာပေးရမယ်။ ဒါကြောင့် မောင်တောဒေသမှာ စက်ရုံ၊ အလုပ်ရုံတွေ ရှိရမယ်။

**Speaker ။ ။ အခု မောင်တောဒေသမှာ စက်မှုဇုန်ဖော်ဆောင်မယ်ဆိုတဲ့ အသံတွေ ကြားနေရပါတယ်။ ဒီအပေါ် ဘယ်လိုမြင်လဲ။**

WM ။ ။ တကယ်ကို ရှိသင့်တယ်။ တိုင်းရင်းသားတွေအတွက် သီးခြားထားရမယ်။ ဒါမှ တိုင်းရင်းသားက လုပ်ရဲမှာ။ နောက်ဆို ဘင်္ဂါလီကို လုပ်ခိုင်းပြီး တိုင်းရင်းသားက ကြီးကြပ်တဲ့လူဖြစ်ရင်လည်း တဖြည်းဖြည်းနဲ့ ဘင်္ဂါလီလက်ထဲ ရောက်သွားမှာ။ နောက်တစ်ခုက ဒေသကို တိုးတက်အောင် လုပ်ရမယ်။ နောက်တစ်ခုက ထိတွေ့ဆက်ဆံတာ။ ထိတွေ့ဆက်ဆံတယ်ဆိုတာ သတင်းရအောင်ယူတာပဲ။ သတင်းရနေမှ ဒီလိုမဖြစ်မှာ။ ကိုဝင်းမောင်မောင်တို့ ပြောတယ်လေ သတင်းတွေရပါတယ်တဲ့။ ဟိုမှာလည်း ရဲမှူးချုပ် သူရစန်းလွင်ရှိပါတယ်။ ကျွန်တော်နဲ့ တစ်ပတ်စဉ်ထဲက သူရဘွဲ့ရတဲ့ သုံးယောက်ထဲက တစ်ယောက်ပါ။ သူလည်း ခေါင်းတောက်အောင် လုပ်ရမှာပဲ။ တကယ်လည်း အရည်အချင်းရှိပါတယ်။ ဒါပေမဲ့ ရဲမှူးချုပ် သူရစန်းလွင် တစ်ယောက်တည်း လုပ်လို့မရဘူး။ အရင်တုန်းက လူသုံးထောင်လောက်နဲ့ လုပ်တာ။ ဒီသုံးထောင်လောက်နဲ့ တစ်ရက်တည်းလုပ်တာ မဟုတ်ဘူး။ အေးချမ်းတဲ့ ကာလမှာ နှစ်ပေါင်းများစွာ အချိန်ယူပြီးလုပ်တာ။ အခု ဖုတ်ပူမီးတိုက် ဘင်္ဂါလီရွာထဲမှာ သတင်းသွားယူခိုင်းရင် ဘယ်သူယူမလဲ။ ဘယ်ဘင်္ဂါလီကရော သတင်းဘယ်ပေးရဲမလဲ။ သူ့ကို လာသတ်သွားမှာပေါ့။ အခုဆို ဆယ်အိမ်ခေါင်း လုပ်တယ် သတ်တယ်။ ရွာလူကြီးလုပ်တယ် သတ်တယ်ဆိုတာက ထိတွေ့မှု မရှိလို့ပေါ့။ လတ်တလောဆိုရင် လုံခြုံရေးက အရေးကြီးတယ်။

ပြီးရင် တိုင်းရင်းသားတွေ ဖွံ့ဖြိုးအောင်၊ အလုပ်ရှိအောင် လုပ်ပေးရမယ်။ တိုင်းရင်းသားတွေ အလုပ်ရှိအောင် လယ်ဆယ်ဧကဆီ ပေးလို့လည်း မရဘူး။ အရင်တုန်းက နွားတွေ၊ လှည်းတွေ အများကြီး သင်္ဘောတွေနဲ့ပို့တယ် အဆင်မပြေဘူး။ မောင်တောမှာ ရွာတစ်ရွာ ကျွန်တော် ဆောက်ပေးဖူးတယ်။ ဘင်္ဂလားဒေ့ရှ်မှာ မနေနိုင်တော့ဘူးဆိုတဲ့ တိုင်းရင်းသားတွေ နည်းမျိုးစုံနဲ့ ထွက်ပြေးလာတာ။ ဒါပေမဲ့ မောင်

တော မွေး၊ ဘင်္ဂလားဒေ့ရှ်မှာ ကြီးတဲ့သူတွေလည်း ရှိတယ်။ သူတို့တွေအတွက် ကျွန်တော် ကိုယ်တိုင်ပုံစံဆွဲ၊ ကျွန်တော်ကိုယ်တိုင် အိမ်ဆောက်၊ ကျွန်တော်ကိုယ်တိုင် စာသင်ကျောင်းဆောက်လုပ်ပေးခဲ့တယ်။ ဒီလိုလည်း တိုင်းရင်းသားများလာအောင် လုပ်လို့ရတယ်။ ရန်ကုန်ကလူ သွားနေဆိုလည်း မနေနိုင်ဘူး။ ကျွန်တော်တို့ လေးနှစ်နေရတာတောင် ဘယ်အချိန်ပြောင်းရမလဲဘဲ ထိုင်စောင့်နေတာ။ အဲဒီမှာ ပညာရေး၊ ကျန်းမာရေးအတွက် ခက်တယ်လေ။ ဝန်ထမ်းကတော့ ပြန်ချင်တာပေါ့ဗျာ။ န. စ. က က ရခိုင်တိုင်းရင်းသားတွေကို အဲဒီမှာပဲထားတာ။ ပြီးတော့ ဒေသခံနဲ့ယူပြီး အိမ်ထောင်ပြုတဲ့လူကိုလည်း အဲဒီမှာပဲထားတာ။ အခုလို အလှည့်ကျ ရွှေ့တာ၊ ပြောင်းတာ မလုပ်ဘူး။ အဲဒီဒေသက ရခိုင်တိုင်းရင်းသား၊ ရခိုင်စစ်သား၊ ရခိုင်ပြည်သူ့ရဲက ရွှေ့ပြောင်းနေဖို့လည်း မစဉ်းစားဘူး၊ ရန်ကုန်မြို့ကြီးကို လာနေဖို့လည်း မစဉ်းစားဘူး။

**Speaker ။ ။ မောင်တောကို စွန့်ခွာပြေးလာတဲ့ ဒေသခံတိုင်းရင်းသားတွေက ပြန်တည်ငြိမ်သွားရင်တောင် အဲဒီဒေသကို ပြန်သွားပါ့မလား။**

WM ။ ။ လုံခြုံရင်တော့ ပြန်သွားတယ်။ သူတို့ဒေသကို ခင်တွယ်လို့ ဒီလောက်ခက်ခက်ခဲခဲ ကြားမှာနေတာ။ ကျွန်တော် တာဝန်ကျတုန်းက လူလေး၊ ငါးဆယ်နဲ့နေတဲ့ ရခိုင်ရွာတွေ အများကြီးပဲ။ သူတို့က သူတို့ဒေသကို ခင်တွယ်တယ်။ လုံခြုံရေးပေးမယ်၊ စုစည်းပေးမယ်ဆို နေတယ်။ သိပ်အာမခံချက် မရှိရင်တော့ ကြောက်တာပေါ့။ ဒီလိုဖြစ်အောင်လည်း လုပ်ပေးရမယ်။ မလုပ်ပေးလို့ မောင်တောက ဒီလိုဖြစ်သွားတာ။ ရွာနာမည်က မြန်မာနာမည်(ဥပမာ - သရေကုန်းဘောင်ရွာ) နေတာက ဘင်္ဂါလီတွေနေတာ။ ရွာနာမည် ၉၀ ရာခိုင်နှုန်းလောက်က မြန်မာနဲ့ ရခိုင်နာမည်တွေပဲ။ ဘာလို့ဒီလိုဖြစ်လဲဆိုရင် ၁၉၄၂ ခုနှစ်က ဒီလိုဖြစ်တယ်၊ ပြေးရတယ်။ အဲဒီလိုပြေးတဲ့အခါမှာ တိုင်းရင်းသားတွေကို ပြန်ဆွဲဖို့ လုံခြုံရေးအင်အားက မရှိဘူးလေ။ ဒီလိုပြေးရင်းနဲ့ ရွာတွေအားလုံးကို ဘင်္ဂါလီက ဝင်ယူသွားတာ။ အခု အဲဒီလို ထွက်ပြေးရင် နောက်ဆုံး အဲဒီရွာတွေက ဘင်္ဂါလီနယ်မြေတွေဖြစ်သွားမှာပဲ။

ခုပေမဲ့ ဒေသခံတိုင်းရင်းသားတွေက နေချင်ပါတယ်။ တောင်ပေါ်မှာနေတဲ့လူက တောင်ပေါ်မှာပဲ နေချင်တယ်။ ကျွန်တော်တို့က အကာအကွယ်လုပ်ပေးရမယ်။ ဒါကြောင့် ကျွန်တော့် အမြင်အရနေမှာပါ။

**Speaker ။ ။ လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့ချိန်မှာ ဘူးသီးတောင်၊ မောင်**

**တော၊ ရသေ့တောင်သုံးမြို့နယ်ကို ဘယ်လိုစီမံအုပ်ချုပ်ခဲ့လည်း။**

WM ။ ။ အုပ်ချုပ်တာက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး အဆင့်ဆင့်က အုပ်ချုပ်တာ။ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး။

**Speaker ။ ။ ကက(လှမ်း) အာဏာအပြည့်အဝရှိခဲ့ချိန် ဘင်္ဂါလီတွေပေါ် ကက(လှမ်း)ရဲ့ ဩဇာသက်ရောက်မှု ဘယ်လောက်ရှိလဲ။**

WM ။ ။ အုပ်ချုပ်ရေးက ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူး။ ဒေသကို ဖွံ့ဖြိုးအောင်လုပ်ပေးတယ်။ ဘူးသီးတောင်မှာက ဗလီတွေအားလုံး အုတ်တံတိုင်းခတ်ထားတာတွေ့ရတယ်။ ဘုန်းကြီးကျောင်းအားလုံးက ဝါးထရံဖြစ်နေလို့ ကူညီခဲ့ရတယ်။ နောက်ပြီး ဘူးသီးတောင် အ. ထ. က ကျောင်းနောက်မှာ ခမီးဘုန်းကြီးကျောင်းရှိတယ်။ အဲဒီဘုန်းကြီးကျောင်းမှာနေတဲ့ ဘုန်းကြီးကျောင်းသားတွေ အင်မတန်ဆင်းရဲတယ်။ ညစာ၊ မနက်စာကို ငှက်ပျောအူပြုတ်နဲ့စားပြီး အ. ထ. က ကျောင်းမှာ စာလာသင်တယ်။ ဒီတော့ အ. ထ. က ကျောင်းမှာရှိတဲ့ အောက်ခြေသိမ်းအလုပ်အားလုံးကို ခမီးကျောင်းသားလေးတွေ လုပ်တယ်။ ဘာလို့လဲဆိုရင် ကျောင်းမှာ တခြားလိုအပ်တဲ့စရိတ်တွေ ဘာမှမပေးနိုင်ဘူး။ အဲဒီမှာ ပိုက်ဆံလေးနည်းနည်းရှိလာရင် ဘူးသီးတောင်မှာ ခမီးတိုင်းရင်းသားတွေ အကုန်လာစုတယ်။ ကလေးက စပြီးတော့ ခမီး ဆရာတော်က စာသင်ပေးတယ်။ လူရှစ်ဆယ်လောက်နေတာ ဝါးတဲလေးနဲ့။ ကျွန်တော်ကိုယ်တိုင် အုတ်ဖုတ်ပြီးတော့ကို အဲဒီကျောင်းကိုဆောက်ပေးခဲ့တာ။ ဒီတော့ ကျွန်တော်တို့ ထောက်လှမ်းရေးတပ်က တစ်နှစ်ကိုအုတ်နှစ်သိန်းလောက် ဖုတ်တယ်။ ပြီးတော့ အဲဒီအုတ်တွေကို ဘုန်းကြီးကျောင်းတွေကို လှူတယ်။ အခုတော့ ဘူးသီးတောင်က ဘုန်းကြီးကျောင်းတွေ အုတ်တံတိုင်းနဲ့ဖြစ်သွားပြီ။

ဘူးသီးတောင်မြို့တွင်းလမ်းက တစ်နေရာမှာ သစ်သားတံတားကို ဖြတ်ရလို့ ဆိုက်ကားသွားရင် ကျန်တဲ့ကားတွေ ရပ်ထားရတယ်။ အဲဒီတံတားကို ကွန်ကရစ်တံတားဖြစ်အောင် လုပ်ပေးခဲ့တယ်။ ကြိုက်တဲ့အချိန် ဆိုက်ကားရော၊ ကားရော အကုန်သွားလို့ ရသွားတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာ ဘူးသီးတောင်မြို့က ရေတိုက်စားလို့ သုံးကြိမ်ရွှေ့ထားရပြီးပြီ။ အဲဒါနဲ့ဘူးသီးတောင် ဆိပ်ကမ်းကိုကျောက်တစ်တုံးချင်းအောက်က စီပြီးအပေါ်မှာအုတ်နဲ့ တစ်မိုင်ခွဲလောက်ရှိတဲ့ ရေထိန်းနံရံလုပ်တယ်။ ၁၉၉၉ ခုနှစ် အဲဒါလုပ်ပြီးကတည်းက ဘူးသီးတောင်မြို့ လုံးဝမရွှေ့ရတော့ဘူး။ ဘူးသီးတောင်ဆိပ်ကမ်းက တက်လိုက်ရင် သွပ်ပြားမိုးထားတဲ့

လက်မှတ်ရောင်းတဲ့ တဲလေးရှိတယ်။ ကျွန်တော်တို့က စစ်တွေက လူကြီးတွေလာရင် ဆိပ်ကမ်းကိုသွားပြီး နာရီနဲ့ချီပြီးစောင့်ရတယ်။ ဒီလိုစောင့်ရင် နားစရာ နေရာမရှိတော့ အဲဒီဆိပ်ကမ်း တဲလေးဖျက်ပြီးတော့ ဧည့်သည်လည်း ထိုင်၊ လက်မှတ်လည်း ရောင်းလို့ရတဲ့ ရေချိုးခန်းနဲ့ အိမ်သာပါတဲ့ အဆောက်အအုံ ဆောက်ပေးခဲ့တယ်။ အဓိကက အဲဒီမြို့ကို တိုးတက်အောင် လုပ်လိုက်တာပဲ။

ဘူးသီးတောင် ဘောလုံးကွင်းက ဘောလုံး မကစားတဲ့အချိန်လည်း ရေပေးနိုင်အောင် မြေအောက်မှာ ရေလိုင်းတွေလုပ်ပေးခဲ့တယ်။ ဘာလို့လဲဆို ရခိုင်ပြည်နယ်ဟာ ဘောလုံးသမား အထွက်ဆုံးပဲ။ ဘောလုံးကို ဘင်္ဂါလီတွေရော၊ ရခိုင်တွေရော၊ တိုင်းရင်းသားတွေရော ဝါသနာပါတယ်။ ၁၉၉၉၊ ၂၀၀၀ နောက်ဆုံး ဆီမီးဖိုင်နယ်ထိ ရောက်တယ်။ ဒီနည်းက ကျွန်တော့်ကို အကုန်လုံးထိတွေ့လို့ရတယ်။

ဘူးသီးတောင်ဆေးရုံကို ခြံစည်းရိုးတွေခတ်၊ ကွန်ကရစ်လမ်းတွေ ခင်းပေးတယ်။ တချို့အခက်အခဲတွေရှိရင် န. တ. လကိုမပြောဘဲ ကျွန်တော်တို့က အရင်လုပ်ပစ်လိုက်တယ်။ ကျောင်းခြံစည်းရိုးခတ်တဲ့၊ Multimedia အခန်းလုပ်တဲ့၊ လမ်းခင်းတဲ့အခါ ညနေဘက် ကျွန်တော်သွားကြည့်ရင် မြို့ရဲ့အခက်အခဲကို လာပြောလို့ရတယ်။ ကျွန်တော့်အောက်က တပည့်မကောင်းတာကိုလည်း လာပြော၊ ဘာပြဿနာဖြစ်နေလဲ လာပြော၊ ဘယ်နေရာမှာ ဘာလေးဖြစ်ချင်တယ် လာပြော။ ကျွန်တော့်ဒေသကို စီမံတာ ဒါနဲ့စီမံတာ။ အဓိကက သတင်းရဖို့လေ။ သတင်းရဖို့အတွက် ငါ့ကို သတင်းပေးကြဆိုရင် ဘယ်သူက ချက်ချင်းပေးမလဲ။

**Speaker ။ ။ ဗိုလ်မှူးတာဝန်ယူခဲ့တဲ့ အချိန်တုန်းက ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ ဗလီတွေ ဘယ်လောက်လောက်ရှိလဲ။ ဘယ်မှာ အများဆုံးလဲ။**

WM ။ ။ မမှတ်မိတော့ဘူး။ စာရင်းတော့ ရှိတယ်။ မောင်တောမှာ အများဆုံးပေါ့။ ၂၀၀၁ ခု နှစ်ကစပြီး ကျွန်တော် မရောက်တော့ဘူး။ တကယ်တော့ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်က ဗလီအချို့ကို ကျွန်တော့်လက်ထက်မှာ ဖျက်ခဲ့ဖူးတယ်။ ကျွန်တော်တို့ ဖျက်တာတော့မဟုတ်ဘူး။ သတင်းကို တည်ဆောက်ပေးတာ။ ဥပမာ - ဘင်္ဂါလီတွေက ဝါးတဲတစ်တဲရှေ့မှာ ဘုရားရှိခိုးဖို့ လုပ်တယ်။ ဝါးတဲကို ထရံမြင့်မြင့် ကာထားတယ်။ အထဲမှာ RCနဲ့ ချက်ချင်းဆောက်တယ်။ ရက်ပိုင်းအတွင်း ပြီးသွားတယ်။ ပြီးရင် ဝါးထရံကို ဖျက်ချလိုက်ရင် ဗလီဖြစ်နေရော။ ဒီလိုတွေ့ခဲ့ဖူးတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပြောပြီးတော့ ဖျက်ချခဲ့ရတာတွေလည်း ရှိတယ်။ ကျွန်တော်တို့က နေ့တိုင်း ထိတွေ့ရတဲ့ တပ်ဆိုတော့ ဘယ်ရွာမှာဘာဖြစ်နေလဲ

ကြည့်နေရတာ။ ဒီလိုတပ်တောင် လျှမ်းတယ်။ အခုနောက်ပိုင်း ထိတွေ့မှုမရှိတဲ့အခါ ရွာတိုင်းမှာ ဆောက်မှာပေါ့။ ဗလီဆိုတာက သာသနာ့မြေကျအောင် လျှောက်ပြီးတော့ သာသနာ့မြေခံယူပြီး ဆောက်ရတာမှမဟုတ်တာ။ သိမ်ဆောက်ချင်တယ်ဆိုလည်း အဆင့်ဆင့် အများကြီးတင်ရတာလေ။ ဒီတော့ ထိတွေ့မှု နည်းသွားရင် ဗလီတွေအများကြီး ဖြစ်လာနိုင်တာပဲ။

**Speaker ။ ။ ဒီပြဿနာကို ရေရှည်နည်းနဲ့ ဖြေရှင်းဖို့ ဘာအကြံပေးချင်သေးလဲ။**

WM ။ ။ တိုင်းရင်းသားတွေအတွက် လုံခြုံရေး အာမခံပေးဖို့လိုတယ်။ ဘာလို့ဆို ဘင်္ဂါလီက အင်အားတောင့်ပြီးသားမို့ ဘာမှ အာမခံပေးစရာမလိုဘူး။ ဒါပေမဲ့ ဒီမှာရှိတဲ့ ဘင်္ဂါလီတွေကို ပညာတတ်အောင်၊ မြန်မာစကားတတ်အောင် လုပ်ပေးရမယ်။

**Speaker ။ ။ ဒါဆို ဗိုလ်မှူး တာဝန်ထမ်းဆောင်တုန်းက ဘင်္ဂါလီအများစုဟာ မြန်မာကျောင်းတွေ မတက်ဘူးပေါ့။**

WM ။ ။ မြို့ပေါ်က ဘင်္ဂါလီတွေပဲ တက်တာ။ ရွာတွေမှာရှိတဲ့ ဘင်္ဂါလီတွေ မတက်ဘူး။ ကျောင်းမရှိတဲ့ ရွာတွေအများကြီးပဲ။ ပညာတတ်တဲ့ ဘင်္ဂါလီတွေက သား၊ သမီးကို ကျောင်းထားချင်တယ်။ ကျောင်းလည်းထားတယ်။ တချို့သော မော်လဝီဆရာတွေက ကျောင်းတက်တာကို လက်မခံဘူး။

**Speaker ။ ။ မော်လဝီဆရာတွေက ဒီက ပညာရေးစနစ်ကို လက်မခံတာလား။**

WM ။ ။ မဟုတ်ဘူး။ ကျောင်းထားတာကို လက်မခံတာ။ ပညာတတ်သွားရင် သူတို့ ဩဇာမညောင်းတော့ဘူး။ ဘင်္ဂါလီတွေကို မော်လဝီဆရာတွေက သူတို့ဩဇာနဲ့အုပ်ချုပ်တာ။ ဒါကြောင့် ကျွန်တော်ထင်တာတော့ တုတ်၊ ဓား၊ သေနတ်စတဲ့ ရှိတာယူပြီးလာတဲ့ ဘင်္ဂါလီတွေမှာ ခံယူချက်ရှိတယ်လို့ သွားမစဉ်းစားနဲ့ အများစုက အကြောက်တရားနဲ့ပဲ။ သူတို့အပေါ် ဩဇာလွှမ်းမိုးတဲ့ လူကိုကြောက်ပြီးတော့ထွက်လာတာ။

ရှိနေတဲ့ ဘင်္ဂါလီတွေကို ထိန်းချုပ်ချင်ရင်တော့ ထိတွေ့ရမှာပဲ။ ပြီးမှ ဆွဲ၊ တင်၊ စစ်လို့ ခေါ်တဲ့ လ. ဝ. က အလုပ်ကို မပြတ်လုပ်ရမယ်။ ဒါဟာ ဘင်္ဂါလီကို နှိပ်ကွပ်တာ မဟုတ်ဘူး။ ဒီလိုစည်းစနစ်နဲ့ထားတော့ ပြဿနာဖြစ်တာနဲ့ ချက်ချင်းသိတယ်။ ရွာထဲကို လူဝင်ရင်သိတယ်။ ရွာထဲက လူထွက်ရင် သိတယ်ဆိုတော့ လူတွေထွက်ပြေးသွားစရာလည်း မလိုဘူး၊ ဝင်လာစရာလည်း မလိုဘူးလေ။ ကျွန်တော်ထင်တာတော့ ဒီစနစ်ကို ပြန်လုပ်သင့်တယ်။ ဒီအတွက် အဖွဲ့တစ်ဖွဲ့ကို စနစ်တကျနဲ့

ဖွဲ့ထားရမယ်။ ကျွန်တော့်အနေနဲ့လည်း န. စ. ကကို ပြန်ထားသင့်ပါတယ်လို့ ပြောဖို့မသင့်ပါဘူး။ ထားဖို့မသင့်ဘူးထင်လို့ ဖျက်ထားတာ။ ဒါပေမဲ့ တကယ်တမ်းတော့ န. စ. က က ရှိသင့်တယ်။ ဒါနဲ့ ထိန်းချုပ်ထားတာ။ ဒီလူတွေက အန္တရာယ်ပေးနေတာမဟုတ်ဘူး။ န. စ. က က ဘဂီလီတွေကို မှတ်ပုံတင်တွေ ခိုးပြီးထုတ်ပေးနေလို့ ဖျက်လိုက်တယ်ဆိုရင်တော့ မဟုတ်သေးဘူး။ ဘဂီလီကို မှတ်ပုံတင် ခိုးထုတ်ပေးထားတာတွေ့ရင် မှတ်ပုံတင်ကိုင်ထားတဲ့လူကို စစ်၊ ပြီးရင် မှတ်ပုံတင်ထုတ်ပေးတဲ့လူကို အရေးယူ ဒါဆိုရှင်းနေတာပဲ။ ကျန်တဲ့လူ သူ့အလုပ်ဆက်လုပ်ပေါ့။ နမူနာ သုံးယောက်လောက်ပဲ အရေးယူပြရင် ဘယ်သူမှဆက်လုပ်မှာမဟုတ်ဘူး။ မကောင်းရင် မကောင်းတဲ့လူကို အရေးယူလိုက်ပေါ့။ မကောင်းတဲ့လူကို အရေးယူလိုက်ရင် ကောင်းတဲ့လူလည်း ပိုကြိုးစားသွားတယ်၊ မကောင်းချင်တဲ့လူလည်း ကောင်းသွားတာပဲ။ ကျွန်တော် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ တပ်မှူးလုပ်ခဲ့တုန်းကလည်း မကောင်းတဲ့လူတွေ ရှိတာပဲ။ ဒါပေမဲ့ ရဲဘော်တစ်ယောက် စည်းကမ်းဖောက်တာနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းတစ်ခုလုံး ဖျက်လိုက်စရာမလိုဘူး။ စည်းကမ်းဖောက်တဲ့လူကို အရေးယူပေါ့။ ကျွန်တော်မကောင်းရင် ကျွန်တော့်ကို အရေးယူပေါ့။ ဒီလို ဥပဒေရှိတယ်၊ စည်းကမ်းရှိတယ် အရေးယူလိုက်ရင် ပြီးသွားပြီပေါ့။ ဖျက်လိုက်တဲ့ အကျိုးဆက်ကို အခုခံနေရတာပေါ့။ သိပ်နှမြောစရာ ကောင်းတယ်။ တိုင်းရင်းသားတွေလည်း သေရ၊ ရဲတပ်ဖွဲ့ဝင်တွေလည်း သေရနဲ့ပေါ့။ ခုနပြောသလို ဘဂီလီရွာထဲကို ကျွန်တော်မေဂျာဘဝနဲ့ တစ်ယောက်တည်းသွားတာ သွားလို့ရတယ်။ ကျွန်တော်တို့အလုပ်က လူတွေကို ဒုက္ခပေးဖို့မဟုတ်ဘဲ သိချင်တာကိုသိအောင် ကြိုးစားပြီး နောင်ဘာဖြစ်မလဲ တွက်ဆတာပဲ။ ကျွန်တော်တို့ သတင်းယူတယ်ဆိုတာက ကြိုတင်သိအောင်လုပ်ရတာ။ ကြိုတင်သိအောင်မလုပ်ဘဲ ဓားနဲ့ထိုးတော့မှ "ဟာ ဘယ်သူထိုးတာလဲကွ" ဆိုရင် မထူးဘူး။ မထိုးခင် ဓားကိုင်နေကတည်းက ဘယ်သူ ဓားကိုင်နေလဲ ကြိုသိအောင် လုပ်နိုင်ရင် ဓားထိုးမှုနည်းသွားမှာပေါ့။ ◆

***Speaker သတင်းဂျာနယ်***

***အတွဲ(၁) အမှတ်(၄၂)***

***၂၀၁၇ စက်တင်ဘာ ၂၁ နေ့ထုတ်မှ***

“ သတင်းစုဆောင်းခြင်း၊ တည်ဆောက်ခြင်းမလုပ်ဘဲ
အသုံးပြုခြင်းကျမှ သတင်းတွေလိုက်လုပ်တဲ့အခါ
အခက်အခဲတွေဖြစ်ပြီး ဘာအောင်မြင်မှုမှ မရဘူး။
သတင်းလိမ်တွေ၊ သတင်းမှားတွေပဲရပြီး အလုပ်မဖြစ်တော့ဘူး။
အခု ဒီအလုပ်မဖြစ်တဲ့ စနစ်မျိုးနဲ့ တိုးတာပဲ။ သတင်းမှန်တွေ
မရခဲ့ဘူး။ သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ မတည်ဆောက်နိုင်ခဲ့ဘူး။
တာဝန်ရှိသူက သတင်းပေးကို တန်ဖိုးထားရမှန်း
မသိကြဘူး . . . ”

**ဗိုလ်မှူးဝင်းမောင်မောင်**
**စစ်တွေ ထောက်လှမ်းရေး(၁၀) တပ်မှူးဟောင်း**



# “ရခိုင်ကိစ္စက အဆုံးအဖြတ်ပေးရမယ့် သူတွေသိ သတင်းကို မှန်မှန်နဲ့ မြန်မြန် ရောက်သွားအောင် မစီစဉ်နိုင်ခဲ့ဘူး ...”

စစ်တွေ ထောက်လှမ်းရေး(၁၀) တပ်မှူးဟောင်း
ဗိုလ်မှူးဝင်းမောင်မောင် နှင့် တွေ့ဆုံခြင်း

တပ်မတော်အစိုးရလက်ထက် စစ်တွေထောက်လှမ်းရေး(၁၀)တွင် တပ်မှူးတာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်မှူးဟောင်း ဝင်းမောင်မောင်နှင့် ရခိုင်ပြည်နယ် အခြေအနေများ မေးမြန်းဖြစ်ခဲ့သည်။

တပ်မှူးဟောင်းသည် ယခုအခါ မောင်မောင်(ရန်ကုန်တက္ကသိုလ်) အမည်ဖြင့်လည်း စာရေးသားနေသူတစ်ဦးဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး လူကြီးခရီးစဉ် လုံခြုံရေးဆောင်ရွက်အပြီး ရခိုင်လေယာဉ်ပျက်ကျရာတွင် သက်စွန့်ကြိုးပမ်း ကယ်တင်ခဲ့သူ၊ ဆင်ဖြူတော် ရှာဖွေရေးနှင့် AA အဖွဲ့များ အလင်းဝင်ရောက်ရာတွင် တစ်ဖက်နိုင်ငံအတွင်းထိ သွားရောက်ခဲ့ပြီး ဘွဲ့ထူးဂုဏ်ထူးများစွာရရှိခဲ့သူ၏ အတွေ့အကြုံများသည် ယနေ့ရခိုင် ပြည်နယ်အတွင်းက ပဋိပက္ခဖြစ်စဉ်ကို တစ်ထောင့်တစ်နေရာမှ သုံးသပ်မိမည်ဟု ထင်မြင်ယူဆပါသည်။

Speaker မှ မေးမြန်းချက်အချို့ကို စိတ်ရှည်လက်ရှည် ဖြေကြားပေးသော ဗိုလ်မှူးဟောင်း ဝင်းမောင်မောင်၏ ဖြေကြားချက်များကို Speaker ပရိသတ်အတွက် ဖော်ပြပေးလိုက်ပါသည်။

**Speaker ။ ။ စစ်တွေမှာ ထောက်လှမ်းရေး တပ်မှူးတာဝန် ထမ်းဆောင်ခဲ့တာ ဘယ် အချိန်လောက်ကလဲ။**

WM ။ ။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တာက ၁၉၉၇ ခုနှစ်ကနေ ၂၀၀၃ လောက်အထိ တာဝန်ထမ်းဆောင်ခဲ့တယ်။ ရှစ်နှစ်လောက် တာဝန်ထမ်းဆောင်ခဲ့တယ်။

**Speaker ။ ။ အဲဒီကာလတုန်းက ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီဝင်ရောက်မှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

WM ။ ။ အဲဒီတုန်းက နယ်စပ်ဒေသ ကွပ်ကဲမှုဌာနချုပ်(န. စ. က)ရယ်၊ ထောက်လှမ်းရေး (၁၈)ရယ်၊ ထောက်လှမ်းရေး (၁၀) ရယ် ဆိုပြီးရှိတယ်။ ချင်းပြည်နယ်က ပလက်ဝ မြို့တစ်မြို့နဲ့ဆိုရင် ရခိုင်ပြည်နယ်မှာ မြို့ပေါင်း ၁၉ မြို့ရှိတယ်။ ဒီထဲက ၁၆ မြို့နယ်မှာ ကျွန်တော်တို့ ထောက်လှမ်းရေး (၁၀)က စစ်ဆင်ရေး၊ လုံခြုံရေး တာဝန်တွေယူရတယ်။ ထောက်လှမ်းရေး (၁၈)က အဓိကဖြစ်တဲ့ ဘူးသီးတောင်ရယ်၊ မောင်တောရယ်၊ ရသေ့တောင်ရယ်ကို တာဝန်ယူရတယ်။ ဒီသုံးမြို့နယ်က ကျွန်တော်တို့ ထောက်လှမ်းရေး(၁၀)ရဲ့ အပြင်စည်း သက်သက်ပဲဖြစ်ပြီးတော့ ကျွန်တော်တို့က စစ်တွေအပါအဝင် ကျန်တဲ့မြို့တွေနဲ့ပဲ ပတ်သက်တယ်။ ဒီတော့ န. စ. က နဲ့ ထောက်လှမ်းရေး(၁၈) ပူးပေါင်းတဲ့တာဝန်တွေကတော့ ကျွန်တော်တို့ ထောက်လှမ်းရေး(၁၀)နဲ့ သိပ်မပတ်သက်ဘူး။

**Speaker ။ ။ ဒါဆို အဲဒီတုန်းက စစ်တွေမှာရှိတဲ့ ရခိုင်လူမျိုး ဒေသခံတွေနဲ့ ဘင်္ဂါလီတွေရဲ့ အခြေအနေဘယ်လိုရှိလဲ။**

WM ။ ။ အဲဒီတုန်းက ပူးပေါင်းအဖွဲ့အနေနဲ့ သွားတဲ့၊ လာတဲ့ သတင်းတွေတော့ ရတယ်။ လူဦးရေ ပေါက်ကွဲနှုန်းက အဆမတန်များတယ်။ ဒါကြောင့် တပ်မတော် အစိုးရလက်ထက် ကျွန်တော်တို့ တာဝန်ယူနေချိန်မှာ မလိုလားအပ်တဲ့ ပေါက်ကွဲလာမှုတွေအတွက် ထိန်းချုပ်မှုတွေ ရှိတယ်။ ကျွန်တော်တို့ အိမ်တွေကို သွားကြည့်တဲ့အခါ အိမ်တစ်အိမ်တည်းမှာ မိသားစု ၄၈ ယောက်ရှိတဲ့အိမ် တွေ့ခဲ့ဖူးတယ်။

**Speaker ။ ။ ဒီလိုတွေ့တာ ဘယ်နှခုနှစ်လောက်လဲ။**

WM ။ ။ ၂၀၀၀ ပြည့်နှစ် ပတ်လည်လောက်မှာ ၄၈ ယောက် ဖြစ်နေပြီ။ လူဦးရေ ထိန်းချုပ်တဲ့စနစ်ကို သေသေချာချာလုပ်မယ်ဆိုပြီး အဲဒီတုန်းက ထိန်းချုပ်မှုတွေ စလုပ်ခဲ့တယ်။ ဥပမာ - အိမ်တစ်အိမ်မှာ ကလေးသုံးယောက်ထက် ပိုမမွေးရဘူး ဆိုတာမျိုး။ ဒါပေမဲ့ဒါက ကျွန်တော့် Subject မဟုတ်လို့ သိပ်အာရုံမစိုက်ချင်ဘူး။

လုံခြုံရေးပိုင်းဆိုင်ရာ ရှုထောင့်ကပဲ ကျွန်တော် ပြောပြမယ်။ န.စ.က ဆိုတာ ရဲပါတယ်၊ အကောက်ခွန်ပါတယ်၊ လူဝင်မှု ကြီးကြပ်ရေးပါတယ်။ ပူးပေါင်းအဖွဲ့က ကျတော့ သတင်းတပ်ဖွဲ့ပါတယ်၊ အထူးစုံစမ်းစစ်ဆေးရေးပါတယ်၊ ကကလှမ်း ပါတယ်။ ပြီးတော့မှ ဒီပူးပေါင်းအဖွဲ့ကို န.စ.က အကြီးအကဲတစ်ယောက်က အပေါ်ကနေ အုပ်ချုပ်တာ။ ဒီလိုအုပ်ချုပ်လို့ သတင်းပိုင်းဆိုင်ရာမှာ နိုင်နိုင်နင်း နင်းရှိတာ။ တစ်ဦးတည်း အမိန့်နဲ့လုပ်တဲ့အခါ ထိန်းချုပ်မှု ပိုကောင်းတယ်ဆိုတာ တော့အမှန်ပဲ။ လူအများကြီး ကွပ်ကဲမှုနဲ့ အုပ်ချုပ်တဲ့အခါ လစ်ဟင်းမှုတွေ များ နိုင်တယ်။ တစ်ဦးတည်း အမိန့်နဲ့အုပ်ချုပ်တဲ့အခါ ပူးပေါင်းသတင်းတွေက အဲဒီ တစ်ဦးတည်းဆီသွား၊ အဲဒီတစ်ဦးတည်းကနေ အထက်ကိုသွားတဲ့အခါ ပိုမြန်တယ်။ ဒါကိုတွေ့ရတယ်။ ဒါပေမဲ့ ကျွန်တော့် Subject မဟုတ်လို့ အကျယ်တဝင့် မ ပြောချင်ဘူး။

**Speaker ။ ။ တာဝန်ယူထားတဲ့အချိန်မှာ ရခိုင်တို့၊ ဘင်္ဂါလီတို့ ကိစ္စတွေရဲ့ သတင်းတွေကို ဘယ်လိုတည်ဆောက်လဲ။**

WM ။ ။ သတင်းဆိုတာက လိုချင်တဲ့အချိန်မှ ငါ့ကို သတင်းပေးပါလို့ပြောရင် ခိုင်မာတဲ့ သတင်းဘယ်တော့မှမရဘူး။ နိုင်ငံတကာမှာပဲ ဖြစ်ဖြစ်၊ နယ်စပ်ဒေသမှာပဲ ဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် သတင်းရမှအလုပ်လုပ်လို့ရမှာ။ သတင်းတည် ဆောက်တဲ့အခါ International က လက်ခံထားတဲ့ Process နည်းစနစ်သုံး ခုရှိတယ်။ ပထမ စုဆောင်းရမယ်၊ ဒုတိယတည်ဆောက်ရမယ်၊ နောက်ဆုံး အသုံးပြုရမယ်။ နိုင်ငံတကာ ထောက်လှမ်းရေးနယ်ပယ်မှာလည်း ဒီအတိုင်း သုံးနေတာပါပဲ။ သတင်းစုဆောင်းခြင်း၊ တည်ဆောက်ခြင်းမလုပ်ဘဲ အသုံးပြုခြင်း ကျမှ သတင်းတွေလိုက်လုပ်တဲ့အခါ အခက်အခဲတွေဖြစ်ပြီး ဘာအောင်မြင်မှုမှ မရဘူး။ သတင်းလိမ်တွေ၊ သတင်းမှားတွေပဲ ရပြီး အလုပ်မဖြစ်တော့ဘူး။ အခု ဒီအလုပ်မဖြစ်တဲ့ စနစ်မျိုးနဲ့ တိုးတာပဲ။ သတင်းမှန်တွေ မရခဲ့ဘူး။ သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ မတည်ဆောက်နိုင်ခဲ့ဘူး။ တာဝန်ရှိသူက သတင်းပေးကို တန်ဖိုးထားရမှန်း မသိကြဘူး။ ဒါကြောင့် လုံခြုံရေးကျိုးပေါက်ခဲ့တယ်လို့ ကျွန် တော်တို့ သုံးသပ်တယ်။

**Speaker ။ ။ ရခိုင်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မှာ လုံခြုံရေးကျိုးပေါက်တာ ဘာကြောင့်လို့ထင်လဲ။**

WM ။ ။ ခုနကပြောသလို သတင်းကို တည်ဆောက်ရမယ့်အဖွဲ့တွေက သတင်းကို

စိတ်မဝင်စားဘူး။ သတင်းကို စိတ်ဝင်တစားနဲ့ တာဝန်ရှိတဲ့ အဖွဲ့အစည်းက တင်လိုက်တာကို အဆုံးအဖြတ်ပေးရမယ့်လူက စိတ်မဝင်စားဘူး။ နောက်ပြီး တစုတစည်းတည်း စုစည်းထားတဲ့ သတင်းတွေတက်မလာဘူး။ အရင်က ပူးပေါင်းအဖွဲ့က သတင်းအတော်ခိုင်မာပြီဆိုမှ အခိုင်မာဆုံးသတင်းက တစ်ခုတည်းသော သတင်းအနေနဲ့ အထက်ကို တက်သွားတာ။ ဒါကလည်း အချိန်ပိုင်းအတွင်း အခုရ အခုပြောပြီး အထက်ကို မြန်မြန်ဆန်ဆန်တက်သွားတာ။ အကြာကြီးတည်ဆောက်တာမဟုတ်ဘူး။ ဒီလိုစုစည်းတဲ့သတင်းတွေ အများကြီးတည်ဆောက်ထားတဲ့အခါ သတင်းကွန်ရက်က ခိုင်မာနေပြီး အထက်က ဘာပဲလိုချင်လိုချင် ဒီသတင်းကို တင်ပေးလိုက်ရုံပဲဆိုတဲ့ စနစ်ပေါ့။ အခု ဒီကွန်ရက်ကြီး ပျက်နေတယ်။ လိုတဲ့အခါကျမှ မင်းတို့ဘက်က ဘာထူးသေးလဲလို့ ကောက်မေးရင် သတင်းတည်ဆောက်ရတဲ့သူကလည်း ပါးစပ်ထဲမှာရှိတာပဲ ပြောမှာပေါ့။ ဒီတော့ သတင်းပေး မမွေးနိုင်တဲ့အခက်အခဲလို့ သုံးသပ်တယ်။ ၂၀၀၄ ခုနှစ်လောက်ကစပြီး အခုအချိန်အထိ ၁၃ နှစ်တိတိလောက် သတင်းကွန်ရက်ရဲ့ အပြင်ဘက်က သတင်းတွေပဲ ရနေတယ်။ ဒါကြောင့် သတင်းကွန်ရက်တွေကို ပြန်လည်တည်ဆောက်ဖို့ လိုတယ်။ သတင်းကွန်ရက်မရှိလို့ သတင်းမှန်တွေ မရလို့လို့ ထင်တယ်။ နည်းမျိုးစုံနဲ့ အုတ်ရောရော ကျောက်ရောရော သတင်းတွေကတော့ ရနေတာပေါ့။ သို့သော်လည်း ခိုင်လည်းခိုင်မာတဲ့၊ သတင်းပေးစနစ်ကလည်း ကောင်းမွန်တဲ့၊ သတင်းအဆင့်အတန်းကလည်း ထိပ်ဆုံးမှာရှိတဲ့၊ တကယ့်ကို မှန်ကန်တဲ့ စံပြုလောက်တဲ့ သတင်းအဆင့်အတန်း (က - ၁)လို သတင်းမျိုးရဖို့တော့ သတင်းကွန်ရက်ကို ပြန်တည်ဆောက်ဖို့လိုမယ်လို့ ထင်တယ်။ သတင်းကွန်ရက်မရှိလို့ တချို့ဟာတွေ ဆုံးရှုံးခဲ့ရတာ။

**Speaker ။ ။ ဆရာတို့ တာဝန်ယူနေချိန်မှာ နယ်စပ်ဝင်ပေါက်တွေကို သေသေချာချာ စစ်ဆေးတယ်။ ဒါပေမဲ့ အခုဆယ်နှစ်ကျော် ကြာလာချိန်မှာ အဲဒီ စစ်အစိုးရခေတ်က တာဝန်ယူခဲ့တဲ့ အစိုးရဝန်ထမ်းတွေ၊ လ. ဝ. ကတွေကို ပိုက်ဆံပေးရင် ဘင်္ဂါလီတွေကို နိုင်ငံသားကတ် ထုတ်ပေးတယ်ဆိုပြီး လူမှုကွန်ရက်မှာ ပြန်စွပ်စွဲမှုတွေရှိတယ်။ ဒါတွေက ဘယ်လောက်ခိုင်မာလဲ။**

WM ။ ။ အဲဒါက ကျွန်တော့် Subject မဟုတ်ဘူးလို့ဘဲ ပြောပါရစေ။ ခုနက ပူးပေါင်း အဖွဲ့ န. စ. က အဖွဲ့ကပဲ လုပ်တယ်ဆိုတော့ တစ်ဆင့်ကြားလောက်ပဲရှိမယ်။ ဒီဟာကို ထဲထဲဝင်ဝင် ကွပ်ကဲခဲ့တာ မဟုတ်ဘူး။

**Speaker ။ ။ မောင်တောဒေသမှာ အခုဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ပတ်သက်ပြီး**

**အစိုးရကို ဘယ်လို အကြံပေးချင်လဲ။**

WM ။ ။ မောင်တောဒေသကို လုံခြုံရေးနဲ့ ပတ်သက်၍သော်လည်းကောင်း၊ ကွပ်ကဲမှုပေးချင်၍သော်လည်းကောင်း၊ မောင်တောဒေသနဲ့ ပတ်သက်ပြီး တစ်ခုခု ဆုံးဖြတ်ချက်ချမယ့် သူတွေအတွက် ပထမ အရေးအကြီးဆုံးအချက်က မောင်တောဒေသကို ရောက်ဖူးရမယ်။ မောင်တောကို မရောက်ဖူးဘဲနဲ့ အစည်းအဝေးခန်းထဲကနေ ဆုံးဖြတ်ချက်တွေ ချနေတာမျိုးဆိုရင် သိပ်သဘာဝမကျဘူး။ တစ်ခေါက်လောက် ရောက်ဖူးတဲ့သူနဲ့ ဆယ်ခေါက်လောက် ရောက်ဖူးတဲ့သူကလည်း မတူပြန်ဘူး။ ဆယ်ခေါက်လောက် ရောက်ဖူးတဲ့သူရဲ့ အတွေ့အကြုံကို လိုချင်ရင်တော့ သင့်တင့်လျောက်ပတ်တဲ့ ချဉ်းကပ်မှုမျိုးတွေ ရှိရမှာပေါ့။ နိုင်ငံတော်အရေးဆိုတော့ ဒီဘက်က ဘာပြောပြော ငါတို့ကတော့ ဘူးခံမယ်၊ မလုပ်ဘူးဆိုတဲ့ အစွန်းရောက်အတွေးအခေါ်တွေရဲ့ ရိုက်ခတ်မှုတွေ ရှိနေတယ်။ ဒီရိုက်ခတ်မှုက ရခိုင်တိုင်းရင်းသားတွေကိုပဲ နစ်နာစေတယ်။ ဒီဒဏ်ကို ရခိုင်တိုင်းရင်းသားတွေပဲ ခံရတယ်လို့ မြင်တယ်။ ဆုံးဖြတ်ပေးရမယ့်သူတွေဆီ သတင်းမှန်မှန်ကန်ကန် ရောက်သွားအောင် မစီစဉ်နိုင်ခဲ့ဘူး။ ရောက်သွားတဲ့ အချိန်မှာလည်း တစ်ခါမှ မရောက်ဖူးတဲ့လူတွေက ဆုံးဖြတ်တယ်။ အဲဒီအမှားလို့ ထင်တယ်။ သတင်းကို မစုဆောင်းနိုင်ဘူး။ ပြောတာကို မယုံဘူး။ ဒါပေမဲ့ ကိုယ်တိုင်လည်း ကွင်းဆင်းမကြည့်ဘူး။ ဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့လူမျိုးတွေပဲ အများကြီး ဒုက္ခရောက်တယ်။

**Speaker ။ ။ သတင်းအချို့မှာ ရခိုင်နဲ့အဆင်ပြေတဲ့၊ ပူးပေါင်းနေထိုင်ချင်တဲ့ ဘင်္ဂါလီ မိသားစုတွေ ရှိတယ်လို့ တက်လာတယ်။ အဲဒါဟာ တကယ်လား။**

WM ။ ။ အဲဒါက အမှန်ပါပဲ။ တကယ်တမ်း ဒီဒေသမှာ ဘင်္ဂါလီရှိတာ မှန်တယ်။ ရိုဟင်ဂျာကတော့ မရှိဘူး။ ဒါကို တပ်မတော်ပဲ ရဲရဲဝံ့ဝံ့ ပြောဖူးတယ်။ တပ်/ချုပ်ကြီး ပြောဖူးတယ်။ နှစ်ပေါင်းများစွာကတည်းက ဟိုဘက်ကနေ နည်းမျိုးစုံနဲ့ ဝင်လာတဲ့သူတွေက တစ်သမတ်တည်း နေထိုင်ရင်း လက်ရည်တစ်ပြင်တည်းရှိတဲ့၊ ဒေသခံတွေလို ဖြစ်နေတဲ့ လူတန်းစားက သက်သက်ရှိတယ်။ ဘူးသီးတောင်မှာလည်း ရှိတယ်။ မောင်တောမှာလည်း ရှိတယ်။ အခုပြဿနာဖြစ်တဲ့အခါ သူတို့တွေက ရခိုင်အိမ်တွေကို လိုက်သတိပေးတယ်။ ပြီးတော့ ထောင့်လေးထောင့်လုံးမှာ လက်လုပ်ဗုံးတွေ ထောင်သွားကြပြီး အပြင်ထွက်ရင် သတိထားပါဆိုတဲ့စာကို တတ်နိုင်တဲ့နည်းနဲ့ ရေးပြီးမှ သူတို့အိမ်တွေကို စွန့်သွားကြတယ်။ ဆိုလိုချင်တာက ဒိုးတူပေါင်ဖက် ငါတို့နဲ့ကပ်နေတဲ့ ရခိုင်ကိုတော့ ဒုက္ခမပေးချင်ဘူးဆိုတဲ့စိတ် သူတို့ တချို့

ရချိန်မှာ ဟိုကရခိုင်တွေ သွေးချောင်းစီးနေပြီ။ တာဝန်ရှိတဲ့ အဖွဲ့အစည်းက ပယ်ချနေလို့ နောက်ဆုံးမှာ နောက်ထပ်အဖွဲ့အစည်းတစ်ခုက မတတ်သာတော့မှ အကြမ်းဖက်လို့ ကြေညာလိုက်ရတယ်။ ဒီလိုကြေညာလိုက်တဲ့အချိန်မှာ မြို့တွေ၊ ဒိုင်းနက်တွေ၊ ရခိုင်တွေ အများကြီး အသတ်ခံခဲ့ရပြီးဖြစ်လို့ ဒီဆုံးဖြတ်ချက်က နောက်ကျသွားပြီ။ ဆုံးဖြတ်ချက်တွေ နောက်မကျမှ ဒီဒေသကို ကာကွယ်နိုင်မယ်။ ဒါကြောင့် မှန်ကန်တဲ့သတင်းကို တည်ဆောက်ရမယ်။ စုစည်းပြီး အဖွဲ့လိုက်လုပ်တဲ့ ညီညွတ်မှုလည်း လိုပါတယ်။ ယုံကြည်မှုက အဓိကပါ။

**Speaker ။ ။ ဘာများ ဖြည့်စွက်ပြောချင်ပါလဲ။**

WM ။ ။ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက်မှာ စခန်းကြီး သုံးခုကို ဝင်တိုက်တယ်။ ကိုးလ၊ ဆယ်လလောက်ပဲ ရှိသေးတယ်။ ၂၀၁၇ မှာ နောက်တစ်ကြိမ်တိုက်တယ်။ ဒီ နှစ်ကြိမ်စလုံး အတွင်းစည်းမှာ လုံလောက်တဲ့ သတင်းခိုင်မာမှုမရလို့ လုံခြုံရေး ကျိုးပေါက်သွားတာ။ ဒုတိယ အခေါက်မှာ တပ်မတော်က စခန်းတွေကိုတောင် ရန်ရှာလာတယ်။ ဒါကြောင့် လွှတ်တော်လမ်းကြောင်းကနေ တင်ပြတဲ့အခါ အကြမ်းဖက်မဟုတ်ဘူးဆိုပြီး ပယ်ချခံရလို့ ရခိုင်လူထုက အယုံအကြည် တော်တော်နည်းသွားပြီ။ ဒါပေမဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမြော်အမြင်ကြီးကြီးနဲ့ တပ်တွေကို ဆွဲသွင်းလိုက်ချိန် နောက်ရက်မှာ အတိုက်ခံရတဲ့အတွက် တိုင်းရင်းသားတွေရဲ့အသက်ကို တပ်မတော်က ကယ်တင်လိုက်တာ။ အချိန် စောသွားလို့၊ တကယ်လို့များ နောက်ကျခဲ့ရင် စစ်တွေအထိ ခြိမ်းခြောက်မယ့်သဘောပဲ။ မောင်တောကိုလည်း မြို့သိမ်းတိုက်ပွဲအနေနဲ့ ရည်ရွယ်ခဲ့တာပဲ။ ဒီနေ့ (စက်တင်ဘာလ ၁၀ ရက်) ကျပ်သိန်းပေါင်း သုံးသောင်းခွဲ လောက်ရတဲ့ အလှူမှာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ကျွန်တော်တို့ကို ၁၉၄၂ ခုနှစ်က တစ်ခါ၊ ၂၀၁၂ ခုနှစ်က တစ်ခါ၊ အခုတစ်ခါ တပ်မတော်ကပဲ ကယ်တင်ခဲ့တယ်။ တပ်မတော်ပေးတဲ့ အသက်ပဲရှိတော့တယ်။ ဆက်ပြီး တပ်မတော်ကပဲ စောင့်ရှောက်ပါလို့ပြောတယ်။ ဒါကြောင့် ယုံကြည်မှုကို တည်ဆောက်ပါ။ လက်ဆွဲနှုတ်ဆက်ပြီး အတူယှဉ်တွဲလုပ်ပါ။ ဒါဆိုရင် အောင်မြင်လိမ့်မယ်။ အခုတော့ ဘာတင်တင်မဟုတ်ဘူးဆိုပြီး ပယ်ချတာဆို တိုင်းရင်းသားတွေ နစ်နာတယ်။ လွှတ်တော်က ဘာဆုံးဖြတ်ချက်မှမရဘဲ ညကျမှတပ်ချုပ်ကြီးရဲ့ အမျိုးဘာသာ သာသနာအပေါ် တာဝန်ယူစောင့်ရှောက်ပေးမှုကို ထုတ်ဖော်ပြောပြတယ်။ အတိုင်ပင်ခံရုံးက အကြမ်းဖက်ကြေညာချက်ထုတ်ပြန်တော့ ကျွန်တော်တို့

သတင်းခြေတစ်လှမ်း နောက်ကျသွားပြီ။ ဒီမိုကရေစီ အစိုးရဆိုတော့ အကြမ်းဖက်လို့ မကြေညာရင် တပ်က လုပ်ရကိုင်ရတာ အခက်အခဲတွေ အများကြီးရှိတယ်။ ရွာထဲကို ဝင်ရှင်းလို့မရဘူး၊ ကျည်အစစ် မသုံးရဘဲ ရော်ဘာကျည်ပဲ သုံးခွင့်ရှိတယ်။ တပ်တွေ နယ်စပ်စခန်းက ဘယ်လောက်အကွာက သွားလို့မရဘူးဆိုတဲ့ ကန့်သတ်ချက်တွေရှိတယ်။ ဒါကိုနင်းပြီး မလုပ်ရဲပါဘူးဆိုပြီး လုပ်တာ။ ရဲရော၊ တပ်ရော မြင်ပေမယ့် ပစ်မိန့်ပေးလို့မရဘူး။ ဒီလို ကြေညာဖို့ တွန့်ဆုတ်နေရင် နောက်တစ်ခါ မြို့ပါသွားမှာပဲ။ အင်မတန်စိုးရိမ်ဖို့ ကောင်းတယ်။ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမယ်။ တိုင်းရင်းသားတွေနဲ့လက်တွဲပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ရမယ်။

**Speaker ။ ။ ဒါဆို ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒီသုံးမြို့နယ်မှာ အကြမ်းဖက်မှုတွေ လုပ်မယ်ဆိုတာကို သတင်းတွေကြိုရခဲ့တယ်လို့ ပြောချင်တာလား။**

WM ။ ။ ဟုတ်တယ်။ ကြိုရခဲ့တယ်။

**Speaker ။ ။ ဘယ်လို သတင်းတွေကို ကြိုရခဲ့တာလဲ။**

WM ။ ။ အဲဒါက အများကြီး နက်နဲသွားမယ်။ နယ်မြေမှာရှိနေတဲ့ န. ခ. ခ လို့ခေါ်တဲ့ နယ်ခြားစောင့်တပ်တွေရှိတယ်။ နောက်တပ်မတော် တိုင်းစစ်ဌာနချုပ်က တပ်တွေရှိတယ်။ နောက်တစ်ခုက ပုံမှန်သွားနေတဲ့ ရဲသတင်းတပ်ဖွဲ့တို့၊ ဘာတို့လည်း ရှိနေတာပေါ့။ နည်းမျိုးစုံနဲ့ သတင်းကတော့ သူ့ဘာသာသူ Rotate တော့သွားနေတာပေါ့။ ဒါပေမဲ့ သတင်းဆိုတာ မှန်တာလည်း ဖြစ်တယ်။ မှားတာလည်းဖြစ်တယ်။ ယုံကြည်ရတာလည်း ရှိတယ်။ မယုံကြည်ရတာလည်းရှိတယ်။ ဘယ်လိုဟာဖြစ်ဖြစ် သတင်းပဲ။ အဲဒီသတင်းတွေကို ခုနကပြောသလို စု၊ တည်၊ သုံး မလုပ်ခဲ့တဲ့အခါမှာ မှန်ကန်တဲ့သတင်းမရတော့ဘူး။ စုဆောင်းထားတယ်။ မတည်ဆောက်နိုင်ဘူး။ အသုံးပြုတဲ့အချိန်ကျမှ ဒီသတင်းတွေကို စုပြီးလုပ်တော့ မှန်ကန်တဲ့ သတင်းမရတဲ့အခါမှာ အားနည်းချက်တွေရှိတယ်။ ခုနကပြောသလို အစိုးရနဲ့ တပ်မတော်နဲ့ သက်ဆိုင်ရာနယ်မြေခံနဲ့ ပူးပေါင်းဆောင်ရွက်မှု တစ်သားတည်း မကျတဲ့အခါမှာ ဆုံးရှုံးမှုထပ်ဖြစ်တယ်။ ဒါပဲ။ ပူးပေါင်းဆောင်ရွက်မှု မလုပ်နိုင်ခဲ့။ တာဝန်ရှိတဲ့ အစိုးရအဖွဲ့က စိတ်ဝင်စားမှု နည်းခဲ့တာပဲ။ ♦

*Speaker သတင်းဂျာနယ်*

*အတွဲ(၁)၊ အမှတ်(၄၁) / ၂၀၁၇ စက်တင်ဘာ ၁၄ နေ့ထုတ်မှ*